# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ခိုင်မာမြဲမြံစွာ ရပ်တည်နိုင်**

လောကဓံတရားများနှင့် တွေ့ကြုံရသော ရဟန္တာအရှင်မြတ်တို့သည် အမျက်ထွက်ခြင်းမရှိ။ သည်းခံ၏။ မြေကြီးကဲ့သို့ လည်းကောင်း၊ တံတိုင်းကြီးကဲ့သို့ လည်းကောင်း၊ ခိုင်မာမြဲမြံစွာ ရပ်တည်နိုင်၏။ အရှင်သာရိပုတ္တရာ၏ အမျက်မထွက်၊ သည်းခံခြင်းနှင့် ပြည့်စုံသောစိတ်ကို ရှိခိုးကော်ရော် ပူဇော်ကန်တော့ရာ၏။

**အရဟန္တဝဂ်(ဓမ္မပဒ - ၉၅)**


၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက် | ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ | အတွဲ (၅၆)၊ အမှတ် (၀၉၆)






## သံသယနှင့်ပဋိပက္ခများကင်းစင်ပြီး ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရန် တိုင်းရင်းသား ညီအစ်ကိုမောင်နှမအားလုံး နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ၂၀၁၇ ခုနှစ်၊ (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ -**

**ချစ်ကြည်လေးစားအပ်ပါသော တိုင်းရင်းသားညီအစ်ကို မောင်နှမ ပြည်ထောင်စုသားအပေါင်းတို့ခင်ဗျား-**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ဖြစ်သော ဤနေ့ထူးနေ့မြတ် အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမ ပြည်ထောင်စုသားအားလုံး ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

တိုင်းရင်းသားညီအစ်ကို မောင်နှမများ သွေးစည်းချစ်ကြည်စွာ စုပေါင်းနေထိုင်ကြသော သမိုင်းကြောင်းအစဉ်အလာကောင်းများရှိသည့် ကျွန်ုပ်တို့မြန်မာနိုင်ငံတော်သည် ရှေးပဝေသဏီကပင် ကိုယ့်ထီးကိုယ့်နန်းဖြင့် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ ရပ်တည်ခဲ့သောနိုင်ငံဖြစ်သည်။ ကမ္ဘာတစ်ဝန်း ကိုလိုနီစနစ် လွှမ်းမိုးလာသည့် ၁၉ ရာစုနှောင်းပိုင်းကာလတွင် မြန်မာနိုင်ငံသည်လည်း ကိုလိုနီနိုင်ငံဘဝသို့ သက်ဆင်းကျရောက်ခဲ့ရသည်။ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးဆုံးရှုံးနေချိန်တွင် မျိုးချစ်စိတ်ထက်သန်သော ပြည်ထောင်စုဖွားတိုင်းရင်းသားအပေါင်းတို့သည် ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်၊ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးအတွက် စွန့်လွှတ်စွန့်စားလိုသော အမျိုးသားရေးစိတ်ဓာတ်တို့ဖြင့် နယ်ချဲ့တို့ကို စုစည်းညီညွတ်စွာတွန်းလှန်ခဲ့ကြရာ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင်

**စာမျက်နှာ ၃ ကော်လံ ၁ ●**

**(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုပါ၏။**

မြန်မာ့အလင်း

# (၆၉)ကြိမ်မြောက် လွတ်လပ်ရေးနေ့၏ နိုင်ငံရေးသန္နိဋ္ဌာန်

တိုင်းပြည်၏ လွတ်လပ်ရေးအတွက် လုံလောက်သောနိုင်ငံရေးအင်အား၊ စစ်ရေးအင်အားတို့ကို ပြင်ဆင်၍ နယ်ချဲ့ဗြိတိသျှတို့နှင့် ညှိနှိုင်းဆွေးနွေးသောအခါ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော အမျိုးသားခေါင်းဆောင်ကြီးများသည် အချုပ်အခြာအာဏာကို ပီပီသသ ကျင့်သုံးနိုင်ရေးကိုမျှော်မှန်းလျက် တိုင်းရင်းသားလူမျိုးစုဒေသများပါ တစ်ပါတည်းလက်တွဲညီညီပါဝင်ရေးကို ဦးတည်ဆောင်ရွက်ခဲ့ပါသည်။ သမိုင်းကတောင်းဆိုနေသော ဤအမျိုးသားရေးတာဝန်သည် လွယ်ကူသောကိစ္စရပ်မဟုတ်သည်မှာ ပေါ်လွင်ထင်ရှားပြီးဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များအပါအဝင် အမျိုးသားခေါင်းဆောင်ကြီးများသည် နိုင်ငံရေးအမြော်အမြင်နှင့် စည်းရုံးရေးစွမ်းပကားတို့ကို ညီညီညွတ်ညွတ်အသုံးချလျက် ပြည်ထောင်စုနိုင်ငံတော်၏ လွတ်လပ်ရေးကို ဆုပ်ကိုင်အရယူခဲ့ကြပါသည်။

သို့သော် အမျိုးသားခေါင်းဆောင်ကြီးများ ကျဆုံးသွားသည်နှင့်အတူ နိုင်ငံရေးဝိဝါဒကွဲလွဲမှုကြောင့် ပြည်တွင်းစစ်မီးတောက်လောင်ခဲ့ရသည်။ အဆိုပါ ပြည်တွင်းစစ်မီးသည် တိုင်းရင်းသားလူမျိုးအရေးကိစ္စအထိပါ ကူးစက်ကျယ်ပြန့်ခဲ့ရပါသည်။ ပြည်တွင်းစစ်မီး တောက်လောင်ခဲ့သည့်ကာလကို ပြန်လည်ရေတွက်ကြည့်ပါက တိုင်းပြည်၏ လွတ်လပ်ရေးသက်တမ်းနှင့်အတူ (၆၉)နှစ်ရှိနေပြီဖြစ်ပါသည်။ ဖြတ်သန်းခဲ့သောအတိတ်သမိုင်းကြောင်းကို ပြန်လည်သုံးသပ်ကြည့်ပါက ပြည်တွင်းစစ်ကြောင့် တိုင်းပြည်၏အချုပ်အခြာအာဏာကို အမျိုးသားခေါင်းဆောင်ကြီးများ မျှော်မှန်းသကဲ့သို့ ပီပီသသကျင့်သုံးနိုင်ခဲ့ခြင်းမရှိသည်ကို တွေ့မြင်ရမည်ဖြစ်ပါသည်။ ဤအတိတ်သမိုင်းအမှားကို ပြုပြင်နိုင်ရေးအတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က တပ်မတော်အပါအဝင် တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်များနှင့် လက်တွဲလျက် (၂၁) ရာစု ပင်လုံညီလာခံကို ကျင်းပနေခြင်းဖြစ်ပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်ကြိုးပမ်းလျက်ရှိသော ဤအမျိုးသားရေးကြိုးပမ်းမှုကို ပြောင်းလဲနေသော ကမ္ဘာ့နိုင်ငံရေးနှင့် မြန်မာနိုင်ငံ၏ ပထဝီဝင်အနေအထားတို့ကို ဆက်စပ်ထင်ဟပ်လျက် သုံးသပ်ကြည့်ရန် လိုအပ်ပါသည်။ အာဆီယံစီးပွားရေးရိပ်မြုံ (ASEAN Economic Community-AEC) နှင့် ပိုးလမ်းမစီမံကိန်းကဲ့သို့သော ဒေသတွင်းစီးပွားရေးပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များတွင် မြန်မာနိုင်ငံသည် အချက်အချာနေရာ၌ရှိနေ၍ စိန်ခေါ်မှုများနှင့်အတူ အခွင့်အလမ်းကောင်းများကို ဆုပ်ကိုင်နိုင်သည့်အနေအထားတွင် တည်ရှိနေပါသည်။ စိန်ခေါ်မှုတို့ကို အမိအရ ကျော်လွှားလျက် အခွင့်အလမ်းကောင်းတို့ကို အပြည့်အဝဆုပ်ကိုင်နိုင်ရေးအတွက် ပြည်တွင်းစစ်မီးငြိမ်းသတ်ရန် လိုအပ်သည်မှာ အထူးတလည်ရည်ညွှန်းပြောဆိုရန်မလိုအပ်သောကိစ္စရပ်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်ကြိုးပမ်းနေသော(၂၁) ရာစု ပင်လုံညီလာခံအောင်မြင်ရေးကို (၆၉)ကြိမ်မြောက် လွတ်လပ်ရေးနေ့၏ နိုင်ငံရေးသန္နိဋ္ဌာန်အဖြစ် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက နှလုံးသား၌ စွဲမှတ်အကောင်အထည်ဖော်ကြပါရန် လေးစားစွာ တိုက်တွန်းနှိုးဆော်အပ်ပါသည်။

# ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်

**နေပြည်တော် ဇန်နဝါရီ ၃**

လူမှုကွန်ရက် စာမျက်နှာတစ်ခုမှ လွှင့်တင်ခဲ့သော ဗီဒီယိုဖိုင်တွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်အချို့က ကျေးရွာသားအချို့အား ရိုက်နှက်ခဲ့သည့်ဖြစ်စဉ်နှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးရေးခုံရုံးဖွဲ့စည်း၍ စစ်ဆေးတွေ့ရှိမှုကို ပြည်ထဲရေးဝန်ကြီးဌာနက ယနေ့ ရက်စွဲဖြင့် သတင်းထုတ်ပြန်ထားကြောင်း သိရှိရသည်။

ယင်းထုတ်ပြန်ချက်၌ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာ ၃၁ ရက် ညနေပိုင်းတွင် လူမှုကွန်ရက်စာမျက်နှာတစ်ခုမှ လွှင့်တင်ခဲ့သော ဗီဒီယိုဖိုင်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်အချို့ကကျေးရွာသားအချို့အား ရိုက်နှက်ခဲ့သည့် ဖြစ်စဉ်နှင့်ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာနမှ စုံစမ်းစစ်ဆေးရေးခုံရုံးဖွဲ့စည်း၍ စစ်ဆေးခဲ့ကြောင်း၊ စစ်ဆေးချက်အရ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာ ၃ ရက် ညနေ ၅ နာရီ မိနစ် ၅၀ တွင် အကြမ်းဖက်တိုက်ခိုက်သူ (၆) ဦးသည် မောင်တော အလယ်သံကျော်လမ်းအတိုင်း ဆိုင်ကယ် (၃) စီးဖြင့် မောင်တော မြို့နယ် နိုရှုလာရဲကင်းစခန်း ဝင်ပေါက်အနီး ရပ်တန့်ကာ ဆိုင်ကယ်ပေါ်မှ လက်နက်ငယ်ဖြင့် ပစ်ခတ်သောကြောင့် ကင်းတာဝန်ကျ ရဲဒုတပ်ကြပ် မင်းမင်းစိုးတွင် သေနတ်ထိမှန်ဒဏ်ရာဖြင့် ကျဆုံးခဲ့ပြီး ရဲတပ်ကြပ် မျိုးဇော်ကိုတွင် ညာလက်မောင်း/ဝဲဘက်ဝမ်းဗိုက်အောက် ရှပ်ထိဒဏ်ရာရရှိခဲ့ကြောင်း၊ အဆိုပါတိုက်ခိုက်မှုမှ အကြမ်းဖက်တိုက်ခိုက်သူများသည် ကိုးတန်ကောက် ကျေးရွာဘက်သို့ ရှောင်တိမ်းသွားသည်ဟု နယ်မြေသတင်းရရှိသဖြင့် ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာ ၅ ရက်တွင် ကိုးတန်ကောက်ကျေးရွာကို ရဲတပ်ဖွဲ့အင်အားဖြင့် အကြမ်းဖက်တိုက်ခိုက်သူများအား ဝင်ရောက်ရှင်းလင်းခဲ့ခြင်းဖြစ်ကြောင်း၊ ဝင်ရောက်ရှင်းလင်းရာတွင်လည်း ပထမဦးစွာ ကျေးရွာလူထုကိုကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ဘာသာရေးခေါင်းဆောင်များမှ အသံချဲ့စက်ဖြင့် ကြိုတင်ကြေညာ၍ ရွာ၏ မြေကွက်လပ်နေရာတွင် စုဝေးကြပါရန် ဆော်သြခဲ့သော်လည်း အများစုကလာရောက် စုစည်းကြပြီး အချို့ကထွက်ပြေးသဖြင့်လည်းကောင်း၊ အချို့မှာလည်းအိမ်တွင်း အလုံပိတ်ခန်းများတွင် ပုန်းအောင်းနေသည့်အတွက်ကြောင့်လည်းကောင်း ရဲတပ်ဖွဲ့ဝင်များမှ လိုက်လံဖမ်းဆီးရာတွင် ကိုယ်ထိလက်ရောက်ကျူးလွန်မှုများရှိခဲ့ကြောင်း ဖော်ပြထားသည်။

နိုင်ငံတော်အစိုးရ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံရဲတပ်ဖွဲ့အား အင်အားကိုအသုံးပြုရာတွင် အချိုးအစားညီမျှမှု (Proportionality)၊ ဥပဒေနှင့် ညီညွတ်မှု (Legality)၊ တာဝန်ခံမှု (Accountability)၊ လိုအပ်ချက်ရှိမှု(Necessity) စသော နိုင်ငံတကာစံနှုန်းများ၊ ဥပဒေလုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန် ညွှန်ကြားထားရှိခဲ့ပြီး တရားခံများ ဖမ်းဆီးခြင်းနှင့် ထိန်းသိမ်းခြင်း၊ ရှာဖွေခြင်းနှင့် သိမ်းဆည်းခြင်းများနှင့်ပတ်သက်၍ ရာဇဝတ်ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ရဲလက်စွဲပါ ပြဋ္ဌာန်းချက်များနှင့်အညီဆောင်ရွက်စေလျက်ရှိကြောင်း၊ ဖွံ့ဖြိုးပြီးဒီမိုကရေစီနိုင်ငံအချို့တွင်ပင်လျှင် ရဲတပ်ဖွဲ့ဝင်များမှ တရားခံများဖမ်းဆီးရာတွင် အလားတူဖြစ်စဉ်များ နိုင်ငံအချို့တွင် ဖြစ်ပေါ်ခဲ့ကြောင်းလည်းတွေ့ရှိရမည်ဖြစ်ကြောင်း၊ ၎င်းအခြေအနေသည် တစ်ဖက်နှင့်တစ်ဖက် အာဃာတတရားကြောင့်မဟုတ်ဘဲ လတ်တလောဖြစ်ပေါ်လာသည့် အခြေအနေကြောင့်သာ ညွှန်ကြားချက်များအပေါ် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန် အားနည်းခြင်းများကြောင့်ဖြစ်ပြီး ရဲတပ်ဖွဲ့နှင့်ပြည်သူအကြား၊ ရဲတပ်ဖွဲ့နှင့်ပြစ်မှုကျူးလွန်သူများအကြား မကြာခဏ ဖြစ်ပေါ်နေသည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်ကို တွေ့ရှိရကြောင်း ထိုသတင်းထုတ်ပြန်ချက်တွင် ပါရှိသည်။

ထိုကဲ့သို့ အခြေအနေများရှိသော်လည်း ပြည်ထဲရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ တာဝန်ရှိသူများမှ ဖြစ်စဉ်တစ်ရပ်ပေါ်ပေါက်လာတိုင်း ဖြစ်ရပ်မှန်အား စုံစမ်းစစ်ဆေး၍ ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ ယခုဖြစ်စဉ်တွင်လည်း ကြီးကြပ်ကွပ်ကဲမှု တာဝန်ရှိသူ ရဲမှူးရဲထွန်းနိုင်၊ ဒုရဲအုပ် တေဇာလင်း၊ ဒုရဲအုပ် ထွန်းလင်းလှိုင်တို့ (၃) ဦးအား လည်းကောင်း၊ ဗီဒီယိုရိုက်ကူးခဲ့သူရဲတပ်သားဇော်မျိုးထိုက်အား လည်းကောင်း၊ ကျေးရွာသားများကို ရိုက်နှက်ကန်ကျောက်သူ ရဲတပ်သားပြည့်ဖြိုးသွင်၊ ရဲတပ်သား နန္ဒာမင်း၊ ရဲတပ်သားမိုးနိုင်၊ ရဲတပ်သားမောင်အေးမြတို့ (၄)ဦးအားလည်းကောင်း ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်လျက်ရှိသည်ဟု သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။ **(သတင်းစဉ်)**

# လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၃**

မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသည့် (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက် ၈ နာရီက နေပြည်တော်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာနုနုသာက မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မိခင်နှင့်ကလေးများ၏ လူနေမှုဘဝအဆင့်အတန်းမြင့်မားလာစေရေးအတွက် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာစောင့်ရှောက်မှုလုပ်ငန်းများကို ကျေးလက်ဒေသအောက်ခြေအထိ ရောက်ရှိအောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကလေးငယ်များ ဘက်စုံဖွံ့ဖြိုးမှုရရှိပြီး ဉာဏ်ပညာတိုးတက်စေရန် ရည်ရွယ်၍ နေ့ကလေးထိန်းကျောင်းများနှင့် မူလတန်းကြိုကျောင်းများကို နိုင်ငံတစ်ဝန်းလုံး၌ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အသင်းကြီးအနေဖြင့် အနာဂတ်၏သားကောင်းရတနာများဖြစ်ကြသည့် ကလေးငယ်များကို ကူးစက်ရောဂါနှင့် အနာရောဂါကင်းဝေး၍ ကျန်းမာသန်စွမ်းပြီး ဉာဏ်ရည်ပြည့်ဝသည့် လူချွန်လူကောင်းများဖြစ်လာစေရန်ရည်ရွယ်၍ ကလေးပြိုင်ပွဲများဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ကလေးပြိုင်ပွဲတွင် ဆုရရှိသည့်ကလေးငယ်များကို အသင်းဥက္ကဋ္ဌနှင့် ကလေးအထူးကုဆရာဝန်များက ဆုများအသီးသီးချီးမြှင့်၍ အကဲဖြတ်ပေးသော ဆရာဝန်ကြီးများကို ဂုဏ်ပြုလက်ဆောင်များချီးမြှင့်သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနာယကများ၊ နေပြည်တော် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ နေပြည်တော်အတွင်းရှိ ခရိုင်နှင့် မြို့နယ်များမှ ဥက္ကဋ္ဌနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## အင်အားအသင့်အတင့်ရှိ မြေငလျင်လှုပ်

**နေပြည်တော် ဇန်နဝါရီ ၃**

ဇန်နဝါရီ ၃ ရက် မြန်မာစံတော်ချိန် ညနေ ၃ နာရီ ၃၉ မိနစ် ၀၀ စက္ကန့်တွင် မန္တလေးမြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၂၉၅ မိုင် ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်ပ (India-Bangladesh Border Region) ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၆ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ **(မိုး/ဇလ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၃-၁-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၂၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၂၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၂၀၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်**

| | |
|---|---|
| ဒီဇယ် | ၆၅၀/၆၇၅ ကျပ် |
| အောက်တိန်း ၉၂ | ၆၆၀/၆၉၅ ကျပ် |
| အောက်တိန်း ၉၅ | ၇၁၀/၇၂၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၇၀/၇၁၀ ကျပ် |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၇၅ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၄၃၃ ・ ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၄၈ ・ ၈၈ |
| ထိုင်း | တစ်ဘတ် | ၃၈ ・ ၂၄ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ・ ၁၉ |
| တရုတ် | တစ်ယွမ် | ၁၉၆ ・ ၈၃ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၆ ・ ၂၁ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# (၂၁)ရာစုပင်လုံကို တိုင်းရင်းသားပြည်သူအားလုံးက မျက်မှောက်ပြုကြရန်အထူးအရေးကြီး

● *ရှေ့ဖုံးမှ*

နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ခဲ့ကြပေသည်။ ယနေ့ဆိုလျှင် မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးရရှိခဲ့သည်မှာ (၆၉)နှစ် ပြည့်မြောက်ခဲ့ပေပြီ။

လွတ်လပ်ရေးရရှိပြီးနောက် အတိတ်သမိုင်းတွင် မိမိတို့ တိုင်းရင်းသားညီရင်းအစ်ကို မောင်ရင်းနှမများအကြား အကြောင်းအမျိုးမျိုးကြောင့် သံသယများ၊ ပဋိပက္ခများ ပေါ်ပေါက်ခဲ့ရသည့်အတွက် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေခဲ့ရသည်။

လွတ်လပ်ပင် လွတ်လပ်ခဲ့သော်ငြားလည်း လက်နက်ကိုင်ပဋိပက္ခများကြောင့် တိုင်းရင်းသားဒေသနေရာအချို့တွင် လွတ်လပ်ရေး၏ အသီးအပွင့်ကို တင်းပြည့်ကျပ်ပြည့်ခံစားနိုင်ခြင်းမရှိဘဲ အနာဂတ်များ ပျောက်ဆုံးကာ အမှောင်ဖုံးခဲ့ရသည်မှာ စိတ်မကောင်းဖွယ်ရာပင် ဖြစ်ပါသည်။ ယနေ့အချိန်အခါတွင် သံသယနှင့်ပဋိပက္ခများ ကင်းစင်ပပျောက်ပြီး ရေရှည်တည်တံ့သည့်စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိရန်နှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရန် တိုင်းရင်းသားညီအစ်ကို မောင်နှမအားလုံးက နည်းလမ်းပေါင်းစုံဖြင့်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စု ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို နိုင်ငံတော်အစိုးရက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံကျင်းပခြင်းဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ လက်နက်ကိုင်နည်းလမ်းသည် ခေတ်အဆက်ဆက် နိုင်ငံရေးပြဿနာများကို ဖြေရှင်းနိုင်ခြင်းအလျဉ်းမရှိဘဲ လက်နက်ကိုင်ပဋိပက္ခကို ရှည်ကြာစေခဲ့ပြီး လက်နက်ကိုင်ပဋိပက္ခနှင့် ဆက်စပ်လျက် ဖွံ့ဖြိုးမှုများလည်း နောက်ကျကျန်ရစ်ခဲ့ရသည်ကို ဆယ်စုနှစ်များစွာ အထင်အရှားတွေ့မြင်ခဲ့ကြရပြီး ဖြစ်ပါသည်။ ထို့ကြောင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် စုပေါင်းတွေ့ဆုံ၊ စုပေါင်းဆွေးနွေး၊ စုပေါင်းအဖြေရှာမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို တိုင်းရင်းသားပြည်သူအားလုံးက မျက်မှောက်ပြုကြရန် အထူးအရေးကြီးလှပေသည်။

နိုင်ငံတော်တစ်ဝန်းလုံးတွင် တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ ပြည်ထောင်စု၏ နယ်မြေဒေသအားလုံးတွင် တစ်ချိန်တည်း တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်ရေးနှင့်တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စားဝတ်နေမှုပြည်စုံလုံခြုံရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအနေဖြင့်လည်း တောင်ပေါ်မြေပြန့်၊ ပြည်နယ်ပြည်မမခွဲခြားဘဲ မိမိကျရာ အခန်းကဏ္ဍမှ ပြည်ထောင်စုအစိုးရနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်လှပေသည်။

တိုင်းရင်းသားပြည်သူတစ်ရပ်လုံး မျှော်လင့်တောင့်တလျက်ရှိသည့် အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးတည်ဆောက်ရေး မလွဲမသွေအောင်မြင်ရမည်ဟူသော ယုံကြည်မှုသန္နိဋ္ဌာန်ဖြင့်-

- ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံတွင် တွေ့ဆုံညှိနှိုင်းမှုများမှ ရရှိလာမည့် ဆုံးဖြတ်ချက်များနှင့်အညီ ဘုံသဘောတူညီချက်တစ်ခုဖြင့် အနာဂတ်တွင် စစ်မှန်သည့် ပြည်ထောင်စုကြီး တည်ဆောက်သွားနိုင်ရေး၊
- ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး၊
- ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီစံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့် သင့်လျော်သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး၊
- နိုင်ငံတော်၏ စီးပွားရေးမူဝါဒ မျှော်မှန်းချက်များနှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေမည့် စီးပွားရေးအခြေအနေကောင်းများရရှိရန် ကြိုးပမ်းဆောင်ရွက်ရေး

ဟူသော (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အမျိုး သားရေး ဦးတည်ချက်များကို အလေးအနက်ခံယူပြီး တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက်သွေးစည်းညီညွတ်စွာ အကောင်အထည်ဖော်ဆောင်ရွက်ကြပါရန် နေ့ထူးနေ့မြတ်ဖြစ်သော လွတ်လပ်ရေးနေ့အခါသမယတွင် ချစ်ကြည်လေးစားစွာ တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**လွတ်လပ်ရေးရရှိပြီးနောက် အတိတ်သမိုင်းတွင် မိမိတို့ တိုင်းရင်းသားညီရင်းအစ်ကို မောင်ရင်းနှမများအကြား အကြောင်းအမျိုးမျိုးကြောင့် သံသယများ၊ ပဋိပက္ခများ ပေါ်ပေါက်ခဲ့ရသည့်အတွက် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေခဲ့**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်
## အီတလီ-မြန်မာချစ်ကြည်ရေးအသင်းဝင်များအား မြန်မာ့ရိုးရာအစားအစာများဖြင့် တည်ခင်းဧည့်ခံ

**နေပြည်တော် ဇန်နဝါရီ ၃**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ နံနက်ပိုင်းက Ms. Albertina Soliani ဦးဆောင်သည့် အီတလီ-မြန်မာချစ်ကြည်ရေးအသင်းဝင် ၃၈ ဦးအား နေပြည်တော်ရှိ ၎င်း၏နေအိမ်၌ မြန်မာ့ရိုးရာအစားအစာများဖြင့် တည်ခင်းဧည့်ခံသည်။

ရှေးဦးစွာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အီတလီ-မြန်မာချစ်ကြည်ရေးအသင်းဝင်များအား ရင်းနှီးနွေးထွေးစွာ တစ်ဦးချင်းလိုက်လံနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အီတလီ-မြန်မာချစ်ကြည်ရေးအသင်းဝင်များနှင့်အတူ မြန်မာ့ရိုးရာ အစားအစာများကို အတူတကွသုံးဆောင်ပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

အီတလီ-မြန်မာချစ်ကြည်ရေးအသင်းတွင် အီတလီနိုင်ငံမှ လွှတ်တော်ကိုယ်စားလှယ်များ၊ ကဏ္ဍအလိုက်ပညာရှင်များ၊ ရှေ့နေများ၊ အင်ဂျင်နီယာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားလူငယ်များပါဝင်ပြီး မြန်မာနိုင်ငံ၏ ဒီမိုကရေစီအရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးကဏ္ဍများအား ကူညီထောက်ပံ့မှုများ ပေးအပ်နိုင်ရေး ပူးပေါင်းဆောင်ရွက်နေသည့် အသင်းဖြစ်ကြောင်း သိရသည်။

အဆိုပါတည်ခင်းဧည့်ခံပွဲသို့ တက်ရောက်ခဲ့သည့် အီတလီ-မြန်မာ ချစ်ကြည်ရေးအသင်း မြန်မာနိုင်ငံတာဝန်ခံ ဦးသူရထွန်းက "ဒီအသင်းကို ၂၀၀၄ ခုနှစ် အီတလီနိုင်ငံ ပါးမားမြို့မှာ စပြီးတော့ တည်ထောင်ဖွဲ့စည်းခဲ့ပါတယ်။ အသင်းရဲ့ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံရဲ့ပညာရေး၊ အမျိုးသမီးနဲ့ ကလေးသူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးအပြင် ဒီမိုကရေစီစနစ်နဲ့ပတ်သက်ပြီးတော့ ပိုမိုခိုင်မာလာအောင် မြန်မာနိုင်ငံနဲ့အတူ ပူးပေါင်းဆောင်ရွက်သွားဖို့ ရှိပါတယ်။

"ပညာရေးနဲ့ပတ်သက်ပြီး မိဘမဲ့ကလေးတွေအတွက် စာသင်ကျောင်း တည်ဆောက်ဖို့ ငွေကြေးလှူဒါန်းခြင်း၊ ကျန်းမာရေးနဲ့ပတ်သက်ပြီး HIV Center တည်ဆောက်ရေးအတွက် ကူညီပံ့ပိုးခြင်းတွေ ပြုလုပ်ပေးပါတယ်။ အခု ဒီခရီးစဉ်ကတော့ နောက်ထပ်ပူးပေါင်းဆောင်ရွက်ဖို့အတွက် တွေ့ဆုံဆွေးနွေးမှု၊ လေ့လာမှုတွေ လာလုပ်တာပါ။

"အဓိကကတော့ ကဏ္ဍ(၃)ရပ်ပါ။ ပညာရေး ပူးပေါင်းဆောင်ရွက်မှု၊ အမျိုးသမီးနဲ့ ကလေးသူငယ်ဖွံ့ဖြိုးတိုးတက် ရေးပူးပေါင်းဆောင်ရွက်မှု၊ ဒီမိုကရေစီ ပိုမိုခိုင်မာလာရေးအတွက် ပူးပေါင်းဆောင်ရွက်မှုတို့ဖြစ်ပါတယ်"ဟု ပြောကြားသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အီတလီ-မြန်မာ ချစ်ကြည်ရေးအသင်းဝင်များနှင့်အတူ မြန်မာ့ရိုးရာအစားအစာများကို အတူတကွသုံးဆောင်စဉ်** (သတင်းစဉ်)

*✱ ကျောဖုံးမှ*

မောင်တောဒေသ တည်ငြိမ်အေးချမ်းရေးကို လတ်တလောဦးစားပေး ဆောင်ရွက်လျက်ရှိသော်လည်း ရခိုင်ပြည်နယ်တစ်ခုလုံးအရေးကိစ္စကိုလည်း ဆက်လက်ဆောင်ရွက်နေကြောင်း၊ အခြေအနေများကိုလေ့လာကြည့်လျှင် တည်ငြိမ်အေးချမ်းစပြုလာလျှင် နောက်ထပ် ပြဿနာအသစ်တစ်ခု ထပ်မံဖြစ်ပေါ်လာလေ့ရှိသည်ကို သတိရှိရှိ ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ပြဿနာများဖြစ်ပေါ်လာလျှင် မှန်ကန်သည့် လမ်းကြောင်းပေါ်မှ ရပ်တည်ဖြေရှင်းဆောင်ရွက်သွားရမည်သာဖြစ်ကြောင်း၊ စွပ်စွဲပြောကြားမှုများကို လက်တွေ့လုပ်ဆောင်ချက်များကို အခြေခံသည့်အမှန်တရားဖြင့် တုံ့ပြန်သွားရန် ဖြစ်ကြောင်း၊ ဗဟိုကော်မတီအနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အဆင့်ဆင့် တာဝန်ခံမှု၊ တာဝန်ယူမှုဖြင့် ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ရန် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီအတွင်းရေးမှူးက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်က ရခိုင်ပြည်နယ်၏ လက်ရှိ အခြေအနေများ၊ ဝန်ကြီးဌာနအလိုက် သက်ဆိုင်ရာကဏ္ဍများကို ဖြည့်ဆည်းဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ ဝန်ကြီးဌာနများက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးအစီအစဉ်အလိုက် ဆက်လက်ဆောင်ရွက်ပေးမည့် လုပ်ငန်းအစီအမံများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့အပြင် ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ပြည်နယ်အတွင်း ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များနှင့် လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက လုံခြုံရေးဆိုင်ရာများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် NVC ကတ် ထုတ်ပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဒေသတွင်း ပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေတို့က ကော်မတီအလိုက် လုပ်ငန်းများဆောင်ရွက်နေမှု၊ ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

အဆိုပါအစည်းအဝေးသို့ ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌများ၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# နှစ်နိုင်ငံအစိုးရ၊ လွှတ်တော်နှင့် ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၃**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်နိုင်ငံ သံအမတ်ကြီး H.E.Mr. Khaled Mohamed Abdelrahman Abdelsalam အား ယနေ့ မွန်းလွဲ ၂ နာရီတွင်လည်းကောင်း၊ အီတလီ-မြန်မာ ချစ်ကြည်ရေးအသင်းဝင် အီတလီ လွှတ်တော်အမတ်ဟောင်း Ms. Albertina Soliani အား ယနေ့ မွန်းလွဲ ၃ နာရီတွင် လည်းကောင်း နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အီဂျစ်သံအမတ်ကြီးနှင့်တွေ့ဆုံစဉ် နှစ်နိုင်ငံအစိုးရ၊ လွှတ်တော်နှင့် ပြည်သူများ အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အီတလီ-မြန်မာ ချစ်ကြည်ရေးအသင်းဝင်၊ အီတလီလွှတ်တော် အမတ်ဟောင်းနှင့် တွေ့ဆုံစဉ် အီတလီ-မြန်မာ ချစ်ကြည်ရေးအသင်းအနေဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး၊ အမျိုးသားရင်ကြားစေ့ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ကူညီဆောင်ရွက်ပေးနေမှုများ၊ နှစ်နိုင်ငံအစိုးရ၊ လွှတ်တော်နှင့် ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဖော်ဆောင်သွားနိုင်ရေးတို့နှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် အီတလီ-မြန်မာ ချစ်ကြည်ရေးအသင်းဝင် အီတလီလွှတ်တော်အမတ်ဟောင်း Ms. Albertina Soliani အား လက်ခံတွေ့ဆုံစဉ် (သတင်းစဉ်)

# ကြားဖြတ်ရွေးကောက်ပွဲမဲစာရင်းကို ဖေဖော်ဝါရီ ၁ ရက်မှ ၁၄ ရက်အထိ သက်ဆိုင်ရာမဲဆန္ဒနယ်မြေများ၌ ကပ်ထားကြေညာသွားမည်

**နေပြည်တော် ဇန်နဝါရီ ၃**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများအကြား တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် အဖွဲ့ဝင်များ၊ အတွင်းရေးမှူး ဦးတင်ထွန်းနှင့် တာဝန်ရှိသူများ၊ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီ ၂၃ ပါတီမှ တာဝန်ရှိသူများနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းများ တက်ရောက်ကြသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိုင်ငံရေးပါတီ ၂၄ ပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်း ၈၈ ဦးနှင့် တစ်သီးပုဂ္ဂလ ခုနစ်ဦး စုစုပေါင်း ၉၅ ဦးသည် ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်အရွေးချယ်ခံကြမည်ဖြစ်ပြီး အဆိုပါကိုယ်စားလှယ်လောင်းအမည်စာရင်းကို ဇန်နဝါရီ ၂ ရက်က အတည်ပြုထုတ်ပြန်ခဲ့ပါကြောင်း၊ ကြားဖြတ် ရွေးကောက်ပွဲအတွက် မဲစာရင်းကို Door to Door စနစ်ဖြင့် ပြုစုဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ၁၄ ရက်အထိ သက်ဆိုင်ရာ မဲဆန္ဒနယ်မြေများ၌ ကပ်ထားကြေညာသွားမည်ဖြစ်ပါကြောင်း၊ မဲစာရင်းကို အိမ်ထောင်စုအလိုက် ကြည့်ရှုနိုင်စေရန် ဆောင်ရွက်ထားပါကြောင်း၊ ထိုသို့ ကပ်ထားကြေညာသည့်အခါတွင်လည်း မဲဆန္ဒရှင်များအနေဖြင့် မဲစာရင်းကြည့်ရန်၊ အမည်မပါဝင်က တောင်းဆိုရန်၊ အမှားပါရှိပါက ပြင်ဆင်ရန်၊ မပါသင့်သူများပါဝင်နေပါက ပယ်ဖျက်ရန်အတွက် သတ်မှတ်ပုံစံများဖြင့် တောင်းဆိုကြရမည်ဖြစ်ပါကြောင်း၊ ဥပဒေနှင့်အညီ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး ဆန္ဒမဲပေးခွင့်ရရှိရန် နိုင်ငံရေးပါတီများအနေဖြင့် မိမိတို့၏ မဲဆန္ဒရှင်များကို အသိပညာပေး ပူးပေါင်းဆောင်ရွက်စေလိုပါကြောင်း။

နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် ဇန်နဝါရီ ၃၀ ရက်မှ မတ် ၃၀ ရက်အထိ မဲဆွယ်စည်းရုံးခြင်းကို ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မဲဆွယ်စည်းရုံးခြင်း ဆောင်ရွက်ရာတွင် နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ လိုက်နာရန် ကျင့်ဝတ်နှင့်အညီ လေးစားလိုက်နာ ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ရွေးကောက်ပွဲကာလအတွင်း တည်ငြိမ်အေးချမ်းရေးသည် အဓိကကျသည်နှင့်အညီ မိမိတို့ပါတီကို ထောက်ခံအားပေးကြသည့် ပြည်သူများကို ပဋိပက္ခမဖြစ်အောင် ထိန်းသိမ်းဆော်သြ ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးဗဟိုကော်မတီနှင့် ကော်မတီအဆင့်ဆင့်ကိုဖွဲ့စည်းခဲ့ပြီး ယခုကြားဖြတ်ရွေးကောက်ပွဲတွင်လည်း ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံရေးပါတီများအနေဖြင့်လည်း ပူးပေါင်းပါဝင်လိုက်နာရေး ဆောင်ရွက်ပေးစေလိုကြောင်း။

မဲရုံများ၌ တာဝန်ထမ်းဆောင်ကြမည့် မဲရုံကိုယ်စားလှယ်နှင့် အကူကိုယ်စားလှယ်များအနေဖြင့် မဲရုံအတွင်း မဲဆွယ်စည်းရုံးသည့် ပုံစံမဖြစ်စေရေးသည် အရေးကြီးပါကြောင်း၊ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေး ကာလအတွင်း တရားမဲ့ပြုကျင့်မှုများ မဖြစ်စေရန် ထိန်းသိမ်းဆောင်ရွက်စေလိုပါကြောင်း၊ ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲကာလ နောက်ပိုင်း ကန့်ကွက်လွှာအမှုများ မရှိစေလိုပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် ရွေးကောက်ပွဲကျင်းပပြီးသည့်ကာလတွင် ရွေးကောက်ပွဲကုန်ကျစရိတ်များကို ကော်မရှင်သို့ တင်ပြရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ရွေးကောက်ပွဲကုန်ကျစရိတ်များကို သတ်မှတ်ချက်များနှင့်အညီ စနစ်တကျ မှတ်တမ်းပြုစုဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

ယခုကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရေး၊ မဲဆွယ်စည်းရုံးရေးကာလနှင့် ရွေးကောက်ပွဲ ကာလတစ်လျှောက် တည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံရေးပါတီများအနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များက ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်အလိုက် တာဝန်ယူဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အတွင်းရေးမှူး ဦးတင်ထွန်းက ကြိုတင်မဲများနှင့် စပ်လျဉ်း၍လည်းကောင်း၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား သင်တန်းပေးမည့် အစီအစဉ်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများအား မဲဆွယ်စည်းရုံးခြင်းဆိုင်ရာ ပညာပေးဆောင်ရွက်မည့် အစီအစဉ်များနှင့် ကြားဖြတ်ရွေးကောက်ပွဲအတွက် စီစဉ်ဆောင်ရွက်ထားမှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများကလည်း အကြံပြုဆွေးနွေးကြသည်။

ပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် မဲဆွယ်စည်းရုံးရာတွင် နိုင်ငံရေးပါတီများနှင့် လွှတ်တော် ကိုယ်စားလှယ်လောင်းများ လိုက်နာရန်ကျင့်ဝတ် - Code of Conduct for Political Parties and Candidates (CoC)ကို လိုက်နာဆောင်ရွက်ရေး၊ Voter Slip ကို နိုင်ငံရေးပါတီများက ဖြန့်ဝေခြင်းမပြုဘဲ ရွေးကောက်ပွဲကော်မရှင်ကသာ ဆောင်ရွက်ရေး၊ စေ့စပ်ညှိနှိုင်းရေးကော်မတီကို ဖွဲ့စည်းပြီး ညှိနှိုင်းဖြေရှင်းချက်များအပေါ် ပူးပေါင်းလိုက်နာရေးတို့ကို ဆွေးနွေးခဲ့ပြီး သဘောတူညီခဲ့ကြသည်။

ထို့နောက် အစည်းအဝေးတွင် ဆွေးနွေးခဲ့ကြသည့် ဆွေးနွေးချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် အတွင်းရေးမှူးတို့က ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားသည်။ **(သတင်းစဉ်)**

# သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်ကြော်ငြာစာ**
**အမှတ် ၁ / ၂၀၁၇**
**၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက်**
**(၂၀၁၇ ခုနှစ် ၊ ဇန်နဝါရီလ ၄ ရက်)**

နိုင်ငံတော်သမ္မတက အောက်ဖော်ပြပါ ဆရာတော်ကြီးများ၊ ဂန္ထဓုရ ပရိယတ္တိဝန်ဆောင်စာချဆရာတော်များ၊ ဝိပဿနာဓုရပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်း ပြည်ပ သာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့်ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်း အပ်နှင်းလိုက်ပါသည်-

**အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်**

၁။ ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ သဒ္ဓမ္မသီတဂူချောင်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး
၂။ ဘဒ္ဒန္တဇနိန္ဒ၊ ပေါက်မြိုင်စာသင်တိုက်၊ အမှတ် (၆)ရပ်ကွက်၊ လယ်ဝေးမြို့ နေပြည်တော်
၃။ ဘဒ္ဒန္တဉာဏိန္ဒ၊ မဟာဝိဇိတာရုံဆင်ဖြူကျွန်းကျောင်းတိုက်၊ အေးစေတီရပ်ကွက်၊ ချောက်မြို့ မကွေးတိုင်းဒေသကြီး
၄။ ဘဒ္ဒန္တသြဘာသာဘိဝံသ၊ အတုလကာရီဆင်မင်းကျောင်း၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၅။ ဘဒ္ဒန္တသောဘိတ၊ ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်၊ အမှတ် (၅) ရပ်ကွက်၊ ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တဝိမလ၊ ငပယင်းစာသင်တိုက်၊ မြို့မမြောက်ပိုင်းရပ်ကွက်၊ ပုလဲမြို့ စစ်ကိုင်းတိုင်းဒေသကြီး
၂။ ဘဒ္ဒန္တမာနိတ၊ မြို့မရွှေဂူကျောင်းတိုက်၊ ချမ်းမြသာစည်ရပ်ကွက်၊ မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး
၃။ ဘဒ္ဒန္တပညောဘာသ၊ မဟာထူပါရုံစာသင်တိုက်၊ ဘုရားကြီးလမ်းရပ်ကွက်၊ သုံးဆယ်မြို့ သာယာဝတီမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး
၄။ ဘဒ္ဒန္တသြဘာသ၊ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ဆံတော်ရပ်ကွက်၊ ပြည်မြို့ ပဲခူးတိုင်းဒေသကြီး
၅။ ဘဒ္ဒန္တသေဋ္ဌိလ၊ မဟာသုဒဿနာရာမစာသင်တိုက်၊ ဆံတော်ရပ်ကွက်၊ ပြည်မြို့ ပဲခူးတိုင်းဒေသကြီး
၆။ ဘဒ္ဒန္တဉာဏိန္ဒသာရ၊ မဇ္ဈိမာရုံပါရမီစာသင်တိုက်၊ အမှတ် (၂)ရပ်ကွက်၊ ရေစကြိုမြို့ မကွေးတိုင်းဒေသကြီး
၇။ ဘဒ္ဒန္တမဟိန္ဒ၊ မဟာဂန္ဓာရုံတိုက်သစ်၊ (ဂ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၈။ ဘဒ္ဒန္တဥတ္တမ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၉။ ဘဒ္ဒန္တကိတ္တိဝဏ္ဏ၊ ဂျုံးဂျုံးကျတောရကျောင်းတိုက်၊ မြို့မ (၄)ရပ်ကွက်၊ မုဒုံမြို့ မွန်ပြည်နယ်
၁၀။ ဘဒ္ဒန္တနန္ဒသိရီ၊ နန္ဒာရာမစာသင်တိုက်၊ မကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့ ရခိုင်ပြည်နယ်
၁၁။ ဒေါက်တာဘဒ္ဒန္တထေရိန္ဒ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ် (၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၂။ ဘဒ္ဒန္တဝိမလ၊ ဝိမလာရာမနတ်ညွှန်းစာသင်တိုက်၊ မြို့မရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၃။ ဘဒ္ဒန္တဥတ္တမ၊ ဇမ္ဗူအေးအေတီတပ်ဦးကျောင်း၊ အမှတ် (၁၂)ရပ်ကွက်၊ လားရှိုးမြို့ ရှမ်းပြည်နယ်

**ဓမ္မကထိကဗဟုဇနဟိတဒရ ဘွဲ့တံဆိပ်တော်**

၁။ ဒေါက်တာဘဒ္ဒန္တဝိစက္ခဏာလင်္ကာရာဘိဝံသ၊ သာမဏေကျော်စာသင်တိုက်၊ အမှတ် (၆/၁၈)ရပ်ကွက်၊ ဥဿာမြို့သစ်၊ ပဲခူးမြို့ ပဲခူးတိုင်းဒေသကြီး
၂။ ဘဒ္ဒန္တသုဇာတ၊ မေတ္တာအေးကျောင်းတိုက်၊ စံပြစီမံကိန်းရပ်ကွက်၊ သဃင်္န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တတေဇနိယ၊ ကျောက်ကြီးစာသင်တိုက်၊ ကျောက်ကြီးကျေးရွာ၊ ရွှေကူမြို့နယ်၊ ကချင်ပြည်နယ်
၂။ ဘဒ္ဒန္တက္ကန္ဒာဝုဓ၊ မြစည်းခုံစာသင်တိုက်၊ အမှတ် (၁၄)ရပ်ကွက်၊ တောင်ငူမြို့ ပဲခူးတိုင်းဒေသကြီး
၃။ ဘဒ္ဒန္တပညာသာမီဘိဝံသ၊ ဂန္ထဓုရနယူပဒေသကျောင်း၊ မစိုးရိမ်ကျောင်းတိုက်၊ ဒေးဝန်း အရှေ့ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၄။ ဘဒ္ဒန္တသုမနဇ၊ စိတ္တပါလဂူကျောင်းစာသင်တိုက်၊ အောင်မင်္ဂလာရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့ မန္တလေးတိုင်းဒေသကြီး
၅။ ဘဒ္ဒန္တက္ကန္ဒကာလင်္ကာရာဘိဝံသ၊ ဓမ္မာဓိပတိကျောင်း၊ မစိုးရိမ်တိုက်သစ်၊ စိန်ပန်းရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၆။ ဘဒ္ဒန္တနန္ဒသာရ၊ အလယ်ကျောင်းစာသင်တိုက်၊ မြို့မဈေးရပ်ကွက်၊ ကျိုက္ခမီမြို့ သံဖြူဇရပ်မြို့နယ်၊ မွန်ပြည်နယ်
၇။ ဘဒ္ဒန္တဝါယမ၊ သုခကာရီစာသင်တိုက်၊ ပန်းဘဲတန်းရပ်ကွက်၊ မော်လမြိုင်မြို့ မွန်ပြည်နယ်
၈။ ဘဒ္ဒန္တဥဂ္ဂံသ၊ ဓမ္မဇေယျာစာသင်တိုက်၊ ပုသိမ်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၉။ ဘဒ္ဒန္တတေဇဝန္တ၊ ပခုက္ကူစာသင်တိုက်၊ ဇ/မြောက်ရပ်ကွက်၊ သဃင်္န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၀။ ဘဒ္ဒန္တသုစိတ္တ၊ ဆုထူးပန်ရွှေကျင်ကျောင်းတိုက်၊ နတ်မောက်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၁။ ဘဒ္ဒန္တတေဇနိယ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ် (၇) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၂။ ဘဒ္ဒန္တနာရဒါဘိဝံသ၊ ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်၊ ကြားတောရရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၃။ ဘဒ္ဒန္တကလျာဏ၊ မြို့မစာသင်တိုက်၊ အမှတ် (၂)ရပ်ကွက်၊ လားရှိုးမြို့ ရှမ်းပြည်နယ်
၁၄။ ဘဒ္ဒန္တဉာဏိန္ဒာဘိဝံသ၊ ပရိယတ္တိမင်းကျောင်းတိုက်၊ အမှတ် (၃)ရပ်ကွက်၊ မအူပင်မြို့ ဧရာဝတီတိုင်းဒေသကြီး
၁၅။ ဘဒ္ဒန္တပညာသီဟ၊ အလယ်တောရစာသင်တိုက်၊ အမှတ် (၈)ရပ်ကွက်၊ မြောင်းမြမြို့ ဧရာဝတီတိုင်းဒေသကြီး

**မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တစန္ဒာဝရ၊ မဟာဇောတိကာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ဘုန်းစိုးရပ်ကွက်၊ မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး
၂။ ဘဒ္ဒန္တကေသဝ၊ မဟာလယ်တီကျောင်းတိုက်၊ လယ်တီရပ်ကွက်၊ မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး
၃။ ဘဒ္ဒန္တပညာဗလ၊ ဇေယျဝတီကျောင်းတိုက်၊ ပိန္နဲတောရပ်ကွက်၊ ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး
၄။ ဘဒ္ဒန္တစန္ဒောဘာသ၊ မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက်၊ ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့ နေပြည်တော်
၅။ ဘဒ္ဒန္တသကျဝံသာဘိဝံသ၊ ပုဗ္ဗာရုံစာသင်တိုက်၊ မြို့တွင်းကြီးရပ်ကွက်၊ ပဲခူးမြို့ ပဲခူးတိုင်းဒေသကြီး
၆။ ဘဒ္ဒန္တသာသနဓဇ၊ တိုက်ကျောင်းပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ဈေးချိုတောင်ရပ်ကွက်၊ ကြို့ပင်ကောက်မြို့ ပဲခူးတိုင်းဒေသကြီး
၇။ ဘဒ္ဒန္တဇာနေယျ၊ ရတနာပုံကျောင်း၊ အနောက်ထီးလင်းတိုက်၊ သီရိဟေမာအရှေ့ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၈။ ဘဒ္ဒန္တဝဏ္ဏိသရ၊ သွပ်မိုးစာသင်တိုက်၊ မြင်းဘက်ရပ်ကွက်၊ ပျော်ဘွယ်မြို့ မန္တလေးတိုင်းဒေသကြီး
၉။ ဘဒ္ဒန္တနန္ဒဝံသ၊ သဒ္ဓမ္မဝံသာရုံ(နဂါးရုံ)စာသင်တိုက်၊ နန်းတော်ကုန်းရပ်ကွက်၊ မိတ္ထီလာမြို့ မန္တလေးတိုင်းဒေသကြီး
၁၀။ ဘဒ္ဒန္တဝိဇယ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၁။ ဘဒ္ဒန္တက္ကန္ဒောဘာသ၊ တောင်စွန်းစာသင်တိုက်၊ အစင်စံပြကျေးရွာ၊ ရေးမြို့နယ်၊ မွန်ပြည်နယ်
၁၂။ ဘဒ္ဒန္တတေဇိန္ဒ၊ စိန်မမပါဠိတက္ကသိုလ်စာသင်တိုက်၊ ဖက်တန်းရပ်ကွက်၊ မော်လမြိုင်မြို့ မွန်ပြည်နယ်
၁၃။ ဘဒ္ဒန္တက္ကန္ဒာစရိယ၊ ပရိယတ္တိဓမ္မိကာရုံကျောင်းတိုက်၊ အောက်ရွာပိုင်းရပ်ကွက်၊ မင်းပြားမြို့ ရခိုင်ပြည်နယ်
၁၄။ ဘဒ္ဒန္တပညာဝရ၊ ရွှေကျင်(ဂျား)ကျောင်းစာသင်တိုက်၊ ကံကြီး/မကျီးရပ်ကွက်၊ ကွမ်းခြံကုန်းမြို့ ရန်ကုန်တိုင်းဒေသကြီး
၁၅။ ဘဒ္ဒန္တစန္ဒသိရီ၊ သာသနာ့ဝန်ဆောင်ကျောင်းတိုက်၊ ရေပြာကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၆။ ဘဒ္ဒန္တသောဘိတ၊ သံတံတားရွာဦးစာသင်တိုက်၊ သန္ဓေပင်ကျေးရွာအုပ်စု၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၇။ ဒေါက်တာဘဒ္ဒန္တကိတ္တိဗလ၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ အမှတ် (၃၃) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၈။ ဘဒ္ဒန္တဓမ္မာနန္ဒာဘိဝံသ၊ မဟာဓမ္မိကာရာမစာသင်တိုက်၊ ကံသာရပ်ကွက်၊ တောင်ကြီးမြို့ ရှမ်းပြည်နယ်

**သီလရှင်ဆရာကြီးများ**

၁၉။ ဒေါ်ပုညကာရီ၊ သာသနောဒယကျောင်းတိုက်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး
၂၀။ ဒေါ်တိက္ခဝတီ၊ မြဝတီသီလရှင်စာသင်တိုက်၊ ချမ်းမြသာယာရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၂၁။ ဒေါ်ဂုဏထေရီ၊ ဓမ္မဂုဏ်ရည်သီလရှင်စာသင်တိုက်၊ အမှတ် (၁၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တဥတ္တမဝံသ၊ ခေမာသီဝံစာသင်တိုက်၊ ခေမာသီရိရပ်ကွက်၊ မြစ်ကြီးနားမြို့ ကချင်ပြည်နယ်
၂။ ဘဒ္ဒန္တအာလောက၊ ယောသိတာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ကညွှံရပ်ကွက်၊ ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး
၃။ ဘဒ္ဒန္တတိဿ၊ အုန်းတောစာသင်တိုက်၊ ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့ နေပြည်တော်
၄။ ဘဒ္ဒန္တကဝိန္ဒ၊ မဟာပညာဗိမာန်စာသင်တိုက်၊ ကြေးနန်းတန်းရပ်ကွက်၊ ရွှေကျင်မြို့ ပဲခူးတိုင်းဒေသကြီး
၅။ ဘဒ္ဒန္တကောဝိဒဇောတိ၊ သုခိတာရာမစာသင်တိုက်၊ အမှတ် (၁၁)ရပ်ကွက်၊ ဥသျှစ်ပင်မြို့သစ်၊ ပန်းတောင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး
၆။ ဘဒ္ဒန္တပဏ္ဍိစ္စ၊ မဟာဝိသုတာရာမစာသင်တိုက်၊ ဆုံကုန်းကျေးရွာအုပ်စု၊ ဆင်ဖြူကျွန်းမြို့ စလင်းမြို့နယ်၊ မကွေးတိုင်းဒေသကြီး
၇။ ဘဒ္ဒန္တပညာသာမိ၊ မင်းကုန်းမဟာစာသင်တိုက်၊ ကံဦးရပ်၊ ကျောက်ဆည်မြို့ မန္တလေးတိုင်းဒေသကြီး
၈။ ဘဒ္ဒန္တဝရသုခ၊ ခေမာသီဝံစာသင်တိုက်၊ စံပြရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့ မန္တလေးတိုင်းဒေသကြီး
၉။ ဘဒ္ဒန္တက္ကန္ဒာလောကာလင်္ကာရ၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၀။ ဘဒ္ဒန္တစိတ္တာဝရ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ် (၇) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၁။ ဘဒ္ဒန္တစန္ဒိမာ၊ မြသိန်းတန်စာသင်တိုက်၊ အမှတ် (၁၀)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၂။ ဘဒ္ဒန္တဉာဏိက၊ မင်္ဂလသုခပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၃။ ဘဒ္ဒန္တသူရိယ၊ မင်းကျောင်းပထမပြန်စာသင်တိုက်၊ မြို့သစ်အလယ်ရပ်ကွက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၄။ ဘဒ္ဒန္တဥက္ကဋ္ဌာဘိဝံသ၊ သာသနဝိပုလရွှေဂူစာသင်တိုက်၊ နန္ဒဝန်ရပ်ကွက်၊ ညောင်ရွှေမြို့ ရှမ်းပြည်နယ်
၁၅။ ဘဒ္ဒန္တဝဏ္ဏမာလာဘိဝံသ၊ သိမ်တော်စာသင်တိုက်၊ ရွှေတောင်မှော်ကျေးရွာ၊ မအူပင်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး
၁၆။ ဘဒ္ဒန္တဥတ္တမ၊ မြောင်းမြကျောင်းစာသင်တိုက်၊ အမှတ် (၃)ရပ်ကွက်၊ ပုသိမ်မြို့ ဧရာဝတီတိုင်းဒေသကြီး

**သီလရှင်ဆရာကြီးများ**

၁၇။ ဒေါ်ဝိသိင်္ဂီ၊ ဇေယျသိင်္ဂီသီလရှင်စာသင်တိုက်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး
၁၈။ ဒေါ်ဇေယျာသိင်္ဂီ၊ ပုဏ္ဏမိဂုဏ်ဝေသီလရှင်စာသင်တိုက်၊ အမှတ် (၇)ရပ်ကွက်၊ လယ်ဝေးမြို့ နေပြည်တော်
၁၉။ ဒေါ်ယုဇနသိင်္ဂီ၊ အောင်ရတနာမဏ္ဍူ သီလရှင်စာသင်တိုက်၊ မြိုင်သာယာကွက်သစ်၊ ကျောက်တန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တကုမာရ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ကမမောင်းဗဟိုသာသနာပြုဌာန၊ ကမမောင်းမြို့ ဖာပွန်မြို့နယ်၊ ကရင်ပြည်နယ်
၂။ ဘဒ္ဒန္တသြဘာသ၊ သီရိမင်္ဂလာစာသင်တိုက်၊ ချုံအင်းကျေးရွာ၊ ရေတာရှည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး
၃။ ဘဒ္ဒန္တလာဘာဝတ၊ အသောကာရုံရေလည်ပရိယတ္တိစာသင်တိုက်၊ မြို့မ (၄)ရပ်ကွက်၊ မိတ္ထီလာမြို့ မန္တလေးတိုင်းဒေသကြီး
၄။ ဘဒ္ဒန္တဇောတိက၊ ဟိုခုံပရိယတ္တိစာသင်တိုက်၊ အမှတ်(၃)ရပ်ကွက်၊ ကျိုင်းတုံမြို့ ရှမ်းပြည်နယ်

**အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တဉာဏိဿရ၊ ညောင်ဇင်ထေရဝါဒဗုဒ္ဓသာသနာပြု ပရဟိတဗဟိုကျောင်း၊ ဖရူဆိုမြို့နယ်၊ ကယားပြည်နယ်
၂။ ဘဒ္ဒန္တသုဝဏ္ဏ၊ ကမ်းနီပရိယတ္တိကျောင်းကြီး၊ ကမ်းနီစံပြကျေးရွာ၊ ကော့ကရိတ်မြို့နယ်၊ ကရင်ပြည်နယ်
၃။ ဘဒ္ဒန္တသိရိန္ဒ၊ မြို့မကျောင်းကြီးကျောင်းတိုက်၊ အမှတ်(၆)ရပ်ကွက်၊ ကော့ကရိတ်မြို့ ကရင်ပြည်နယ်
၄။ ဘဒ္ဒန္တစန္ဒသိရီ၊ ဇေယျသုခဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ရွှေပေးကျေးရွာ၊ မြိတ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး
၅။ ဘဒ္ဒန္တကဥ္စန၊ ကဥ္စနာရာမကျောင်း၊ ကံမော်ကျေးရွာ၊ ကျွန်းစုမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး
၆။ ဘဒ္ဒန္တကဝိသာရာလင်္ကာရ၊ ဘုရားငါးဆူပရိယတ္တိစာသင်တိုက်၊ ကန်ဖျားရပ်ကွက်၊ မြိတ်မြို့ တနင်္သာရီတိုင်းဒေသကြီး
၇။ ဘဒ္ဒန္တသုစိတ္တ၊ သိရီသုခမိဂဒါဝုန် ဓမ္မရိပ်သာကျောင်းတိုက်၊ ရှောက်ကုန်းအုပ်စု၊ တပ်ကုန်းမြို့နယ်၊ နေပြည်တော်
၈။ ဘဒ္ဒန္တကုမာရ၊ ရွာဘဲတောင်ပေါ်ကျောင်းတိုက်၊ ရွာဘဲရပ်ကွက်၊ ပြည်မြို့ ပဲခူးတိုင်းဒေသကြီး
၉။ ဘဒ္ဒန္တစန္ဒိမာ၊ အောင်စေတီဘုန်းတော်ကြီးသင်ပညာရေး အလယ်တန်းကျောင်း၊ မြို့သစ်(ဃ)ရပ်ကွက်၊ ပဲခူးမြို့ ပဲခူးတိုင်းဒေသကြီး
၁၀။ ဘဒ္ဒန္တကောသလ္လ၊ သာသနာလင်္ကာရဘုန်းတော်ကြီးသင်ပညာရေး အလယ်တန်းကျောင်း၊ ခမွန်ကံကြီးစံပြကျေးရွာ၊ ကဝမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

*(ဆက်လက်ဖော်ပြပါမည်)*

# ဝင့်ကြွားလှုပ်ရှား မြန်မာ့လွတ်လပ်ရေးပထမဆုံးနေ့ အောင်ပွဲအခမ်းအနား

## ဟံသာဝတီ-ဦးအုန်းကြိုင်၏ ပြန်လည်တမ်းတကိုယ်တွေ့မှတ်တမ်း

**၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် တနင်္ဂနွေနေ့**
**နံနက် ၄ နာရီ မိနစ် ၂၀ အချိန်**

**ချမ်းဆောင်းရည်ညို ပေါ်သစ်ရတုနပျိုခိုက်ဖြစ်လေရာ ရန်ကုန်မြို့အတွင်းဝန်များရုံးအတွင်း တိုင်းပြုပြည်ပြုလွှတ်တော်မျက်နှာစာဝန်းကျင်တခိုဝယ် မှုန်ဝေဝေမှိုင်းလျက် မြူနှင်းတွေဆိုင်းနေပေသည်။**

တိုင်းတစ်ပါးလက်အောက် ကျွန်သပေါက်အဖြစ်နှင့် နှစ်ပေါင်း ၆၀ ကျော် နေလာခဲ့ကြရသော မြန်မာတို့သည် အချုပ်အခြာအာဏာပိုင် လုံးဝလွတ်လပ်သော လူမျိုးများအဖြစ်သို့ ပြန်လည်ဆိုက်ရောက်ကြရတော့မည့် ဤကျက်သရေမင်္ဂလာအပေါင်း ခညောင်းသည့် မင်္ဂလာအခါတော်အချိန်ကြီးတွင် အဆိုပါရန်ကုန်မြို့အတွင်းဝန်များရုံးဝင်းကြီးအတွင်းရှိ တိုင်းပြုပြည်ပြု လွှတ်တော်မျက်နှာစာမြက်ခင်းပြင်၌လွတ်လပ်သော မြန်မာနိုင်ငံတော်၏ သမိုင်းတွင် မော်ကွန်းတင်ရမည့် ပထမဆုံးအကြိမ်အဖြစ် ကျင်းပမည့် မြန်မာ့လွတ်လပ်ရေးအောင်ပွဲ အခမ်းအနားသဘင်ကြီးကို တစ်ခဲနက် အောင်ပွဲခံဆင်ယင်ကျင်းပနိုင်ကြရန် ပြင်ဆင်လျက်ရှိနေကြသည်။

### မင်းပေါင်းစုံညီကြွချီကြ၍

ထိုနေ့နံနက် ၄ နာရီအချိန်တွင် ဖော်ပြပါတိုင်းပြုပြည်ပြု လွှတ်တော်မျက်နှာစာရှိ နိုင်ငံတော်အလံတိုင်ရင်ပြင် မြက်ခင်းပြင်၌ မြန်မာနိုင်ငံတော်၏ ပထမဆုံးသော နိုင်ငံတော်(ယာယီ) သမ္မတကြီး ညောင်ရွှေစော်ဘွားကြီးစဝ်ရွှေသိုက်၊ ပထမဆုံးသော မြန်မာအစိုးရအဖွဲ့(ယာယီ) ဝန်ကြီးချုပ်သခင်နု၊ ပထမဆုံးသော ပါလီမန် (တိုင်းပြုပြည်ပြုလွှတ်တော်) ဥက္ကဋ္ဌကြီး-ပျော်ဘွယ်ဦးမြ၊ ပထမဆုံးသော နိုင်ငံတော်အစိုးရအဖွဲ့(ယာယီ) အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အတွင်းဝန်များ၊ အစိုးရအရာရှိများ၊ နိုင်ငံခြားအထူးသံတမန်များ၊ ယာယီပါလီမန် (တိုင်းပြုပြည်ပြုလွှတ်တော်) အမတ်များ၊ ဖဆပလအဖွဲ့ချုပ်အမှုဆောင် လူကြီးများ၊ နိုင်ငံခြား ဧည့်သည်တော်များ၊ စာရေးသူအပါအဝင် ပြည်တွင်း ပြည်ပသတင်းစာဆရာများ စုံညီစွာ တက်ရောက်လျက်ရှိနေကြသည်။

### နှင်းမြူမစဲနှင်းဖွဲဖွဲဝယ်

နှင်းမြူမစဲနှင်းဖွဲဖွဲဝယ် မြန်မာတို့၏ မင်္ဂလာစည်တော်ရွှမ်းသံက သာယာငြိမ့်ညောင်းစွာ ထွက်ပေါ်နေသည်။ လွှတ်တော်မြက်နှာစာရင်ပြင်အရှေ့ထောင့်တွင် တပ်မတော်(ကြည်း) ဂုဏ်ပြုတပ်ဖွဲ့ကလည်းကောင်း၊ မျက်နှာစာရှေ့တွင် တပ်မတော် (ရေ) တပ်နှင့် တပ်မတော် (လေ)တပ်မှ ဂုဏ်ပြုတပ်ဖွဲ့ဝင်များ၊ လက်နက်ကိုင်ရဲတပ်ဖွဲ့ဝင်တို့က နေရာအသီးသီး ယူထားကြသည်။

### ပထမဆုံးသော နိုင်ငံတော်သမ္မတကြီး

ထိုအချိန်တွင်ပထမဆုံးသော နိုင်ငံတော်(ယာယီ) သမ္မတကြီး စဝ်ရွှေသိုက်သည် မင်းခမ်းတော်အဆောင်အယောင်တို့နှင့် လွှတ်တော်ဆင်ဝင်ရှေ့ဆီသို့ ထွက်ကြွလာသည်တွင် ရွှမ်းနေသော မင်္ဂလာစည်တော်သံက ရပ်သွားသည်။

ထိုမှ တစ်ဆက်တည်းလိုလို နိုင်ငံတော်(ယာယီ)သမ္မတကြီးသည် တပ်မတော်ဂုဏ်ပြုတပ်ဖွဲ့များကို တစ်တပ်ပြီး တစ်တပ် လှည့်လည်စစ်ဆေးရှုစားစဉ်တွင် ကရင်အမျိုးသား သေနတ်ကိုင်တပ်ရင်း စစ်တီးဝိုင်းအဖွဲ့မှ တပ်စစ်ဆေးခြင်း၊ တီးမှုတ်မှု ဘင်ခရာသံ တီးမှုတ်ပေးနေလေသည်။

ထိုစဉ် ယာယီပါလီမန်လွှတ်တော်ရှေ့ အလံတိုင်ပေါ်မှ မကြာမီ လျှောချဖြုတ်သိမ်းသွားရတော့မည့် ဗြိတိသျှတို့၏ ယူနီယံဂျက်အလံသည် နံနက်ခင်းဆောင်းနှင်းလေနုအေး



ကြောင့် တဖျပ်ဖျပ်လှုပ်ခတ်လျက်ရှိနေသည်။

နံနက် ၄ နာရီ ၁၉ မိနစ်အချိန်သို့အရောက်တွင် လွှတ်တော်ရှေ့မြက်ခင်းပြင်၌ အသင့်ရောက်ရှိနေကြပြီဖြစ်သော မင်းပရိသတ်အားလုံး ငြိမ်သက်စွာနေကြရန် မီးရောင်လင်းခနဲပြ၍ အချက်ပေးလိုက်လေသည်။

### သမိုင်းဝင် ၄နာရီ မိနစ် ၂၀

နံနက် ၄ နာရီ မိနစ် ၂၀ တိတိအချိန်တွင် ရန်ကုန်ဆိပ်ကမ်း၌ ဆိုက်ကပ်ထားသော ဘာမင်ဂမ်ဗြိတိသျှစစ်သင်္ဘောကြီးပေါ်မှ အခါတော်ကြားအမြောက်သံများ ထွက်ပေါ်လာသည်နှင့် တစ်ပြိုင်နက် ကရင်အမျိုးသား သေနတ်ကိုင်တပ်ရင်း ဘင်ခရာအဖွဲ့က စစ်ထုံးစံအတိုင်း တီးမှုတ်နေ၍ ဗြိတိသျှရေတပ်ဗိုလ်တစ်ဦးက အလံတိုင်ထိပ်ပေါ်မှ ဗြိတိသျှတို့၏ ယူနီယံဂျက်အလံကို တဖြည်းဖြည်းချင်း ဆွဲချလိုက်လေသည်။

### ပထမဆုံး လွတ်လပ်သောအလံတော်

ဗြိတိသျှတို့၏ ယူနီယံဂျက်အလံကို တိုင်ထိပ်ပေါ်မှ ချလိုက်ပြီးသည်နှင့်တစ်ပြိုင်နက် မြန်မာ့တပ်မတော်(ရေ)မှ ဗိုလ်တစ်ဦး၏ လက်တွင်းရှိ အနီရောင်အောက်ခံ၊ ထိပ်ထောင့်စွန်း အပြာရင့်ရောင်ပေါ်၌ ကြယ်ဖြူငယ်ငါးလုံးဝန်းရံသော ကြယ်ဖြူကြီးတစ်လုံးပါ ပထမဆုံးသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံတော်ကြီးသည် ကောင်းကင်ယံသို့ ထိုးထွက်လျက် အလံတော်တိုင်ထိပ်ဆီသို့ တဖြည်းဖြည်းချင်း လင်းလက်ဝင့်ကြွားစွာ တက်ရောက်သွားလေသည်။

ထိုအချိန်တွင် ကရင်သေနတ်ကိုင်တပ်ရင်း စစ်တီးဝိုင်းအဖွဲ့မှ ဂုဏ်ယူဝင့်ကြွား တီးခတ်လိုက်သော ပထမဆုံးသော တရားဝင်နိုင်ငံတော်သီချင်းသံသည် ကြားလိုက်ရသူအပေါင်း ကြက်သီးမွေးညင်းထကာ အလွန်အကြူးကြည်နူးပီတိဖြစ်ကြရသည်အထိ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်ပြည့်စုံစုံ ထွက်ပေါ်လာပေတော့သည်။

### မင်္ဂလာငွေခရုဇေယျတုပြုကြပြီ

ရှေးမြန်မာမင်းများ အောင်ပွဲခံနန်းသိမ်းပွဲများတွင် စီရင်ကျင်းပလေ့ရှိသည့် ထီးသုံးနန်းသုံးယဉ်ကျေးမှုအစဉ်အလာအရ ပညာရှိပုဏ္ဏားတော်များက အောင်ဇေယျတုအနုမောဒနာ မင်္ဂလာ ငွေခရုသင်းများ မှုတ်ကြသည့်ထုံးအတိုင်း ခရုသင်းများ ပြိုင်တူမှုတ်ကြသည်။

လွှတ်တော်မျက်နှာစာမြက်ခင်းပြင်ပေါ်ရှိ မင်းပရိသတ်အားလုံးတို့လည်း စွင့်စွင့်မားမား တိုင်ထိပ်ဖျားတွင် ဝင့်ကြွားထည်ဝါစွာ တဖျပ်ဖျပ်လှုပ်ခတ်နေပြီဖြစ်သော ပထမဆုံးသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံတော်ကို ဂုဏ်ယူတက်ကြွစွာ တစ်ပြိုင်နက် ဝမ်းသာအားရ အလေးပြုကြလေသည်။

### အာဏာအလွှဲအပြောင်းပုံရိပ်လက္ခဏာများ

ဤသည်တို့မှာ နိုင်ငံတစ်နိုင်ငံ၏ အကြီးမြင့်ဆုံးသော အချုပ်အခြာအာဏာ အလွှဲအပြောင်းပြုခြင်း၏ သင်္ကေတ နိမိတ်လက္ခဏာများပင်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုသော် နိုင်ငံတော်တည်းဟူသော လှေယာဉ်ကြီးကို လှိုင်းတံပိုးများ ကြမ်းတမ်းခက်ထရော်လှသော ပင်လယ်ခရီးလမ်းတစ်လျှောက် အတိမ်းအစောင်းမရှိ ပဲ့ကိုင်ထိန်းမတ်၍ ရွက်စုံတက်စုံဖွင့်ကာ လိုရာခရီးဖြစ်သော လွတ်လပ်ရေးပန်းတိုင်အရောက် ဘေးမသီရန်မခ ဆောင်ကြဉ်းနိုင်စွမ်း ရှိခဲ့ကြသည့် ဗိုလ်ချုပ်အောင်ဆန်း၊ သခင်နု အစရှိသော အမျိုးသားခေါင်းဆောင်ကြီးများ၏ စွမ်းရည်ကြောင့် နယ်ချဲ့ဗြိတိသျှအစိုးရသည် မြန်မာနိုင်ငံကို လက်လွှတ်၍ အချုပ်အခြာအာဏာကို ပြန်လည်ပေးအပ်လိုက်ရပြီဖြစ်ရာ ဤကျက်သရေမင်္ဂလာအခါတော်ရသော ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက် တနင်္ဂနွေနေ့ နံနက် ၄ နာရီ မိနစ် ၂၀ တိတိအချိန်တွင် မြန်မာနိုင်ငံတော်သည် အသူရိန်ရာဟုခံတွင်းမှ ရှင်းရှင်းကြီး လွတ်ကင်းသည့် သော်တာငွေစန်းပမာ ပကတိသန့်စင်သည့် လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတော်ကြီးအဖြစ်သို့ ရောက်ရှိပြီဖြစ်ကြောင်း အထိမ်းအမှတ်များပင် ဖြစ်ပါသည်။

### လွတ်လပ်သော ပထမဆုံးပါလီမန်

နံနက် ၄ နာရီ မိနစ် ၄၀ အရောက်တွင် မင်းပရိသတ်အပေါင်းတို့သည် ယာယီပါလီမန်(တိုင်းပြုပြည်ပြုလွှတ်တော်)၏ ခန်းမဆောင်ကြီးထဲတွင် စုရုံးနေရာယူကြသည်။

နံနက် ၄ နာရီ ၄၅ မိနစ်တွင် ပထမဆုံးသော နိုင်ငံတော်သမ္မတကြီးစဝ်ရွှေသိုက်သည် ပထမဆုံးသောနိုင်ငံတော်ဝန်ကြီးချုပ်သခင်နု၊ ပထမဆုံးသော ယာယီပါလီမန် (တိုင်းပြုပြည်ပြုလွှတ်တော်) ဥက္ကဋ္ဌကြီး ပျော်ဘွယ်ဦးမြတို့နှင့်အတူ ပါလီမန်ခန်းမဆောင်ကြီးထဲသို့ ကြွရောက်လာရာ ပရိသတ်အပေါင်းတို့က မတ်တတ်ရပ်၍ အရိုအသေပြုကြသည်။

### သမ္မတကြီး၏ ကြေညာချက်နှစ်ရပ်

သမ္မတကြီးသည် လွှတ်တော်ခန်းမဆောင်ထိပ်ရှိ လွှတ်တော်ဥက္ကဋ္ဌနေရာစင်မြင့်ပေါ်တွင် နေရာယူပြီးသည့်နောက် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံတော်သမ္မတရာထူးကို လက်ခံသိမ်းပိုက်ကြောင်း ကြေညာလိုက်လေသည်။ ထိုမှ တစ်ဆက်တည်းတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို အတည်ပြုကြောင်း ကြေညာလိုက်ရာ လွှတ်တော်ခန်းမကြီးတစ်ခုလုံးတစ်ခဲနက် မြည်ဟည်းထွက်ပေါ်လာသော သြဘာသံကြီးဖြင့် လွှမ်းခြုံသွားလေသည်။

### လွတ်လပ်ရေးကြေညာစာတမ်း

ထို့နောက် လွတ်လပ်ရေးကြိုးပမ်းကြရာတွင် အသက်စွန့်လွှတ်သွားကြသော သူရဲကောင်းအပေါင်းတို့အား သတိရသော အထိမ်းအမှတ်အဖြစ် လွှတ်တော်တစ်ရပ်လုံး မတ်တတ်ရပ်၍ ၂ မိနစ် ငြိမ်သက်ကာ မေတ္တာပို့အမျှပေးဝေကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် သခင်နုက "အောင်စေသတည်း"အစချီသော မြန်မာ့လွတ်လပ်ရေးကြေညာစာတမ်းကို ဖတ်ကြားကြေညာသည်။

### လွတ်လပ်သော မြန်မာနိုင်ငံတော်၏ ပထမဆုံးအစိုးရအဖွဲ့ဝင် ဝန်ကြီးအဖွဲ့

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ရာထူးတာဝန်ဆိုင်ရာ ကျမ်းသစ္စာနှင့် လျှို့ဝှက်မှုဆိုင်ရာ ကျမ်းသစ္စာတို့ကို ကျိန်ဆိုလက်မှတ်ရေးထိုးပြီးနောက် နိုင်ငံတော်သမ္မတကြီးက ဝန်ကြီးချုပ်သခင်နုကို ဌာနဆိုင်ရာတံဆိပ်တော်အပ်နှင်းလေသည်။

ဝန်ကြီးချုပ်က လွတ်လပ်ရေးနေ့မိန့်ခွန်းကို ပါလီမန်သို့ပြောကြားသည်။ ထို့နောက် နိုင်ငံတော်သမ္မတကြီးထံ သမ္မတ မြန်မာနိုင်ငံတော်အစိုးရအဖွဲ့ဝင် ဝန်ကြီးများအား ရှေ့သို့ သွင်းခွင့်ပြုရန် အမိန့်တောင်းခံပြီး ခွင့်ပြုချက်ရသည်နှင့် လွတ်လပ်ရေးရပြီးသည့်နောက် ပထမဆုံးအစိုးရအဖွဲ့ဝင် ဝန်ကြီးများကို တစ်ဦးချင်းစီ သမ္မတရှေ့မှောက်သို့သွင်း၍ ခန့်အပ်လွှာများနှင့်တကွ ဌာနဆိုင်ရာတံဆိပ်များကိုပါ အပ်နှင်းပြီးနောက် နံနက်ပိုင်း အခမ်းအနားရုပ်သိမ်းလိုက်လေသည်။

ပထမဆုံးသော မြန်မာအစိုးရအဖွဲ့

| | |
|---|---|
| ၁။ သခင်နု | နိုင်ငံတော်ဝန်ကြီးချုပ် |
| ၂။ ဗိုလ်လက်ျာ | ဒုတိယဝန်ကြီးချုပ်နှင့်ကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီး |
| ၃။ ဦးတင်ထွဋ်(I.C.S) | နိုင်ငံခြားရေးဌာနဝန်ကြီး |
| ၄။ ဦးတင်(မြန်မာ့အလင်း) | ဘဏ္ဍာရေးနှင့်အခွန်ဌာနဝန်ကြီး |
| ၅။ စောစံဘိုးသင် | ကရင်ရေးရာဌာနဝန်ကြီး |
| ၆။ ဦးထွန်းမြင့် | ရှမ်းပြည်နယ်ဆိုင်ရာဌာနဝန်ကြီး |
| ၇။ ဆမားဒူးဝါး ဆင်ဝါးနောင် | ကချင်ပြည်နယ်ဆိုင်ရာဌာနဝန်ကြီး |
| ၈။ စဝ်ဝဏ္ဏ | ကရင်နီပြည်ဆိုင်ရာဌာနဝန်ကြီး |
| ၉။ ဦးဘဂျမ်း | တရားရေးဌာနဝန်ကြီး |
| ၁၀။ဦးကိုကိုကြီး | ကူးသန်းရောင်းဝယ်ရေး၊ ထောက်ပံ့ရေးနှင့် သယ်ယူပို့ဆောင်ရေးဌာနဝန်ကြီး |

စာမျက်နှာ ၇ သို့

**ဗြိတိသျှတို့၏ ယူနီယံဂျက်အလံကို တိုင်ထိပ်ပေါ်မှ ချလိုက်ပြီးသည်နှင့် တစ်ပြိုင်နက် မြန်မာ့တပ်မတော်(ရေ)မှ ဗိုလ်တစ်ဦး၏ လက်တွင်းရှိ အနီရောင်အောက်ခံ၊ ထိပ်ထောင့်စွန်းအပြာရင့်ရောင်ပေါ်၌ ကြယ်ဖြူငယ်ငါးလုံးဝန်းရံသော ကြယ်ဖြူကြီးတစ်လုံးပါ ပထမဆုံးသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံတော်ကြီးသည် ကောင်းကင်ယံသို့ ထိုးထွက်လျက် အလံတော်တိုင်ထိပ်ဆီသို့ တဖြည်းဖြည်းချင်း လင်းလက်ဝင့်ကြွားစွာ တက်ရောက်သွားလေသည်**

# သုံးခွမြို့နယ်တွင်းရှိ ကျေးရွာများသို့ ဗုဒ္ဓမြတ်စွယ်တော်ဒေသစာရီ ကြွချီအပူဇော်ခံမည်



**သုံးခွ ဇန်နဝါရီ ၃**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ အမှတ်(၁၁)ရပ်ကွက် မြို့နယ်လုံးဆိုင်ရာ သာသနာ့ဗိမာန်တော်ဂန္ဓကုဋိတိုက်အတွင်း၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော ဗုဒ္ဓမြတ်စွယ်တော်အား သြဝါဒါစရိယဆရာတော်ကြီးများ၊ မြို့နယ်သံဃနာယက အဖွဲ့တို့၏စီမံမှု၊ မြို့နယ်သာသနာရေးဦးစီးဌာန သာသနာ့ဗိမာန်တော်ကော်မတီ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ ပူးပေါင်းစီစဉ်မှုဖြင့် ပြည်သူများ ကြည်ညိုသဒ္ဓါပွားများနိုင်ရန်ရည်ရွယ်၍ မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့အတိုင်း ခမ်းနားစည်ကားစွာ ပင့်ဆောင်ရေးမော်တော်ယာဉ်များဖြင့် ပင့်ဆောင်၍ မြို့နယ်အတွင်းရှိ ကျေးရွာငါးရွာသို့ ဒေသစာရီကြွချီ အပူဇော်ခံမည်ဖြစ်ကြောင်း သိရသည်။ ဇန်နဝါရီ ၂ ရက်တွင် ထုံးကြီးကျေးရွာ၊ ဇန်နဝါရီ ၃ ရက်တွင် မှိုကုန်းသာကျေးရွာတို့သို့ ကြွချီအပူဇော်ခံလျက်ရှိပြီး ဇန်နဝါရီ ၄ ရက်တွင် ဘုရားကြီးကျေးရွာ၊ ဇန်နဝါရီ ၅ ရက်တွင် ပုလဲကျေးရွာ၊ ဇန်နဝါရီ ၆ ရက်တွင် သိုက်တူးကန်ကျေးရွာတို့၌ တစ်ညစီကိန်းဝပ်စံပယ်တော်မူမည်ဖြစ်ပြီး ကြွချီရာ ရပ်ကွက်/ကျေးရွာလမ်းတစ်လျှောက် သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဇန်နဝါရီ ၇ ရက်မှ ၁၂ ရက်အထိ မြို့နယ်လုံးဆိုင်ရာ သာသနာ့ဗိမာန်တော်ကြီး၌ ညစဉ် ၁၀ နာရီအထိ အပူဇော်ခံထားရှိပြီး ပြည်သူများက ညစဉ် ရွတ်ဖတ်ပူဇော်မည်ဖြစ်ပြီး ဗုဒ္ဓမြတ်စွယ်တော်ကြွချီအပူဇော်ခံခြင်းမှာ ယခုအကြိမ်သည် ပဉ္စမအကြိမ်မြောက်ဖြစ်ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**



## လွတ်လပ်ရေးနေ့အကြို ပြိုင်ပွဲကျင်းပ

**လူမှုဝန်ထမ်းဦးစီးဌာန အမှတ်(၄)မူလတန်းကြိုကျောင်း(အလုံ) မှ ရင်သွေးငယ် ၂၅၂ ဦးတို့ အားကစားပြိုင်ပွဲ ၂၆ မျိုးပါဝင်သော ကျောင်းတွင်းကာယစွမ်းရည်ပြိုင်ပွဲ နှင့် ဆုပေးပွဲကို ဇန်နဝါရီ ၃ ရက် နံနက်က ကျောင်းရှေ့ကွက်လပ်တွင်ကျင်းပရာ အာလူးကောက်ပြေးပြိုင်ပွဲကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲဆော့ကစားကြစဉ်**

အောင်သန်း(မင်္ဂလာတောင်ညွန့်)

## မိတ္ထီလာတွင် ကလေးအလှပြပွဲ၊ ပြိုင်ပွဲနှင့် စံပြမိခင်ဆုချီးမြှင့်

**မိတ္ထီလာ ဇန်နဝါရီ ၃**

မိတ္ထီလာတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးအလှပြပွဲ၊ ပြိုင်ပွဲနှင့် စံပြမိခင်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၃ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ ယင်းဆုချီးမြှင့်ပွဲတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ထားထားဦးက အမှာစကားပြောကြားပြီး ကလေးပြိုင်ပွဲတွင် အုပ်စုလိုက် ဆုရရှိသူများ၊ တစ်နှစ်အောက် အမြွှာကလေးငယ်များနှင့် စံပြမိခင်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

◆ *ကျောဖုံးမှ*

ကျွန်းရွာနေ လူ ၆ ဦးမှ ဓားရှည် ၄ ချောင်း၊ လုံ ၂ ချောင်း ကိုယ်စီကိုင်ဆောင်၍ ခြိမ်းခြောက်ကာ နွားများဆွဲလုနေစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များ ရောက်ရှိလာသဖြင့် ထွက်ပြေးသွားခဲ့ကြောင်း ဖော်ပြထားသည်။

ထို့ပြင် ဖြစ်စဉ်(၆)အဖြစ် နိုဝင်ဘာ ၇ ရက် ည ၁၂ နာရီခွဲတွင် မောင်တောမြို့နယ် ဖူခါလီကျေးရွာရှိ နူမာမောက်၏နေအိမ်သို့ ဂေါ်ဇီရာမောက်ပါ ၁၅ ဦးခန့် ရောက်ရှိလာပြီး လူများအားရိုက်နှက်ကာ နူမာမောက်၏သားနှစ်ဦးဖြစ်သည့် မာမွတ်ဖာရို ၁၈ နှစ်နှင့် ဖိုက်ဆဲ ၁၂ နှစ်တို့အား ခေါ်ဆောင်၍ နေအိမ်အား မီးရှို့ဖျက်ဆီး ထွက်ပြေးသွားကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များမှ အခင်းဖြစ်နေရာသို့ရှင်းလင်းရာ မာမွတ်ဖာရိုအား လည်ပင်း၊ နဖူး၊ ဝဲလက်ဖျံ၊ တံတောင်၊ ခြေထောက်၊ ဝဲချိုင်းအောက်နှင့် ပေါင်တို့တွင် စုစုပေါင်းပြတ်ရှဒဏ်ရာ ၁၃ ချက်ဖြင့် ပြန်လည်တွေ့ရှိခဲ့ရကြောင်း၊ ဖြစ်စဉ် (၇) မှာ နိုဝင်ဘာ ၁၃ ရက် နံနက်ပိုင်းတွင် မောင်တောမြို့နယ် ဖော့ကီးတောင်ရွာ ဦးရွှေမောင်နှင့်ဇနီး မရွှေမေတို့သည် မရမာကြီးရွာသို့သွားရောက်စဉ် ဖော့ကီးတောင်ရွာနေ ဟာမိတ်တူဆောင်းနှင့် အပေါင်းအပါ ၈ ဦးတို့မှ ဓားဖြင့်ခုတ်၍ ဦးရွှေမောင်တွင် ဝဲဘက်ဂုတ်ပြတ်ရှဒဏ်ရာ ၁ ချက်နှင့် ဝဲနားအောက် ပြတ်ရှဒဏ်ရာ ၁ ချက် ရရှိခဲ့ကြောင်း၊ ဖြစ်စဉ် (၈)မှာ နိုဝင်ဘာ ၁၇ ရက် ည ၇ နာရီခွဲတွင် မောင်တောမြို့နယ် ဂေါ်ဒူသာရ (အနောက်)ရွာနေ ဂျာမ (ခ) ဇော်မာဟူဆွန်သည် ဂေါ်ဒူသာရ (တောင်) ရွာမှ ဟာဘီအူလာက ထမင်းဖိတ်ကျွေးရန်လာခေါ်သဖြင့် လိုက်သွားပြီးနောက် နေအိမ်သို့ ပြန်ရောက်မလာဘဲ အမကကျောင်းအနီးတွင် ဓားခုတ်ခံရသဖြင့် လည်ပင်းပြတ်ရှဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရကြောင်း၊ ဖြစ်စဉ် (၉) မှာ ဒီဇင်ဘာ ၁၃ ရက် ည ၉ နာရီခန့်တွင် အကြမ်းဖက်တိုက်ခိုက်သူများဟု ယူဆရသူ ၁၇ ဦးခန့်မှ ရွာအတွင်း သေနတ် ၂ ချက်ပစ်ဖောက်ကာ သဝန်ချောင်းမြောက်ရွာနေ ဟာဘီရော်မာန်အား ဖမ်းဆီးသွားကြောင်း၊ ထို့နောက် ဒီဇင်ဘာ ၁၆ ရက်တွင် သဝန်ချောင်းကျေးရွာနေ ကာလာဖော်တာထံသို့ မော်လဝီဇူပိုင်ဆိုသူမှ ဖုန်းဖြင့်ဆက်သွယ်ကာ ဟာဘီရော်မာန် ဖမ်းဆီးခံရမှုကို တပ်နှင့် ရဲထံ သတင်းပေးမှုအပေါ် မကျေနပ်၍ ၎င်းနှင့် မိသားစုအား ဖမ်းဆီးသတ်ဖြတ်ပစ်မည်ဟု ဖုန်းဖြင့် ခြိမ်းခြောက်ပြောဆိုခဲ့သည်ဟု သိရကြောင်း၊ ဖြစ်စဉ် (၁၀)မှာ ဒီဇင်ဘာ ၂၁ ရက်တွင် သတင်းထောက်များ၏ မေးမြန်းချက်အား ဖြေကြားခဲ့သူ ငါးခူရ (အလယ်) ရွာနေ ကျေးရွာစာကြည့်တိုက်မှူး ဒုစ်မာမတ် (ခ) ရှုနာမျာအား ဒီဇင်ဘာ ၂၃ ရက် မွန်းတည့် ၁၂ နာရီတွင် ဦးခေါင်းမပါ၊ ဝဲနှင့်ယာ ပေါင်တို့တွင် ထိုးသွင်းဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိခဲ့ရကြောင်း ထိုသတင်းထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။

ဖြစ်စဉ်(၁၁)မှာ ဒီဇင်ဘာ ၂၅ ရက် ည ၉ နာရီခန့်တွင် ရေတွင်းကျွန်းကျေးရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူး ရုံးစာရေး ရော်ဖီအား ဝမ်းဗိုက် ထိုးသွင်း၊ လည်ပင်း ထိုးသွင်း၊ လှီးဖြတ်ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိခဲ့ရကြောင်း၊ ဖြစ်စဉ် (၁၂) မှာ ဒီဇင်ဘာ ၂၆ ရက် ညနေပိုင်းတွင် မောင်တောမြို့နယ် ဝက်ကျိန်း (မြောက်) ရွာနေ ရာအိမ်မှူးဟောင်း ဆီရာဇူဟွတ်အား ပျောက်ဆုံးနေရာမှ ပြူးမချောင်းဘေး မြေနုကျွန်းပေါ်တွင် ပြင်ပဒဏ်ရာမရှိဘဲ သေဆုံးနေသည်ကို တွေ့ရှိခဲ့ရကြောင်း၊ ဖြစ်စဉ်(၁၃)မှာ ဇန်နဝါရီ ၂ ရက် တူရာတူလီရွာမှ ရာအိမ်မှူး လားလူသည် ဒီဇင်ဘာ ၃၀ ရက်တွင် မင်းကြီးကျေးရွာမှ ရာအိမ်မှူး ဦးလှထွန်းကို ပြန်လည်ပို့ဆောင်ရာမှ နေအိမ်သို့ မရောက်ရှိဘဲ ပျောက်ဆုံးလျက်ရှိသည်ကို သိရှိရကြောင်း၊ ဖြစ်စဉ် (၁၄) မှာ ဇန်နဝါရီ ၂ ရက်တွင် လင်ဘာကုန်းနားကျေးရွာနေ ဆွေဒူအာမီ ၃၀ နှစ်သည် ငါးစားကြူးချောင်းဘက်သို့ ငါးရှာသွားရာမှ ပြန်လည်ရောက်ရှိလာခြင်းမရှိ၍ မိသားစုများမှ လိုက်လံရှာဖွေရာ ဇန်နဝါရီလ ၂ ရက်နေ့တွင် ချောင်းစပ်မှ လည်ပင်းလှီးဖြတ်ဒဏ်ရာဖြင့် သေဆုံးနေသည်ကို တွေ့ရှိခဲ့ကြောင်း အဆိုပါ ထုတ်ပြန်ချက်တွင် ပါရှိသည်။

**(သတင်းစဉ်)**

*စာမျက်နှာ ၆ မှ*

| | |
|---|---|
| ၁၁။ သခင်တင် | သစ်တောရေးနှင့် လယ်ယာစိုက်ပျိုးရေးဝန်ကြီး |
| ၁၂။ ဦးဝမ္မသူးမောင် | ချင်းရေးရာဌာနဝန်ကြီး |
| ၁၃။ ဦးကျော်ငြိမ်း | ပြည်ထဲရေးဌာနဝန်ကြီး |
| ၁၄။ မန်းဝင်းမောင် | လမ်းပန်းအဆောက်အအုံ ဆက်သွယ်ရေးနှင့် အလုပ်သမားဌာနဝန်ကြီး |
| ၁၅။ ဗိုလ်ဖိုးကွန်း | ပညာရေး၊ ပြည်သူ့ဝန်ထမ်းနှင့်ပြန်လည်ထူထောင်ရေးဌာနဝန်ကြီး |
| ၁၆။ ဦးမြ(ဟင်္သာတ) | အမျိုးသားစီမံကိန်းနှင့် စက်မှုလက်မှုဝန်ကြီး |
| ၁၇။ ဦးညိုထွန်း | ပြန်ကြားရေးဌာနဝန်ကြီး |
| ၁၈။ ဗိုလ်စိန်မှန် | ဌာနလက်ကိုင်မရှိဝန်ကြီး |

### ဘုရင်ခံအိမ်တော်အခမ်းအနား

ရန်ကုန်မြို့ အလုံလမ်းရှိ ဗြိတိသျှမြန်မာပြည်အစိုးရဘုရင်ခံအိမ်တော်ဝင်း၌လည်းနံနက် ၆ နာရီအချိန်တွင် မြန်မာ့လွတ်လပ်ရေး အချုပ်အခြာအာဏာအလွှဲအပြောင်းနှင့် ဗြိတိသျှအစိုးရ၏ မြန်မာပြည်ဆိုင်ရာနောက်ဆုံးဘုရင်ခံဆာဟူးဘတ်ရန့်(စ်) မြန်မာနိုင်ငံမှ ထွက်ခွာမည့်အခမ်းအနားကို ကျင်းပသည်။

နံနက် ၆ နာရီ ၄၅ မိနစ်တွင် ဘုရင်ခံဆာဟူးဘတ်ရန့်(စ်) နိုင်ငံတော်သမ္မတကြီး စဝ်ရွှေသိုက်နှင့်အတူယှဉ်တွဲကာ အိမ်တော်အတွင်းမှ ထွက်လာပြီး ဗြိတိသျှလက်ကျန်စစ်တပ်တို့ကို လိုက်လံစစ်ဆေးစဉ် ရန်ကုန်မြစ်တွင်းရှိ ကရုဏာဗြိတိသျှတိုက်သင်္ဘောတစ်စင်းမှ အမြောက် ၁၇ ချက် ပစ်ဖောက်သည်။ ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဘုရင်ခံတို့သည် အလံတိုင်ရှေ့ရှိ စင်မြင့်ကလေးပေါ်သို့ အတူတက်ရောက်ကြသည်။

နံနက် ၆ နာရီ ၅၈ မိနစ်တွင် ဗြိတိသျှတို့၏ ယူနီယံဂျက်အလံကိုတိုင်ထိပ်ဖျားမှ တဖြည်းဖြည်းချလိုက်ပြီးနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံတော်ကို တိုင်ထိပ်သို့လွှင့်ထူလိုက်ရာ ပရိသတ်အားလုံးတို့က အလေးပြုကြလေသည်။

ထို့နောက် ဘုရင်ခံဆာဟူးဘတ်ရန့်(စ်)သည် မြန်မာအစိုးရအဖွဲ့ဝင်ဝန်ကြီးများအား တစ်ဦးချင်းစီလိုက်လံလက်ဆွဲနှုတ်ဆက်ပြီး အိမ်တော်မှထွက်ခွာကာ ရန်ကုန်ဆိပ်ကမ်းသို့ဆိုက်ရောက်ပြီး အသင့်စောင့်နေသော ဗြိတိသျှတို့၏ ဘာမန်ဂန်သင်္ဘောကြီးပေါ်သို့တက်ရောက်၍ နံနက် ၈ နာရီ မိနစ် ၂၀ အချိန်တွင် ဆိပ်ကမ်းမှ ထွက်ခွာသွားလေသည်။

ဤသည်တို့မှာ ၁၈၈၅ ခုနှစ်မှစ၍ ဗြိတိသျှနယ်ချဲ့သမားတို့ မတရားသိမ်းပိုက်ပြီး ၆၃ နှစ်ကြာမျှ စိုးမိုးအုပ်ချုပ်ခဲ့သော မြန်မာနိုင်ငံတော်ကို အပြီးတိုင်စွန့်ခွာ၍ အချုပ်အခြာအာဏာပိုင် လုံးဝလွတ်လပ်သောနိုင်ငံအဖြစ် အသိအမှတ်ပြုလိုက်ရသော ဗြိတိသျှတို့၏ နေမဝင်အင်ပါယာ နိဂုံးအဆုံးသတ်အခန်းကဏ္ဍပင် ဖြစ်ပေတော့သည်။

### ပထမဆုံးသော ပါလီမန်အစည်းအဝေး

ထိုနေ့နံနက် ၁၀ နာရီ ၁၅မိနစ်အချိန်တွင် ယာယီပါလီမန် (တိုင်းပြုပြည်ပြုလွှတ်တော်) အမတ်များသည် ရန်ကုန်မြို့အတွင်းဝန်များ ရုံးကြီးအတွင်းရှိ ပါလီမန်ခန်းမကြီးထဲ၌ အသီးသီး စုံညီစွာရောက်ရှိနေရာယူထားကြသည်။

ထိုနေ့ အခမ်းအနားအစပိုင်းတွင် ယာယီပါလီမန်ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသော ပျော်ဘွယ်ဦးမြက နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို လေးစားလိုက်နာမည်ဖြစ်ကြောင်း သစ္စာပြု၍ လက်မှတ်ရေးထိုးသည်။ တက်ရောက်လာကြသော ပါလီမန်အမတ်များကလည်း အလားတူ ကတိသစ္စာပြုကာ လက်မှတ်ရေးထိုးကြသည်။

### နိုင်ငံတော်သမ္မတ ပါလီမန်မိန့်ခွန်းပြောခြင်း

နံနက် ၁၀ နာရီမိနစ် ၃၀ အချိန်တွင် နိုင်ငံတော်သမ္မတကြီးသည် ပါလီမန်သို့ ရောက်ရှိလာပြီးနောက် မိန့်ခွန်းပြောကြားသည်။ ထိုနေ့နံနက် ပါလီမန်ပထမဆုံးနေ့အဖြစ် ကျင်းပသောအစည်းအဝေးတွင် နိုင်ငံတော်သမ္မတကြီး၏ ပထမဆုံးကတိသစ္စာဆိုချက်မှာ ဤသို့ဖြစ်သည်။

### သမ္မတကြီး၏ပထမဆုံးကတိသစ္စာဆိုချက်

"ကျွန်ုပ်စဝ်ရွှေသိုက်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို တည်မြဲအောင် ထိန်းသိမ်း၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ တရားဥပဒေများကို စောင့်ရှောက်ပါမည်။ ကျွန်ုပ်သည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့်တကွ တရားဥပဒေတို့နှင့်လျော်ညီစွာ မိမိ၏ တာဝန်ဝတ္တရားများကို ယုံကြည်လေးမြတ် ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်ပါမည်။ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဘေးရန်အန္တရာယ်အပေါင်းတို့ကို တွန်းလှန်ဖယ်ရှားရန်ကြိုးစွာသော သတိဝီရိယဖြင့် အားထုတ်ပါမည်။ ပြည်ထောင်စု မြန်မာနိုင်ငံတော်အား ကျွန်ုပ်၏အသက်နှင့်ကိုယ်ကို အပ်နှင်းသည်ဟု လေးနက်တည်ကြည်စွာကြေညာ၍ ကတိသစ္စာပြုသည်။"

### နိုင်ငံတော်သမ္မတကြီး၏ကြေညာချက်

၁၃၀၉ ခု ပြာသိုလပြည့်ကျော် ၉ ရက် တနင်္ဂနွေနေ့ လွတ်လပ်ရေးနေ့တွင် တိုင်းပြုပြည်ပြုလွှတ်တော်အစည်းအဝေးတွင် သမ္မတကြီးစဝ်ရွှေသိုက်က ဘုရားကျွန်၊ ကျောင်းကျွန်၊ ဒွန်းစဏ္ဍားများကို လွတ်လပ်ခွင့်ပေးကြောင်း အောက်ပါအတိုင်း ကြေညာသည်။

"မြန်မာနိုင်ငံတော်ကြီးသည် လွတ်လပ်သော တိုင်းပြည်ဖြစ်သည်နှင့်အညီ တစ်ဦးနှင့်တစ်ဦး နှိပ်စက်ခြင်း၊ တစ်ဦးကိုတစ်ဦး ကြောက်ရွံ့ရခြင်းမှစ၍ မကောင်းသောအလေ့ဆိုးများကို လုံးဝပယ်ဖျက်ရန် ကျွန်ုပ်ရည်ရွယ်သည်။ ရာဇဝင်တွင် ရှေးအခါကစ၍ ရှေးမင်းများ၏ အာဏာစက်ကြောင့် ဒွန်းစဏ္ဍား၊ သူတောင်းစား၊ ဘုရားကျွန်၊ ကျောင်းကျွန်၊ သင်္ချိုင်းစသည်တို့ကို ယနေ့မှစ၍ ရှေးမင်းတို့၏အာဏာကို ကျွန်ုပ်ပယ်ဖျက်၍ ထိုသူတို့သည် လွတ်လွတ်လပ်လပ်လုပ်ကိုင်နိုင်ကြစေဟူ၍ ကျွန်ုပ်အမိန့်ချမှတ်သည်။ ဤပြည်ထောင်စုနိုင်ငံတော်အတွင်း ရှိရှိသမျှသောနိုင်ငံသားများသည် ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေတွင်ပါရှိသည့်အတိုင်း တစ်ဦးနှင့်တစ်ဦး အခွင့်အရေးတူညီကြစေ။"

နံနက် ၁၁ နာရီတွင် နိုင်ငံတော်သမ္မတကြီးသည် လွှတ်တော်မှ ပြန်လည်ထွက်ခွာသွားသည်။

### သဝဏ်လွှာများဖတ်ကြားခြင်း

လွှတ်တော်အစည်းအဝေးကို ၁၀ မိနစ်ခန့်နားပြီး ဆက်လက်ကျင်းပရာ လွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံတော်လွတ်လပ်ရေးနှင့်ပတ်သက်၍ ဗြိတိသျှဘုရင်မင်းမြတ်ထံမှလည်းကောင်း၊ နန်းရင်းဝန်မစ္စတာအက်တလီထံမှ လည်းကောင်း၊ အမေရိကန် သမ္မတ ထရူးမင်းထံမှလည်းကောင်း၊ အိန္ဒိယဝန်ကြီးချုပ်ပဏ္ဍစ် ဂျဝါဟာလာနေရူးထံမှလည်းကောင်း ပေးပို့သောလွတ်လပ် ရေးနေ့သဝဏ်လွှာများကို လွှတ်တော်သို့ ဖတ်ကြားသည်။

### ဝန်ကြီးချုပ်တင်သွင်းသော အဆိုနှစ်ရပ်

ထို့နောက် ဝန်ကြီးချုပ်သခင်နုက အဆိုနှစ်ရပ်ကို တင်သွင်းရာ အားလုံး သဘောတူအတည်ပြုပြဋ္ဌာန်းလိုက်သည်။ ပထမအဆိုမှာ ပြည်ထောင်စု မြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ပါလီမန်ဆိုင်ရာ လွှတ်တော်နှစ်ရပ်လုံး၏အာဏာအားလုံးကို သုံးစွဲဆောင်ရွက်ခံစားရမည်ဟူသော ဥပဒေပုဒ်မ ၂၃၁၊ ပုဒ်မခွဲ(၁)အရ ဤတိုင်းပြု ပြည်ပြုလွှတ်တော်က လန်ဒန်မြို့တွင် ၁၃၀၉ ခု တန်ဆောင်မုန်းလဆန်း ၄ ရက်၊ ၁၉၄၇ ခုနှစ် အောက်တိုဘာလ ၁၇ ရက်နေ့၌ မြန်မာနိုင်ငံ ယာယီအစိုးရနှင့် ဗြိတိသျှနိုင်ငံ ယူနိုက်တက်ကင်းဒမ်းအစိုးရတို့ ချုပ်ဆိုခဲ့ကြသောစာချုပ်ကို ဤလွှတ်တော်မှ သဘောတူသည်။

ဒုတိယအဆိုမှာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၂၃၁ အရနိုင်ငံတော်ယာယီသမ္မတ ထုတ်ပြန်ကြေညာသည့်အမိန့်ကို ဤလွှတ်တော်က သဘောတူညီသည်။

ထိုနေ့က မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရရှိပြီးသည့်နောက် ပထမဆုံးကျင်းပသော လွှတ်တော်အစည်းအဝေးကို ထိုနေ့က မွန်းတည့် ၁၂ နာရီတွင် ရုပ်သိမ်းလိုက်သည်။

### ၆၉ နှစ်က လွတ်လပ်ရေးအောင်ပွဲသမင်လည်ပြန်

ဤသည်တို့မှာ လွန်ခဲ့သော ၆၉ နှစ်က မြန်မာနိုင်ငံ ပထမဆုံး လွတ်လပ်ရေးအောင်ပွဲနေ့တွင် ပထမဆုံးကျင်းပကြသော လွတ်လပ်ရေးအောင်ပွဲ အခမ်းအနားများနှင့် ဗြိတိသျှနယ်ချဲ့ အင်္ဂလိပ်တို့၏လက်ဝယ်မှ မြန်မာ့လွတ်လပ်ရေးကြီး ပြန်လည်လွှဲပြောင်းရယူပုံတို့၏ မြင်ကွင်းကို ကိုယ်တိုင်ပါဝင်ခံစားခဲ့ရပုံအကြောင်း ဖြစ်စဉ်တို့ကို ပြန်လည်တသတင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

**"ပြည်ထောင်စုလွတ်လပ်ရေး အစွန့်ရှည်တည်တံ့ခိုင်မြဲပါစေ"**

# မောင်တောဒေသစုံစမ်းစစ်ဆေးရေးကော်မရှင်၏ ကြားဖြတ်အစီရင်ခံစာထုတ်ပြန်

**နေပြည်တော် ဇန်နဝါရီ ၃**

မောင်တောဒေသစုံစမ်းစစ်ဆေးရေးကော်မရှင်က ယနေ့ရက်စွဲဖြင့် မောင်တောဒေသစုံစမ်းစစ်ဆေးရေးကော်မရှင်၏ ကြားဖြတ်အစီရင်ခံစာကို ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အဆိုပါ ကြားဖြတ်အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**မောင်တောဒေသစုံစမ်းစစ်ဆေးရေးကော်မရှင်**
**၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်**
**( ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက် )**
**မောင်တောဒေသစုံစမ်းစစ်ဆေးရေးကော်မရှင်၏**
**ကြားဖြတ်အစီရင်ခံစာ**

**နိဒါန်း**

၁။ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့၊ နိုဝင်ဘာလ ၁၂ ရက်နေ့နှင့် ၁၃ ရက်နေ့များ၌ ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်ခံရမှုများ၏ နောက်ခံအခြေအနေနှင့် ဖြစ်ရပ်အမှန်ပေါ်ပေါက်စေရေး စုံစမ်းစစ်ဆေးရန်နှင့် နောင်အလားတူ ဖြစ်စဉ်များ ထပ်မံမဖြစ်ပွားစေရေး သုံးသပ်အကြံပြုရန် စုံစမ်းစစ်ဆေးရေးကော်မရှင်ကို အဖွဲ့ဝင်စုစုပေါင်း ၁၃ ဦးဖြင့် နိုင်ငံတော် သမ္မတရုံး၏ ၁-၁၂-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၈၉ / ၂၀၁၆ ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

၂။ ကော်မရှင်သည် ကော်မရှင်အစည်းအဝေး သုံးကြိမ်ကျင်းပခြင်း မောင်တောဒေသသို့ ပထမအကြိမ် ကွင်းဆင်း၍ ကျေးရွာပေါင်း ၁၀ ရွာ၊ လုံခြုံရေးစခန်း လေးခုသို့ သွားရောက်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လူ့အဖွဲ့အစည်းအသီးသီးမှ ကျေးရွာသားများ၊ ရပ်ရွာလူကြီးများအားတွေ့ဆုံ၍ မေးမြန်းစုံစမ်းခြင်းနှင့် သတင်းထုတ်ပြန်ချက်နှစ်ကြိမ် ထုတ်ပြန်ခြင်းတို့ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

**၉ - ၁၀ - ၂၀၁၆ ရက်နေ့ဖြစ်စဉ်**

၃။ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၉ ရက် နံနက် ၀၁၃၀ အချိန်ခန့်တွင် မောင်တောမြို့နယ် အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့ဌာနချုပ် (ကျီးကန်းပြင်)သို့ အကြမ်းဖက်စီးနင်းတိုက်ခိုက်သူ ၁၀၀ ဦးခန့်ကလည်းကောင်း၊ တစ်ပြိုင်တည်းမှာပင် နံနက် ၀၃၃၀ အချိန်ခန့်တွင် ရသေ့တောင်မြို့နယ်၊ ကိုးတန်ကောက်နယ်ခြားစောင့် ရဲကင်းစခန်းကို အကြမ်းဖက်စီးနင်းတိုက်ခိုက်သူ အင်အား ၃၀ ခန့်ကလည်းကောင်း၊ ၀၄၃၀ အချိန်ခန့်တွင် ငါးခူရကင်းစခန်းကို အကြမ်းဖက်စီးနင်းတိုက်ခိုက်သူ ၅၀ ဦးခန့်က လည်းကောင်း၊ သေနတ်၊ ဓား၊ လုံ၊ ဂျင်ဂလိများအသုံးပြု၍ ရုတ်တရက်ဝင်ရောက် စီးနင်းတိုက်ခိုက်ခဲ့ပါသည်။ ဖြစ်စဉ်တွင် ရဲတပ်ဖွဲ့ဝင် ကိုးဦး ကျဆုံးခဲ့၍ ရဲတပ်ဖွဲ့ဝင် ခြောက်ဦး၊ ရဲတပ်ဖွဲ့ဝင် ဇနီး တစ်ဦး၊ အရပ်သားတစ်ဦး ဒဏ်ရာရရှိခဲ့ပြီး လက်နက်မျိုးစုံ ၅၂ လက် အပါအဝင် ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ ဆုံးရှုံးခဲ့ပါသည်။ ယင်းဖြစ်စဉ်များတွင် အကြမ်းဖက်တိုက်ခိုက်သူ နှစ်ဦးကို လုပ်သေနတ် တစ်လက်နှင့်အတူ ဖမ်းဆီးရမိပြီး ရှစ်ဦးကို အသေဖမ်းဆီးရရှိပါသည်။

**၁၂ - ၁၁ - ၂၀၁၆ ရက်နေ့ဖြစ်စဉ်**

၄။ ၁၂-၁၁-၂၀၁၆ ရက်နေ့ ၀၆ ၄၅ အချိန်ခန့်တွင် တပ်မတော်နှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ ပူးပေါင်းစစ်ကြောင်းသည် မယင်းတောင်ကျေးရွာအနီးသို့ရောက်ရှိစဉ် ပတ်ဝန်းကျင်ရှိ တောင်ကုန်းနှင့် တောတန်းများအတွင်းမှ သေနတ်၊ ဓား၊ လုံနှင့် မှိန်းများ ကိုင်ဆောင်လျက်ထွက်လာသည့် အကြမ်းဖက်တိုက်ခိုက်သူ ၇၀ ဦးခန့်နှင့် ထိတွေ့မှုဖြစ်ပွားခဲ့ရာ စစ်သည်တစ်ဦး ကျဆုံး၍ အရာရှိတစ်ဦးနှင့် စစ်သည်တစ်ဦးတို့ ဒဏ်ရာရရှိခဲ့ပါသည်။ အကြမ်းဖက်တိုက်ခိုက်သူခြောက်ဦးကို အသေဖမ်းဆီးရမိ၍ သေနတ်တစ်လက်နှင့်ခဲယမ်းအချို့ သိမ်းဆည်းရမိခဲ့ပါသည်။ ၁၀၃၀ အချိန်ခန့်တွင် ပွင့်ဖြူချောင်းကျေးရွာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ ရောက်ရှိသည့်အခါ နေအိမ်



လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝါးပိတ်ကျေးရွာတွင် မီးလောင်မှုကို မီးငြိမ်းသတ်နေစဉ်

အချို့ မီးလောင်ကျွမ်းထားသည်ကို တွေ့ရှိရပါသည်။ ၁၀၅၅ အချိန်တွင် ရဲတပ်ဖွဲ့နှင့် လဝက ဝန်ထမ်းများ လိုက်ပါလာသည့် ယာဉ်တန်းကို အကြမ်းဖက်တိုက်ခိုက်သူများက မောင်နှမတောင်ရွာအဝင် ဘောလီတံတား၌ မိုင်းဖြင့် ဖောက်ခွဲ၍ လက်နက်ငယ်ဖြင့် ပစ်ခတ်ခဲ့ပါသည်။ ၁၄၁၅ အချိန်တွင် ဂွဆုံကျေးရွာနှင့် အနီးအနားကျေးရွာများမှ သေနတ်၊ ဓား၊ လုံနှင့် မှိန်းများကိုင်ဆောင်လျက် ထွက်လာသောအကြမ်းဖက်တိုက်ခိုက်သူအင်အား ၈၀၀ ဦးခန့်က တပ်မတော်စစ်ကြောင်းကို ဂွဆုံကျေးရွာအနီး၌ဝိုင်းပတ်တိုက်ခိုက်ခဲ့သဖြင့် တပ်မတော်မှ ယာယီတပ်ရင်းမှူးတစ်ဦး ကျဆုံးပြီး စစ်သည်နှစ်ဦး ဒဏ်ရာရရှိခဲ့ပါသည်။ ထိုသို့ ပြင်းထန်စွာ တိုက်ခိုက်ခံနေရသဖြင့် တပ်မတော်(လေ)က MI-2 ရဟတ်ယာဉ် နှစ်စင်းဖြင့် လူစုခွဲရန် ပစ်ကူပေးခဲ့ရပါသည်။ ၁၅၂၀ အချိန်တွင် ဖော်ကီးတောင်တံတား၌ ရဲတပ်ဖွဲ့ဝင်များ လိုက်ပါလာသည့်ယာဉ်ကို အကြမ်းဖက်တိုက်ခိုက်သူများက မိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်ခြင်းကို ခံခဲ့ရပါသည်။ အကြမ်းဖက်တိုက်ခိုက်သူများသည် ၁၆၅၀ အချိန်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ လိုက်ပါလာသည့် မော်တော်ယာဉ်တန်းကိုလည်း မိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ပါသည်။

**၁၃ - ၁၁ - ၂၀၁၆ ရက်နေ့ဖြစ်စဉ်**

၅။ ၁၃ - ၁၁ - ၂၀၁၆ ရက်နေ့ ၀၉၀၀ အချိန်ခန့်တွင် နယ်ခြားစောင့် ရဲတပ်ဖွဲ့ဝင်များ ဦးဆောင်၍ လုံခြုံရေးတာဝန်ယူသော တပ်ဖွဲ့များနှင့်အတူ ဂွဆုံကျေးရွာသို့ သွားရောက်ရှင်းလင်းရာ ရွာရှိ အိမ်ခြေ ၅၀ ခန့် မီးလောင်ကျွမ်းထားသည်ကို တွေ့ရှိရပြီး ဓားရှည် ကိုယ်စီကိုင်ထားသည့် အကြမ်းဖက်တိုက်ခိုက်သူ ခုနစ်ဦးတို့က ရုတ်တရက်ပြေးထွက်လာ၍ အနီးကပ်ရန်ပြု တိုက်ခိုက်သဖြင့် လုံခြုံရေးတာဝန်ယူသော တပ်ဖွဲ့ဝင်များက ပြန်လည်ကာကွယ်ခုခံရာ အကြမ်းဖက်တိုက်ခိုက်သူ ခြောက်ဦးကို အသေဖမ်းဆီးရမိခဲ့ပါသည်။ ၁၃၀၀ အချိန်ခန့်တွင် ဓားကြီးဇား(တောင်)ကျေးရွာအတွင်းသို့ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များက ဦးဆောင်ဝင်ရောက်စဉ် တုတ်၊ ဓား ကိုယ်စီ ကိုင်ဆောင်ထားသည့် အကြမ်းဖက်သမား ၂၅ ဦးခန့်က အလစ်အငိုက် စောင့်ကြိုတိုက်ခိုက်သဖြင့် လုံခြုံရေးတာဝန်ယူသည့်တပ်ဖွဲ့များက ကာကွယ်ပစ်ခတ်ရာ အကြမ်းဖက်တိုက်ခိုက်သူ ၁၉ ဦးကို အသေဖမ်းဆီးရမိခဲ့ပါသည်။ ၁၆၃၀ အချိန်ခန့်တွင် အကြမ်းဖက်တိုက်ခိုက်သူ ၁၀ ဦးခန့် ရောက်ရှိနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝါးပိတ်ကျေးရွာအတွင်းသို့ ဝင်ရောက်ရှင်းလင်းရာ အကြမ်းဖက်တိုက်ခိုက်သူများ ဆုတ်ခွာသွားပြီး ကျေးရွာအတွင်းရှိ နေအိမ်များ မီးလောင်ကျွမ်းလျက်ရှိသည်ကို တွေ့ရှိရသဖြင့် မီးလောင်ကျွမ်းနေသည့်နေအိမ်များကို လုံခြုံရေးတပ်ဖွဲ့က မီးငြိမ်းသတ်ခဲ့ရပါသည်။ ယင်းဖြစ်စဉ်တွင် ဗလီတစ်လုံးနှင့် အိမ်အချို့ မီးလောင်ကျွမ်းမှုမရှိသည်ကိုလည်း တွေ့ရှိရပါသည်။

**မောင်တောဖြစ်စဉ်တွင် ဦးဆောင်ပါဝင်သူများ**

၆။ မောင်တောဒေသ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်သည် RSO အကြမ်းဖက်အဖွဲ့နှင့် ဆက်နွယ်သော မောင်တောဒေသတွင် လှုပ်ရှားသည့် Aqa Mul Mujahidin (အကာလ်မူလ် မူဂျာဟီဒင်န်)အဖွဲ့၏ ဆောင်ရွက်ချက်ဖြစ်ကြောင်း၊ ၎င်းအဖွဲ့ကိုဦးဆောင်သူမှာ မောင်တောမြို့နယ်၊ ကျောက်ပြင်ဆိပ်ကျေးရွာနေ ဘာသာရေး၊ လူမျိုးရေးအစွန်းရောက် တစ်ဦး ဖြစ်သည့် ဟာဖစ်တူဟာရ် ခေါ် အာပူဟာမတ် ဇူးလူနီ ဖြစ်ကြောင်း၊ အသက် ၄၅ နှစ်ခန့်ရှိသည့် ဟာဖစ်တူဟာရ်သည် ပါကစ္စတန်နိုင်ငံရှိ တာလီဘန်များထံတွင် ခြောက်လသင်တန်းတက်ရောက်ခဲ့သူဖြစ်ကြောင်း၊ ဟာဖစ်တူဟာရ်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ တက္ကနာ့ဖ် အနီးရှိ ကျေးရွာတစ်ရွာတွင်လည်း သွားရောက်နေထိုင်လေ့ရှိပြီး ဒုက္ခသည်အမည်ခံ၍ အရှေ့အလယ်ပိုင်းနိုင်ငံများရှိ အဖွဲ့အစည်းများထံမှ ငွေကြေးထောက်ပံ့မှုများ ရယူလျက်ရှိကြောင်း၊ ၎င်းနှင့်အတူ ပူးပေါင်းဆောင်ရွက်နေသူများမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံနေ ငါးခူရကျေးရွာတွင် ရောက်ရှိနေသော ပါကစ္စတန် နိုင်ငံသား ခါလစ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ကူတာပါလောင် ဒုက္ခသည်စခန်းတွင် နေထိုင်သော အီဗရာဟိန်း၊ အဇာ၊ အာရပ်တူလာ၊ နီလာဒုက္ခသည်စခန်းတွင် နေထိုင်သော ဇူဘိုင်၊ အစ္စလာမ် ဆိုသူ အပါအဝင် ၁၂ ဦးတို့ဖြစ်ကြောင်း၊ ၎င်းတို့သည် လွန်ခဲ့သော ငါးလခန့်မှစ၍ ဟာဖစ်တူဟာရ်၏ အစီအစဉ်ဖြင့် မောင်တောဒေသသို့ဝင်ရောက်လာပြီး ဟာဖစ်တူဟာရ် စည်းရုံးထားသော ဒေသနေ အစွန်းရောက်လူငယ်များကို အကြမ်းဖက်သင်တန်းများ ပေးခဲ့ကြောင်း ဖမ်းဆီးရမိသည့် မာမက်နူရာ၊ မာမက်ဆန်နှင့် ဖော်ဆော်လာမောက်တို့၏ ထွက်ဆိုချက်များအရ သိရှိရပါသည်။ တိုက်ခိုက်မှုဖြစ်စဉ်နောက်ပိုင်းတွင် တိုက်ခိုက်မှုခေါင်းဆောင်ဖြစ်သူ ဟာဖစ်တူဟာရ်သည် လူမှုကွန်ရက်များမှတစ်ဆင့် မောင်တောဒေသတွင် စစ်ပွဲများ ဆက်လက်ဆင်နွှဲရေးအတွက် ၎င်းတို့နှင့်အတူ ပူးပေါင်းဆောင်ရွက်ရန် ဝါဒဖြန့်ဗီဒီယိုဖိုင်ကို ဆက်တိုက် ၁၀ ကြိမ် ထုတ်လွှင့်ခဲ့ရာ ပထမအကြိမ် ထုတ်လွှင့်သည့် ဗီဒီယိုတွင် အောက်ပါအတိုင်း တွေ့ရှိရပါသည်-

**“မောင်တောဒေသအကြမ်းဖက်တိုက်ခိုက်ရေးအဖွဲ့ ခေါင်းဆောင် ဟာဖစ်တူဟာရ်(ခ) အာပူဟာမတ်ဇူးလူနီ၏ (ပထမ) ဝါဒဖြန့် ဗီဒီယိုဖိုင် (၁၂-၁၀-၂၀၁၆)”**

“ငါတို့ရိုဟင်ဂျာညီအစ်ကိုများ အစ္စလာမ်လူမျိုးများကို ကယ်တင်ချင်ရင် ရခိုင်မြေမှာ နေထိုင်ချင်ခဲ့လို့ရှိရင် ရခိုင်ပြည်တွင်ရှိသည့် ညီအစ်ကိုမောင်နှမ ရိုဟင်ဂျာလူမျိုး နားထောင်ထား၊ ရခိုင်ပြည်မှာရှိတဲ့ ယောကျ်ားလူပျိုများအားလုံး ထွက်ခဲ့ကြ၊ အမှန်တကယ် ကယ်တင်ချင်လို့ရှိရင် အိမ်မှာထိုင်မနေကြဘဲ အားလုံးထွက်လာခဲ့ကြ၊ ယောကျ်ားဆိုရင် သေမှာမကြောက်နဲ့ အားလုံး ထွက်လာခဲ့ကြ၊ တိုက်ပွဲဆင်နွှဲကြမယ်၊” ဟု ကြေညာခဲ့ပါသည်။

**လက်ရှိမောင်တောဒေသဖြစ်စဉ်၏ထူးခြားချက်**

၇။ ယခုဖြစ်စဉ်သည် ရခိုင်ပြည်နယ်အတွင်း ယခင်ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များနှင့်မတူ ကွဲပြားလျက်ရှိပါသည်။ ယခင်ဖြစ်ပွားခဲ့သော ဖြစ်စဉ်များသည် ဒေသခံပြည်သူအချင်းချင်း အကြား ဖြစ်ပွားခဲ့သောပဋိပက္ခများဖြစ်ပြီး ယခုဖြစ်စဉ်သည် ၂၀၁၂ ခုနှစ် နောက်ပိုင်း၌ အကြမ်းဖက်အဖွဲ့အစည်းများက စနစ်တကျအချိန်ယူပြီး ဖွဲ့စည်းပြင်ဆင်မှုများပြုလုပ်၍ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးသည့် အကြမ်းဖက် တိုက်ခိုက်မှုမျိုး ဖြစ်ပါသည်။ ထို့အပြင် ပြည်ပနှင့်ဆက်စပ်နေသည့် ကွင်းဆက်များလည်း ပေါ်ပေါက်နေသဖြင့် ပိုမိုသိမ်မွေ့ရှုပ်ထွေးလျက်ရှိပါသည်။

၈။ ယခုဖြစ်စဉ်များသည် ပြည်ပနိုင်ငံများရှိ အစွန်းရောက်အဖွဲ့အစည်းများ၊ လူမျိုးရေးအရ သွေးခွဲလှုံ့ဆော်လိုသူများ၏ ထောက်ခံမှု၊ စည်းရုံးမှုများ၊ ငွေကြေးထောက်ပံ့မှုများ၊ တိုက်ခိုက်မှု အတွေ့အကြုံရှိသူတို့၏ ဦးဆောင်မှုများဖြင့် ဒေသခံဘင်္ဂါလီများ၏ မိမိတို့ ရသင့်ရထိုက်သော အခွင့်အရေးများ မရရှိဟုဆိုသော ယူဆချက်များကို အသုံးချ၍ နိုင်ငံတကာက အလေးထား အာရုံပြုလာအောင် အကွက်ကျကျ ဖန်တီးဖော်ဆောင်သည့် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်သည်ကို တွေ့ရှိရပါသည်။


၉။ အချို့သောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များကလည်း ဤဒေသအတွင်း၌ မငြိမ်မသက် ဆူပူမှုများဖြစ်စေရေးအတွက် ရည်ရွယ်ချက်ဖြင့် ငွေကြေးထောက်ပံ့မှုများကို ပြည်ပနိုင်ငံများမှတစ်ဆင့် နည်းလမ်းအမျိုးမျိုးဖြင့် ပေးအပ်လျက်ရှိကြောင်း ဖမ်းဆီးရမိသည့် တရားခံများ၏ ထွက်ဆိုချက်အရ သိရှိရပါသည်။

**ပြင်ပစွပ်စွဲပြောဆိုမှုများအပေါ် စိစစ်ချက်**

၁၀။ ပြင်ပစွပ်စွဲပြောဆိုမှုများနှင့်ပတ်သက်၍ ကော်မရှင်က အလေးအနက်ထား၍ တရားမျှတစွာ စုံစမ်းစစ်ဆေးရာ၌ လူမျိုးတုံးအောင် သတ်ဖြတ်မှုများ မတွေ့ရှိရသကဲ့သို့ ဘာသာရေးအရ ဖိနှိပ်ချုပ်ချယ်မှုများမရှိသည်ကို မောင်တောဒေသရှိ ဘင်္ဂါလီ လူဦးရေ၊ ဗလီ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံနှင့် မော်လဝီ ဦးရေ တိုးပွားများပြားနေခြင်းတို့က သက်သေပြလျက်ရှိပါသည်။

၁၁။ ထို့အပြင် ဘင်္ဂါလီကျေးရွာများ၌ အဓမ္မပြုကျင့်မှုများ၊ ဥပဒေမဲ့ဖမ်းဆီးမှုနှင့် ညှဉ်းပန်းနှိပ်စက်မှုများ၊ မီးရှို့မှုများ ကျူးလွန် လျက်ရှိသည်ဆိုသည့် စွပ်စွဲချက်များကို ကော်မရှင်က အလေးထား စုံစမ်းစစ်ဆေးခဲ့ပါသည်။ ထိုကျေးရွာများ၌ တာဝန်ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့၏ တာဝန်ရှိသူများကလည်း ယင်းပြစ်မှု ကျူးလွန်မှုများနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးဖော်ထုတ်မှု၊ တရားဝင်တိုင်ကြားမှု၊ သက်သေခိုင်လုံမှုတို့အပေါ်မူတည်၍ ဥပဒေအရ ထိရောက်စွာ အရေးယူရန်အသင့်ရှိပါကြောင်း တင်ပြကြပါသည်။ အမျိုးသမီးများကို အဓမ္မပြုကျင့်မှုရှိကြောင်း သတင်းဖြစ်ပေါ်နေခြင်းနှင့် စပ်လျဉ်း၍ ကော်မရှင်က ဒေသခံ ရွာသားများနှင့် အမျိုးသမီးများကို နည်းလမ်းအမျိုးမျိုးဖြင့် တွေ့ဆုံဆွေးနွေးမေးမြန်းခဲ့ရာတွင် ယနေ့အချိန်ထိ အရေးယူမှုများ ဆက်လက်ဆောင်ရွက်နိုင်လောက်သည့် အထောက်အထားနှင့် သက်သေခံချက်များ ရရှိမှုမရှိသေးပါကြောင်းနှင့် နေအိမ်မီးရှို့မှုများနှင့်စပ်လျဉ်း၍ တိကျသောသက်သေအထောက်အထား ရရှိရေးအတွက် ဆက်လက်စုံစမ်း စစ်ဆေးလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

*စာမျက်နှာ ၉ သို့*



“မောင်တောဒေသအကြမ်းဖက်တိုက်ခိုက်ရေးအဖွဲ့ ခေါင်းဆောင် ဟာဖစ်တူဟာရ်(ခ) အာပူဟာမတ်ဇူးလူနီ၏ (ပထမ) ဝါဒဖြန့် ဗီဒီယိုဖိုင် (၁၂-၁၀-၂၀၁၆)”




ရာဇဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့နယ် ပန်းပုကွင်းကျေးရွာ နဂါးရစ်တောင် ဓမ္မပါလတောရကျောင်း၌ သီတင်းသုံးလျက်ရှိသော နဂါးရစ်တောင်ဆရာတော် ဦးဝိသုဒ္ဓနှင့် တပည့်သားသမီးများက ဇီဝိတဒါန သံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ်သိန်း ၁၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံယူစဉ် (သတင်းစဉ်)

# အမိန့်ကြော်ငြာစာများ ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇန်နဝါရီ ၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် ဆရာတော်ကြီးများ၊ ဂန္ထဓုရပရိယတ္တိဝန်ဆောင်စာချဆရာတော်များ၊ ဝိပဿနာဓုရ ပဋိပတ္တိ ဝန်ဆောင်ကမ္မဋ္ဌာန်းနည်းပြ ဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်း ပြည်ပသာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာထောက်ပံ့လှူဒါန်းပေးနေကြသည့်ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းအပ်နှင်းလိုက်သည့် အမိန့်ကြော်ငြာစာအမှတ် (၁/ ၂၀၁၇) ကိုလည်းကောင်း၊ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များအပ်နှင်းသည့်အမိန့်ကြော်ငြာစာအမှတ် (၂/ ၂၀၁၇)ကို လည်းကောင်း၊ မြန်မာနိုင်ငံစစ်မှုထမ်းသင်္ဂဟတံဆိပ်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၃/ ၂၀၁၇) ကိုလည်းကောင်း၊ စစ်မှုထမ်းကောင်းတံဆိပ်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၄/ ၂၀၁၇) ကိုလည်းကောင်း၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၅/ ၂၀၁၇) ကိုလည်းကောင်း၊ ရဲမှုထမ်းကောင်း တံဆိပ်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ် (၆/ ၂၀၁၇)ကိုလည်းကောင်း၊ နိုင်ငံတော်ရဲမှုထမ်းတံဆိပ်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ် (၇/ ၂၀၁၇) ကိုလည်းကောင်း၊ ပြည်သူ့ဝန်ထမ်းတံဆိပ်နှင့်ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ် (၈/ ၂၀၁၇) ကိုလည်းကောင်း ဇန်နဝါရီ ၄ ရက် (၆၉)နှစ်မြောက်လွတ်လပ်ရေးနေ့တွင် ထုတ်ပြန်ကြေညာလိုက်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

*စာမျက်နှာ ၈ မှ*

ဥပဒေမဲ့ဖမ်းဆီးမှုနှင့်ညှဉ်းပန်းနှိပ်စက်မှုများကိုလည်း ဖော်ထုတ်အရေးယူ ဆောင်ရွက်လျက်ရှိပါသည်။

**လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးမှုအခြေအနေ**

၁၂။ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် လိုက်လျောညီထွေစွာ ပူးပေါင်းဆောင်ရွက်သူများနှင့် သတင်းပေးသည်ဟု သံသယရှိသူများကို ခြိမ်းခြောက်သတ်ဖြတ်မှုများ၊ ဖမ်းဆီးခေါ်ဆောင်မှုများ ပြုလုပ်လျက်ရှိရာ မောင်တောဒေသရှိ ကျေးလက်များတွင် အကြမ်းဖက်သမားများ ဝင်ထွက်သွားလာလျက်ရှိသဖြင့် ရပ်ရွာဒေသ တည်ငြိမ်အေးချမ်းရေးမှာ စိုးရိမ်ဖွယ်ရာ အခြေအနေရှိပါသည်။ ရဲစခန်းများမှ ယူဆောင်သွားသော လက်နက်များသည် ယခုအထိ ၎င်းတို့၏လက်ဝယ်၌ရှိနေသည့်အပြင် လက်လုပ်မိုင်းများကိုလည်း သိုဝှက်ထားရာမှ သိမ်းဆည်းရမိခြင်းများရှိနေရာ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ခြိမ်းခြောက်မှုများ ဖြစ်လျက်ရှိသည်ဟု သုံးသပ်ရပါသည်။ ရပ်ရွာတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ ဒေသအတွင်းရှိ ပြည်သူအားလုံး စိတ်ချလုံခြုံစွာ နေထိုင်သွားလာနိုင်ရေးအတွက် အချိန်ယူဖော်ဆောင်ရမည့် အခြေအနေရှိပါကြောင်း တွေ့ရှိရပါသည်။

၁၃။ လူမှုစီးပွားရေးဘဝ မြှင့်တင်ရေး၊ ဝင်ငွေတိုးတက်ရရှိရေး၊ စီးပွားရေးအခွင့်အလမ်းများ ဖြောင့်ဖြူးရေးတို့မှာ အချိန်ယူ၍ ဆောင်ရွက်ရမည့်ကိစ္စရပ်များ ဖြစ်ပါသည်။ လောလောဆယ်အခြေအနေ၌ ပြည်သူအများစု၏ စီးပွားရေး အဆင့်အတန်းမှာ နိမ့်ကျလျက်ရှိပြီး ပြည်နယ်တစ်ခုလုံးအနေဖြင့် ဆင်းရဲနွမ်းပါးမှုနှုန်း မြင့်မားနေသော်လည်း ဒေသအခြေအနေအရ လယ်ယာလုပ်ငန်းနှင့် ရေလုပ်ငန်းတို့၏ အခြေအနေပေးမှုများကြောင့် အလွန်အကျွံ အာဟာရချို့တဲ့မှုများ ဖြစ်ပေါ်နေသည်ကို မတွေ့ရှိရပါ။

၁၄။ ဤကော်မရှင်အနေဖြင့်မူ ဒေသအတွင်း ဈေးရောင်းဈေးဝယ်လုပ်ငန်းများ အဆင်ပြေရေးအတွက် ကျေးရွာဈေးများအားလုံး ဖွင့်လှစ်နိုင်ရေးကိုလည်းကောင်း၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်၍ ပညာသင်ကြားနိုင်ရေးကိုလည်းကောင်း၊ လူသားချင်းစာနာထောက်ထားသည့် အကူအညီများကို ဒေသခံကျေးရွာသားများထံသို့ အရောက် ပေးပို့နိုင်ရန်လည်းကောင်း၊ သတင်းမီဒီယာသမားများ လွတ်လပ်စွာ သတင်းရယူနိုင်ရေးအတွက် ခွင့်ပြုဆောင်ရွက်နိုင်ရန်လည်းကောင်း၊ သွားလာရေးအဆင်ပြေစေရန်လည်းကောင်း အစီရင်ခံသည့်ကာလအတွင်း ရခိုင်ပြည်နယ်အစိုးရနှင့် ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ယခုအခါ မောင်တောဒေသ နယ်စပ်ဂိတ်ကို ပြန်လည်ဖွင့်လှစ်နိုင်သည့်အပြင် ကျေးရွာဈေးပေါင်း ၂၆ ခု၊ စည်ပင်ဈေး နှစ်ခုရှိရာ ယင်းဈေးများအားလုံး ဖွင့်လှစ်ရောင်းဝယ်နေပြီ ဖြစ်ပါသည်။ စာသင်ကျောင်း ၁၈၃ ကျောင်း ရှိသည့်အနက် ၁၇၁ ကျောင်း ဖွင့်လှစ် ပညာသင်ကြားလျက်ရှိပြီဖြစ်ပါသည်။

၁၅။ အကြမ်းဖက်ဖြစ်စဉ်နှင့်ပတ်သက်သော ပြစ်မှုများတွင် ပြစ်မှုကျူးလွန်ကြောင်း သက်သေထင်ရှားပေါ်ပေါက်ခြင်းမရှိသည့် ဖမ်းဆီးထိန်းသိမ်းထားသူ ၁၀ ဦးကို ရာဇဝတ် ကျင့်ထုံးဥပဒေ ပုဒ်မ ၁၆၉ အရ ပြန်လွှတ်ခဲ့ပါသည်။ ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်နေသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ ဆွေးနွေးညှိနှိုင်းချက်များအရ တရားခံ ၄၈၅ ဦးကို အမှုပေါင်း ၄၉ မှု ဖြင့် အရေးယူထားသည့်အနက် အမှုပေါင်း ၂၈ မှု ကို တရားစွဲဆို တင်ပို့နိုင်ခဲ့ပါသည်။ တရားစွဲဆို တင်ပို့ခဲ့သောအမှုများအနက် အမှုသုံးမှု ပြီးပြတ်ခဲ့ပါသည်။

**နိဂုံး**

၁၆။ ကော်မရှင်အနေဖြင့် မောင်တောဒေသဖြစ်စဉ်နှင့်စပ်လျဉ်း၍ ပဋိပက္ခဖြစ်စဉ်တို့၏ သဘောသဘာဝအရ ဥပဒေနှင့်မညီသော ပြုလုပ်မှုများ ပါရှိလာနိုင်သည့် အခြေအနေများကိုလည်းကောင်း၊ ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ကောလာဟလသတင်းများ ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများကိုလည်းကောင်း အစဉ်သတိပြုလျက် သတင်းများကို အလေးထားစိစစ် ဆောင်ရွက်လျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**စုံစမ်းစစ်ဆေးရေးကော်မရှင်**

# တိုင်းဒေသကြီး၏နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေမူကြမ်းကို တိုင်းဒေသကြီးလွှတ်တော်အတည်ပြုခဲ့

**မုံရွာ ဇန်နဝါရီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ဒုတိယအကြိမ်လွှတ်တော်အရေးပေါ်အစည်းအဝေး (၁/ ၂၀၁၇)ပထမနေ့ဖြစ်သည့် ဇန်နဝါရီ၂ ရက်က တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးတင်သွင်းသော ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စစ်ကိုင်းတိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေမူကြမ်းကို ဒုတိယနေ့ဖြစ်သော ဇန်နဝါရီ၃ ရက် ဒုတိယနေ့အစီအစဉ်တွင် လွှတ်တော်၏အတည်ပြုချက်ကိုရယူရာ တက်ရောက်လာသော တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၈၉ ဦးက သဘောတူညီခဲ့ကြသည်။

"၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီးရဲ့နောက်ထပ်ဘဏ္ဍာ ငွေခွဲဝေ သုံးစွဲရေးဥပဒေမူကြမ်းနဲ့ပတ်သက်လို့ ပထမနေ့ကလွှတ်တော်ကိုတင်ခဲ့ပြီး ဒုတိယ နေ့မှာ ဝက်လက်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးမောင်မောင်ဝင်းက မူကြမ်းနဲ့ပတ်သက်ပြီး ဆွေးနွေးခဲ့ပါတယ်။ မူကြမ်းနဲ့ပတ်သက်ပြီး ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းနဲ့ ဆွေးနွေးလိုတဲ့အကြောင်းအရာတွေကို ပထမနေ့ဖြစ်တဲ့ ဇန်နဝါရီ၂ရက် ညနေ ၄ နာရီအထိ လက်ခံခဲ့တာ လွှတ်တော်ကိုယ်စားလှယ်သုံးဦးကတင်ခဲ့ပေမယ့် ကျန်တဲ့နှစ်ဦးတင်တာမပြည့်စုံတဲ့အတွက် ဝက်လက်ကိုယ်စားလှယ်တင်တာကိုပဲ ဆွေးနွေးခွင့်ပြုခဲ့ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ရဲ့ဆွေးနွေးတဲ့အပေါ် တိုင်းစီမံကိန်းနဲ့ ဘဏ္ဍာရေးဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ဥပဒေမူကြမ်းကို အတည်ပြုဖို့အဆိုကို တင်သွင်းခဲ့ပါတယ်။ အဲဒီနောက်မူကြမ်းနဲ့ ပတ်သက်ပြီး လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူကာ တက်ရောက်လာတဲ့ လွှတ်တော်ကိုယ်စားလှယ် ၈၉ ဦးက သဘောတူခဲ့ကြပါတယ်" ဟု တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသန်းက ပြောကြားသည်။

အရေးပေါ်အစည်းအဝေးဒုတိယနေ့တွင် တိုင်းဒေသကြီး ဒုတိယအကြိမ်လွှတ်တော် အရအသုံးငွေစာရင်းဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာ ကော်မတီ၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်လျက်ရှိသော အဆောက်အအုံ၊ လမ်း၊ တံတားတည်ဆောက်မှုနှင့်ပတ်သက်၍ ကွင်းဆင်းစစ်ဆေးချက် အစီရင်ခံစာကို လွှတ်တော်တွင်မှတ်တမ်းတင်ပေးနိုင်ရန် မုံရွာမြို့နယ်မဲဆန္ဒနယ် အမှတ်(၂ )တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်ကြည်က တင်ပြရာ အစီရင်ခံစာနှင့် စပ်လျဉ်း၍ လွှတ်တော်မှ မှတ်တမ်းတင်ရန် သဘောထားကိုရယူ၍ လွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူခဲ့ကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ်ရောက်ရှိနိုင်

**နေပြည်တော် ဇန်နဝါရီ ၃**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲတိုင်းထွာချက်အရ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ် (Depression) အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်း ကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ **(မိုး/ဇလ)**

# မောင်တောမြို့နယ်အတွင်း မိုးလုံလေလုံအားကစားခန်းမ တည်ဆောက်လျက်ရှိ

**မောင်တော ဇန်နဝါရီ ၃**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်ရှိ ဘောလုံးကွင်းအနီး တိုင်းဒေသကြီး အစိုးရခွင့်ပြုရန်ပုံငွေဖြင့် အားကစားကွင်းဧရိယာအတွင်း မိုးလုံလေလုံ အားကစားခန်းမ တည်ဆောက်လျက်ရှိသည်။

အဆိုပါ အားကစားခန်းမအဆောက်အအုံကို ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် သန်းပေါင်း ၂၉ ဒသမ ၂ သန်း ဖြင့် အကျယ် ၆ ဒသမ ၅ ဧကကျယ်ဝန်းသော မြေဧရိယာပေါ်၌ အလျားပေ ၁၂၀၊ အနံပေ ၉၀ နှင့် အမြင့် ၃၆ ပေရှိ အားကစားခန်းမတည်ဆောက်ပြီးစီးပါက ဘော်လီဘော၊ ကြက်တောင်၊ ပိုက်ကျော်ခြင်း၊ ကရာတေးဒိုနှင့် ပင်ပေါင်ရိုက် အားကစားပြိုင်ပွဲများ ကျင်းပနိုင်မည်ဖြစ်ကြောင်း၊ အလားတူ ဘောလုံးကွင်း ပွဲကြည့်စင်ကိုလည်း အဆင့်မြှင့်တင် တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ မောင်တောမြို့နယ် အား/ကာမှူး ဦးဇော်မင်းထွေးက ပြောကြားသည်။

"ဒီလို မိုးလုံလေလုံအားကစားခန်းမဆိုတာ မြို့နယ်တိုင်းမှာလိုအပ်တဲ့ အားကစားအထောက်အကူပြုပစ္စည်းတွေပဲဖြစ်ပါတယ်။ ဒါတွေရှိခြင်းအားဖြင့် အားကစားသမားတွေ နွေ၊ မိုး၊ ဆောင်း အစဉ်အဆက်မပြတ် ကစားနိုင်တဲ့အတွက် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားတွေ ထွက်ပေါ်လာဖို့ တစ်ထောင့်တစ်နေရာက အကျိုးပြုနိုင်မယ်လို့ ထင်ပါတယ်။ အားကစားကို လိုက်စားခြင်းဖြင့် လူငယ်တွေအချင်းချင်း ပေါင်းသင်းဆက်ဆံရေး တိုးတက်လာပြီး လူငယ်တွေမူးယစ်ဆေးဝါးသုံးစွဲမှုလည်း အထိုက်အလျောက် လျော့ကျလာနိုင်မယ်၊ နောက် ဗလငါးတန် ဖွံ့ဖြိုးတိုးတက်လာဖို့ကိုလည်း အထောက်အကူဖြစ်လာနိုင်ပါတယ်" ဟု ၎င်း၏ အမြင်ကို ပြောပြသည်။

အဆိုပါ မိုးလုံလေလုံအားကစားခန်းမကို ရွှေကျွန်းသန္တာဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူတည်ဆောက်လျက်ရှိပြီး ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၅ ရက်က စတင်တည်ဆောက်ခဲ့ကာ ယခုနှစ် မတ်လကုန်တွင် အားကစားနှင့် ကာယပညာဦးစီးဌာနသို့ အပြီးတည်ဆောက်အပ်နှံနိုင်ရေး မောင်တောမြို့နယ် ဆောင် ရွက်လျက်ရှိကြောင်း သိရသည်။



**သတင်း-ဇင်ဦး၊ ကိုမင်း**

**ဓာတ်ပုံ - သီဟစည်သူ**

# (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ကမ္ဘာ့နိုင်ငံအသီးသီးမှခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၃

**၂၀၁၇ ခုနှစ် ဇန်နဝါရီ ၄ ရက်၌ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၉)နှစ်မြောက်လွတ်လပ်ရေးနေ့ အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံတော်အကြီးအကဲများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။**

**စင်ကာပူနိုင်ငံ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏(၆၉)နှစ်မြောက်လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ စင်ကာပူသမ္မတနိုင်ငံသမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်းက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် အဆွေတော်နှင့် မြန်မာနိုင်ငံပြည်သူများထံသို့ စင်ကာပူနိုင်ငံပြည်သူများကိုယ်စား နွေးထွေးစွာ လှိုက်လှဲဝမ်းမြောက်ကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

၂၀၁၆ခုနှစ်သည် စင်ကာပူနှင့်မြန်မာနိုင်ငံအတွက် သိသာထင်ရှားသော သမိုင်းမှတ်တိုင်တစ်ခုဖြစ်ပြီး နှစ်နိုင်ငံသံတမန်ဆက်ဆံရေးမှာလည်း နှစ်(၅၀) ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဖြင့် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာပညာရေးနှင့် လေကြောင်းဆက်သွယ်မှုကိစ္စရပ်များကို ခိုင်မာအောင် လုပ်ဆောင်နိုင်ခဲ့ပြီ ဖြစ်ပါသည်။ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု စာမျက်နှာသစ်ဖွင့်လှစ်နိုင်ခြင်းနှင့်အတူ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုသည်လည်း ယခုထက်ပိုမိုတိုးတက်နက်ရှိုင်းလာလိမ့်မည်ဟု ယုံကြည်မိပါသည်ဟု ဖော်ပြထားပါသည်။

**ကမ္ဘောဒီးယားနိုင်ငံ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၉)နှစ်မြောက်လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးထင်ကျော်ထံသို့ ကမ္ဘောဒီးယားနိုင်ငံဘုရင်မင်းမြတ် ပရယ်ဘတ်ဆမ်ဒက်ပရယ်ဘိုရှိနစ်နိုရိုဒွန်သီဟာမိုနီက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် အဆွေတော်နှင့် မြန်မာနိုင်ငံသားများကိုယ်စား ဝမ်းမြောက်ကြောင်း၊ အဆွေတော်အတွက် ကျန်းမာခြင်း၊ အောင်မြင်ခြင်းနှင့်အတူ မြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် သာယာဝပြောမှုဆက်လက်ရှိရန်အတွက် ဆုမွန်ကောင်းတောင်းအပ်ပါသည်။ ကမ္ဘောဒီးယားနှင့် မြန်မာ နှစ်နိုင်ငံပြည်သူများအကြားရှိ ကာလရှည်ကြာစွာရှိနေသော ခင်မင်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုသည် လာမည့်နှစ်များတွင် ပိုမိုတိုးတက်ကျယ်ပြန့်လာနိုင်မည်ဟု ယုံကြည်မိပါသည်ဟု ဖော်ပြထားပါသည်။

**ထိုင်းနိုင်ငံ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၉)နှစ်မြောက်လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ်ချန်အိုချာက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် အဆွေတော်နှင့် မြန်မာနိုင်ငံပြည်သူများထံသို့ ထိုင်းနိုင်ငံ၏တော်ဝင်အုပ်ချုပ်ရေးအဖွဲ့နှင့် ထိုင်းနိုင်ငံပြည်သူပြည်သားများ ကိုယ်စား လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အဆွေတော်၏အစိုးရအဖွဲ့စတင်လာခြင်းနှင့်အတူ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံအကြား နှစ်နိုင်ငံအလည်အပတ်လာရောက်မှုများနှင့်အတူ နှစ်နိုင်ငံဆက်ဆံရေးမှာလည်း ပိုမိုကျယ်ပြန့်လာခဲ့ပြီဖြစ်ပါသည်။ ၂၀၁၆ခုနှစ် နိုဝင်ဘာ၉ရက်က ထိုင်းဘုရင်ဟောင်း ဘူမိဘောအဒူလျာဒက်အား အလေးအမြတ်ပြုသည့်အနေဖြင့် ထိုင်းနိုင်ငံသို့ အဆွေတော်၏ အလည်အပတ်လာရောက်မှုကို အလွန်ဝမ်းမြောက်မိပါသည်။ ထိုင်းနှင့်မြန်မာနှစ်နိုင်ငံသံတမန်ဆက်ဆံရေးသည် လာမည့်၂၀၁၈ ခုနှစ်တွင် အနှစ် (၇၀) ပြည့်မြောက်ရန် နီးကပ်လာပြီဖြစ်ပါသည်။ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမှသည် နီးကပ်သောမဟာဗျူဟာမြောက်မိတ်ဖက်များအဖြစ်သို့ ဆက်လက်တက်လှမ်းသွားနိုင်မည်ဟု မျှော်လင့်ထားပါသည်ဟု ဖော်ပြထားသည်။

**ရုရှားဖက်ဒရေးရှင်းနိုင်ငံ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏(၆၉)နှစ်မြောက်လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးထင်ကျော်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာဗလာဒီမာပူတင်ကဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် မိမိနှင့်ရုရှားပြည်သူများထံမှ အဆွေတော်နှင့်မြန်မာနိုင်ငံပြည်သူများထံသို့ လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဆုမွန်ကောင်း ပို့သအပ်ပါသည်။

ရုရှား-မြန်မာနှစ်နိုင်ငံဆက်ဆံရေးသည် ရင်းနှီးနွေးထွေးသည့်ဆက်ဆံရေးဖြစ်သည်ကို မကြာသေးမီက ဆိုချီ၌ပြုလုပ်ခဲ့သည့်ဆွေးနွေးပွဲတွင် အပြည့်အဝဆောင်ရွက်ခဲ့မှုများက ခိုင်မာသေချာစေခဲ့ပါသည်။ နှစ်နိုင်ငံပူးပေါင်းအင်အားစိုက်ထုတ်မှုများက နောက်ထပ်ဖွံ့ဖြိုးတိုးတက်မှုအသစ်များနှင့် မတူကွဲပြားသောနိုင်ငံတကာဖွဲ့စည်းမှုများအကြား အထောက်အကူပြုအပြန်အလှန်အကျိုးသက်ရောက်မှုများကိုဖြစ်ထွန်းလာစေလိမ့်မည်ဟု ယုံကြည်မိပါသည်။ အဆွေတော်နှင့်နိုင်ငံသားများအား ကျန်းမာအောင်မြင်စေလိုကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်ဟု ဖော်ပြထားသည်။

**ဗြိတိန်နိုင်ငံ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၉)နှစ်မြောက်လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ ဗြိတိန်နိုင်ငံ ဒုတိယမြောက် အယ်လဇဘက်ဘုရင်မကြီးက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါသဝဏ်လွှာတွင် မိမိအနေဖြင့် လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နှစ်သစ်အခါသမယတွင် ကောင်းကျိုးလိုရာဆန္ဒနှင့်ပြည့်ဝစေရန် ဆန္ဒမွန်ကောင်းများတောင်းလိုက်ပါကြောင်း စသည်ဖြင့်ဖော်ပြထားသည်။ ***ဆက်လက်ဖော်ပြပါမည်***

## ပထမအကြိမ်ကြားနာခြင်းကို သမ္မတပတ် တက်ရောက်ရန် ပျက်ကွက်

**နိုင်ငံတကာသတင်း**

**ဆိုးလ် ဇန်နဝါရီ ၃**

တောင်ကိုရီးယားသမ္မတ ပတ်ဂွန်ဟေးအား နိုင်ငံရေးအရှုပ်တော်ပုံနှင့်ပတ်သက်ပြီး စွပ်စွဲထားသည့်အမှုကို ယနေ့ ဇန်နဝါရီ ၃ ရက်တွင် ပထမဆုံးအကြိမ် စတင်ကြားနာစစ်ဆေးရာတွင် ပတ်အနေဖြင့် တက်ရောက်ခြင်းမရှိခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

သမ္မတပတ် တက်ရောက်ရန် ပျက်ကွက်ခဲ့သော်လည်း တရားရုံးအနေဖြင့် ဥပဒေဆိုင်ရာလုပ်ငန်းစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပထမအကြိမ် ကြားနာခြင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံး၌ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် ပြုလုပ်ခဲ့သော်လည်း သမ္မတပတ် တက်ရောက်ရန် ပျက်ကွက်ခဲ့သည့်အတွက် မွန်းလွဲ ၂ နာရီ ၉ မိနစ်တွင် ပြီးဆုံးခဲ့ကြောင်း ဒေသဆိုင်ရာမီဒီယာများတွင် ဖော်ပြထားသည်။



ဒုတိယအကြိမ် ကြားနာခြင်းကို ဇန်နဝါရီ ၅ ရက်တွင် လည်းကောင်း၊ တတိယအကြိမ် ကြားနာခြင်းကို ဇန်နဝါရီ ၁၀ ရက်တွင်လည်းကောင်း ပြုလုပ်ရန် လျာထားကြောင်း သိရသည်။ ဒုတိယအကြိမ် ကြားနာခြင်းအား သမ္မတပတ်၏ ကာလရှည်ယုံကြည်ခဲ့ရသူ ချွိုင်ဆွန်ဆီ၊ အဆင့်မြင့်အကြံပေးနှစ်ဦးနှင့် သမ္မတ၏ ကိုယ်ရေးအရာရှိဟောင်း လေးဦးတို့ လာရောက်သက်သေခံမည်ဖြစ်ပြီး တတိယအကြိမ် ကြားနာခြင်းအတွက်လည်း ၎င်းတို့အား ဆက်လက် ဆင့်ခေါ်သွားမည်ဟု သိရသည်။ သမ္မတပတ်သည် အမှုနှင့်ရင်ဆိုင် နေရချိန်တွင် ဝန်ကြီးချုပ် ဝှမ်ကျိုအန်းက ယာယီသမ္မတအဖြစ် တာဝန်ထမ်းဆောင်နေကြောင်း သိရသည်။ **(ဆင်ဟွာ)**

## အစ္စရေးဝန်ကြီးချုပ်အား လာဘ်စားမှုဖြင့် စစ်ဆေး

**ဂျေရုဆလင် ဇန်နဝါရီ ၃**

အစ္စရေးနိုင်ငံရဲတပ်ဖွဲ့က ရှေ့နေချုပ် အဗီချိုင် မန်တယ်ဘလစ်၏ ခွင့်ပြုချက်ဖြင့် ဝန်ကြီးချုပ် နေတန်ယာဟုအား ကုန်သည်များထံမှ တရားမဝင် ငွေကြေးများရယူသည်ဟု သံသယရှိမှုဖြင့် လွန်ခဲ့သောရက်က စစ်ဆေးခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

နေတန်ယာဟုအနေဖြင့် ကုန်သည်များထံမှ တရားမဝင် အကျိုးအမြတ်များ ရယူခဲ့သည်ဟု သံသယရှိကြောင်း၊ ကနဦးစစ်ဆေးရန် သက်သေအပြည့်အဝရရှိခဲ့ကြောင်း၊ စစ်ဆေးတွေ့ဆိုချက်များကိုလည်း အများပြည်သူသိရှိရန် ထုတ်ပြန်သွားမည်ဖြစ်ကြောင်း ရှေ့နေချုပ်၏ထုတ်ပြန်ချက်တွင် ဖော်ပြသည်။ ရဲတပ်ဖွဲ့၏ စစ်ဆေးမှုကို ဂျေရုဆလင်မြို့ရှိ ဝန်ကြီးချုပ်အိမ်တော်တွင် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အချိန်သုံးနာရီကျော်ကြာခဲ့ကြောင်း သိရသည်။ ဝန်ကြီးချုပ်ရုံးကလည်း သက်သေမရှိဘဲ စွပ်စွဲခြင်းဖြစ်ကြောင်း ဝေဖန်ခဲ့ပြီး မည်သည့်ရလဒ်မှ ရရှိမည်မဟုတ်ကြောင်း ထုတ်ပြန်ကြေညာသည်။ သတင်းမီဒီယာများ၏ဖော်ပြချက်တွင် နေတန်ယာဟုနှင့် ၎င်း၏မိသားစုသည် ကုန်သည်များထံမှ လာဘ်ယူခဲ့သည်ဟု သံသယရှိကြောင်းဖော်ပြခဲ့ပြီး ကုန်သည်နှစ်ဦးအနက် တစ်ဦးမှာ အမေရိကန်နိုင်ငံရှိ ဂျူးလူမျိုး ဘီလီလျံနာ အက်စတီးလောက်ဒါကုမ္ပဏီ တည်ထောင်သူ ကမ္ဘာ့ဂျူးလူမျိုးအဖွဲ့အစည်းဥက္ကဋ္ဌ ရိုနယ်လောက်ဒါဖြစ်ကြောင်း ဆိုသည်။ **(ဆင်ဟွာ)**

## ဘရာဇီးအကျဉ်းထောင်၌ ပဋိပက္ခများဖြစ်ပွား၊ ၅၆ ဦးထက်မနည်းသေဆုံး



**ရီယိုဒီဂျနေရိုး ဇန်နဝါရီ ၃**

ဘရာဇီးနိုင်ငံမြောက်ပိုင်းရှိ အကျဉ်းသား ဦးရေထူထပ်သည့် အကျဉ်းထောင်တစ်ခုတွင် ရုန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့ပြီး အကျဉ်းသား ၅၆ ဦးထက်မနည်း သေဆုံးသွားခဲ့ကြောင်း သိရသည်။

သေဆုံးသွား သူများအနက် အများစုမှာ ခေါင်းဖြတ်ခံရပြီး သေဆုံးသွားခဲ့ရကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်

အမေဇုန်ဒေသအတွင်းရှိ မန်နော့စ်အကျဉ်းထောင်အတွင်း၌ ယှဉ်ပြိုင်ဘက် ဒုစရိုက်ဂိုဏ်းအချင်းချင်း တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီးနောက် တနင်္ဂနွေနေ့တွင် ပဋိပက္ခများ စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဓိကရုဏ်းဖြစ်ပွားမှုသည် ၁၇ နာရီအကြာတွင် ပြီးဆုံးသွားခဲ့ပြီး အကျဉ်းသားများက ဓားစာခံအဖြစ် ဖမ်းဆီးထား သည့် အစောင့် ၁၂ ဦးကို မထိခိုက်စေဘဲ လွှတ်မြောက်ပေးလိုက်ပြီး လက်နက်ချခဲ့ကြောင်း သိရသည်။ **(ဆင်ဟွာ)**

## အမေရိကန်တောင်ပိုင်း၌ လေဆင်နှာမောင်းဝင်ရောက်တိုက်ခတ်

**အလက်ဘားမား ဇန်နဝါရီ ၃**

အမေရိကန်အရှေ့တောင်ပိုင်း အလက်ဘားမားတွင် ဇန်နဝါရီ ၂ ရက်က လေဆင်နှာမောင်း ဝင်ရောက်မှုဖြစ်ပွားခဲ့ရာ လူလေးဦးမှာ လေဆင်နှာမောင်းတိုက်ခတ်မှုအတွင်း သေဆုံးခဲ့ရကြောင်း သိရသည်။

လေပြင်းမုန်တိုင်းသည် အမေရိကန် တောင်ပိုင်းသို့ မိုးပေါက်များ၊ မိုးသီးများ၊ လေထန်မှုများနှင့်အတူ ဝင်ရောက်လာခဲ့ပြီး သစ်ပင်များကို နေအိမ်များပေါ်သို့ ရိုက်လှဲချလိုက်သကဲ့သို့ ဖြစ်သွားစေခဲ့ကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။ သေဆုံးသွားသူများသည် ဒေါ်သန် မြို့ပြင်ရှိ ရွှေ့ပြောင်းနိုင်သည့် အမိုးတပ်အိမ်များအတွင်း ရှိနေခဲ့ကြသည်ဟု ဟောက်စတွန်စီရင်စု အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့၏ ပြောဆိုခွင့်ရှိသူ ခရစ်ဝဲက တယ်လီဖုန်း အင်တာဗျူးတစ်ခုတွင် ဖြေကြားခဲ့သည်။ **(ရိုက်တာ)**

# ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏အမည်စာရင်းများကြေညာ

နေပြည်တော် ဇန်နဝါရီ ၃

**၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းများကို သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများတွင် ဇန်နဝါရီ ၂ ရက်မှစတင်၍ ကပ်ထားကြေညာထားပြီးဖြစ်ကြောင်း သိရှိရသည် -**

**ယမန်နေ့မှအဆက်**

### အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း တင်သွင်းမှုအခြေအနေ

၇.၁၂.၂၀၁၆

| စဉ် | မဲဆန္ဒနယ် | | လွှတ်တော်ကိုယ်စားလှယ်လောင်း အမည် | ပါတီ/တစ်သီးပုဂ္ဂလ | တင်သွင်း ရက်စွဲ |
|---|---|---|---|---|---|
| ၃ | ရန်ကုန်တိုင်းဒေသကြီး | | | | |
| | မဲဆန္ဒနယ်အမှတ်(၆) | ၁ | ဦးခင်မောင်ရည်(ခ) ခိုင်မောင်ရည် | အမျိုးသားဒီမိုကရေစီအင်အားစုပါတီ | ၁.၁၂.၂၀၁၆ |
| | | ၂ | ဦးခင်မောင်အေး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅.၁၂.၂၀၁၆ |
| | | ၃ | ဒေါ်နီလာအုန်း(ခ) ဒေါ်ထိုက်အိမ္ဘြေဦး | တစ်သီးပုဂ္ဂလ | ၇.၁၂.၂၀၁၆ |
| | | ၄ | ဒေါက်တာခမောင်မောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၆.၁၂.၂၀၁၆ |
| | | ၅ | ဦးမြင့်ကြည် | ဒီမိုကရက်တစ်ပါတီ(မြန်မာ) | ၅.၁၂.၂၀၁၆ |
| | | ၆ | ဦးသက်ထွန်း | အမျိုးသားတိုးတက်ရေးပါတီ | ၆.၁၂.၂၀၁၆ |

### တိုင်းဒေသကြီး / ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်လောင်း တင်သွင်းမှုအခြေအနေ

၇.၁၂.၂၀၁၆

| စဉ် | မဲဆန္ဒနယ် | | လွှတ်တော်ကိုယ်စားလှယ်လောင်း အမည် | ပါတီ/တစ်သီးပုဂ္ဂလ | တင်သွင်းရက်စွဲ |
|---|---|---|---|---|---|
| ၁ | ကယားပြည်နယ် | | | | |
| | ဖရူဆိုမဲဆန္ဒနယ်(၁) | ၁ | ဦးဆူရယ် | အမျိုးသားတိုးတက်ရေးပါတီ | ၅.၁၂.၂၀၁၆ |
| | | ၂ | ဦးရီးချက် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅.၁၂.၂၀၁၆ |
| | | ၃ | ဦးသဲရယ် | လူမျိုးပေါင်းစုံဒီမိုကရေစီပါတီ (ကယားပြည်နယ်) | ၆.၁၂.၂၀၁၆ |
| | | | | | |
| ၂ | ရှမ်းပြည်နယ် | | | | |
| | ကျေးသီးမဲဆန္ဒနယ်(၁) | ၁ | စိုင်းစံမိုင်း | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၄.၁၂.၂၀၁၆ |
| | | ၂ | စိုင်းဆိုင်လင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၂.၁၂.၂၀၁၆ |
| | | ၃ | ဦးစိုင်းရွှေမှုံ(ခ)ဦးစိုင်းလိတ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅.၁၂.၂၀၁၆ |
| | | ၄ | နန်းနွေးနွေး | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃၀.၁၁.၂၀၁၆ |
| | | | | | |
| ၃ | ကျေးသီးမဲဆန္ဒနယ်(၂) | ၁ | ဦးကျာဘို | လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၆.၁၂.၂၀၁၆ |
| | | ၂ | ဦးခင်မောင်ညွန့် | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၄.၁၂.၂၀၁၆ |
| | | ၃ | ဦးစိုင်းမိုးကျော်သူ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅.၁၂.၂၀၁၆ |
| | | ၄ | စိုင်းသန့်ဇင်လင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၂.၁၂.၂၀၁၆ |
| | | ၅ | နန်းမွန်းအောင် | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃၀.၁၁.၂၀၁၆ |
| | | | | | |
| ၄ | မိုင်းရှူးမဲဆန္ဒနယ်(၁) | ၁ | ဦးကျော်ခင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၆.၁၂.၂၀၁၆ |
| | | ၂ | ဦးစိုင်းစံညွန့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄.၁၂.၂၀၁၆ |
| | | ၃ | စိုင်းလင်းမြတ် | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၄.၁၂.၂၀၁၆ |
| | | ၄ | ဦးဆမ်းဆန် | 'ဝ'လစ်ဘရယ်ဒီမိုကရက်တစ်တိုးတက်ဖွံ့ဖြိုးရေးပါတီ | ၃.၁၂.၂၀၁၆ |
| | | ၅ | နန်းစံဦး | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁.၁၂.၂၀၁၆ |
| | | | | | |
| ၅ | မိုင်းရှူးမဲဆန္ဒနယ်(၂) | ၁ | ဦးစိုင်းကံ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄.၁၂.၂၀၁၆ |
| | | ၂ | ဦးစိုင်းဘထွန်း | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၅.၁၂.၂၀၁၆ |
| | | ၃ | ဦးဆန်းမွန်(ခ)ဆမ်းမိန်း | 'ဝ'လစ်ဘရယ်ဒီမိုကရက်တစ်တိုးတက်ဖွံ့ဖြိုးရေးပါတီ | ၃.၁၂.၂၀၁၆ |
| | | ၄ | ဒေါ်နန်းခကောင်ခမ်း | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၄.၁၂.၂၀၁၆ |
| | | ၅ | နန်းစင့်ခမ်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၇.၁၂.၂၀၁၆ |
| | | | | | |
| ၆ | ကျိုင်းတုံမဲဆန္ဒနယ်(၂) | ၁ | ဒေါက်တာစိုင်းရွက်ပောင်(ခ) စိုင်းရွက် | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၆.၁၂.၂၀၁၆ |
| | | ၂ | ဦးစိုင်းလုံ | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၄.၁၂.၂၀၁၆ |
| | | ၃ | ဒေါ်နာတာလီနာ(ခ)ယာမီ | အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁.၁၂.၂၀၁၆ |
| | | ၄ | ဦးရှာမွေလရှဲန် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃.၁၂.၂၀၁၆ |
| | | ၅ | ဒေါက်တာဝဏ္ဏစိုး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၆.၁၂.၂၀၁၆ |
| | | ၆ | ဦးအာမုတ် | လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၅.၁၂.၂၀၁၆ |
| | | | | | |
| ၇ | ညောင်ရွှေမဲဆန္ဒနယ်(၁) | ၁ | ဦးခင်မောင်ဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၅.၁၂.၂၀၁၆ |
| | | ၂ | ဦးစံရွှေ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆.၁၂.၂၀၁၆ |
| | | ၃ | ဦးသော်တာ | အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၆.၁၂.၂၀၁၆ |

## ပဲနောက်ရိတ်သိမ်းစဉ် ရှေးဟောင်းပစ္စည်းများတွေ့ရှိ

**ပွင့်ဖြူ ဇန်နဝါရီ ၃**

ပွင့်ဖြူမြို့နယ် ရေပုတ်ကလေးကျေးရွာတွင် ဇန်နဝါရီ ၁ ရက်က တောင်သူ ဦးစန်းငွေ၏ ပဲနောက်စိုက်ခင်းမှ ပဲနောက်များရိတ်သိမ်းစဉ် တံစဉ်ဖြင့်ချိတ်ပါလာသော ရှေးဟောင်းပစ္စည်းများကို တူးဖော်တွေ့ရှိခဲ့သည်။



အဆိုပါပစ္စည်းများမှာ ငွေထည်ပစ္စည်းများဟုယူဆရသော အရှည် ၃၀ လက်မ၊ အုန်းဆံကြိုး အပွပုံကြိုးတစ်ကုံး၊ အလေးချိန်(၃ ကျပ် ၅ ပဲသား)၊ အရှည်ခြောက်လက်မခန့်ရှိ သံကွင်းဆက်တစ်ခုအလေးချိန်(၃ ပဲ ၇ ရွေး)၊အသည်းပုံလက်ကောက်နှစ်ကွင်း( ၂ ကျပ် ၂ပဲ)၊ အဝိုင်းပုံလက်ကောက်နှစ်ကွင်း( ၁ ကျပ် ၁ပဲ)၊ အရုပ်ရေးဆွဲထားသည့်လက်စွပ်တစ်ကွင်း(၆ ပဲ)၊ မောင်းကွင်းပုံလက်စွပ်ငါးကွင်း (၉ ပဲ)၊ ရွှေထည်ဟုယူဆရသော အချင်းတစ်လက်မခန့်ရှိ ကျောက်သုံးလုံးပါ ဆွဲပြားအဝိုင်း(၁၃ ပဲ ၆ ရွေး)ခန့် တို့ကိုတွေ့ရှိခဲ့ပြီး သက်ဆိုင်ရာမြို့နယ် အုပ်ချုပ်ရေးမှူးထံတင်ပြ၍ ရှေးဟောင်းသုတေသန ဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သူရထွန်း (ပွင့်ဖြူ)**

## ၂၀၁၆ ခုနှစ်တစ်နှစ်တာအတွင်း မိတ္ထီလာမြို့နယ်၌ယာဉ်မတော်တဆမှု ၁၇၀ ဖြစ်ပွား

**မိတ္ထီလာ ဇန်နဝါရီ ၃**

မိတ္ထီလာမြို့နယ်၌ ၂၀၁၆ ခုနှစ် တစ်နှစ်တာအတွင်း ယာဉ်မတော်တဆမှု ၁၇၀ ဖြစ်ပွားပြီး သေဆုံးသူ ၄၂ ဦးနှင့် ဒဏ်ရာရရှိသူ ၂၂၂ ဦးရှိခဲ့၍ ဆုံးရှုံးမှုတန်ဖိုးမှာ ငွေကျပ် ၆၀၃၀၀၀၀ ရှိခဲ့ကြောင်း သိရသည်။

၂၀၁၆ ခုနှစ် တစ်နှစ်တာအတွင်း မိတ္ထီလာမြို့နယ်၌ ယာဉ်မတော်တဆမှုများဖြစ်ပွားခဲ့ရာ မြို့မရဲစခန်းပိုင်နယ်မြေအတွင်း၌ ယာဉ်မတော်တဆမှု ၇၈ မှု၊ သေဆုံးသူ ၁၃ ဦးနှင့် ဒဏ်ရာရရှိသူ ၉၄ ဦးရှိပြီး အမှတ်(၂)ရဲစခန်းပိုင်နယ်မြေတွင်လည်း ယာဉ်မတော်တဆမှု ၆၄ မှု၊ သေဆုံးသူ ၁၅ ဦးနှင့် ဒဏ်ရာရရှိသူ ၈၅ ဦးရှိခဲ့သည်။

ထို့နောက် အမှတ်(၃)ရဲစခန်းပိုင်နယ်မြေအတွင်း၌လည်း ယာဉ်မတော်တဆမှုကိုးမှုရှိခဲ့၍ သေဆုံးသူလေးဦးနှင့် ဒဏ်ရာရရှိသူကိုးဦးရှိပြီး ရှမ်ငယ်တိုက်နယ်ရဲစခန်းပိုင်နယ်မြေ၌တွင်လည်း ယာဉ်မတော်တဆမှု ၁၂ မှုဖြစ်ပြီး သေဆုံးသူခုနစ်ဦးနှင့် ဒဏ်ရာရရှိသူ ၂၈ ဦးရှိခဲ့သည်။

ဆက်လက်၍ အလည်ရွာတိုက်နယ်ရဲစခန်းပိုင်နယ်မြေတွင်လည်းယာဉ်မတော်တဆမှုခုနစ်မှုဖြစ်ပွားခဲ့ပြီး သေဆုံးသူသုံးဦးနှင့် ဒဏ်ရာရရှိသူခြောက်ဦးရှိခဲ့ရာ မြို့နယ်အတွင်း၌ ၂၀၁၆ ခုနှစ် တစ်နှစ်တာအတွင်းယာဉ်မတော်တဆမှု စုစုပေါင်း ၁၇၀ မှုဖြစ်ပွားပြီး သေဆုံးသူ ၄၂ ဦးနှင် ဒဏ်ရာရရှိသူ ၂၂၂ ဦးရှိခဲ့ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## နွေသီးနှံများရေပေးဝေနိုင်ရန် ဆီမီးခုံ(၂) လျှပ်စစ်မြစ်ရေတင်မှုဆောင်ရွက်

**မြင်းခြံ ဇန်နဝါရီ ၃**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဆီမီးခုံ (၂) လျှပ်စစ်မြစ်ရေတင်လုပ်ငန်းသည် ဒေသ၏စိုက်ပျိုးရေးလုပ်ငန်းတွင် အဓိကအရေးပါသော အစိတ်အပိုင်းဖြစ်ပြီး မိုးနည်းရေရှားဒေသတောင်သူများ၏ အားထားရာရေရရှိရာတစ်ခုဖြစ်သည်။

ထိုသို့အရေးပါသော ဆီမီးခုံ (၂) လျှပ်စစ်မြစ်ရေတင်သည် နွေရာသီတွင် နွေသီးနှံအတွက် ရေပေးဝေနိုင်ရန် ရေဝင်လမ်းကြောင်းများကို တူးဖော်လျက်ရှိသည်။

ဆီမီးခုံ(၂) လျှပ်စစ် မြစ်ရေတင် ပင်မရေတင်စက်ရုံရေစုပ်ကျင်းသို့ စီးဝင်သောရေဝင် လမ်းကြောင်းမှာ ဧရာဝတီမြစ်၊ ရေဝင်လမ်းကြောင်းပြောင်းလဲမှုကြောင့် နှစ်စဉ်သဲသောင်ထွန်းခြင်းများဖြစ်ပေါ်လေ့ရှိပြီး အဆိုပါရေဝင်လမ်းကြောင်းကို ဆည်မြောင်းနှင့်ရေအသုံးချ မှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ (Deposit Work) လုပ်ငန်းအပ်နှံစနစ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၆-၂၀၁၇ နွေသီးနှံအတွက်လည်း ရေပေးဝေနိုင်ရန် တိုင်းဒေသကြီးအစိုးရ၏ ငွေလုံးငွေရင်းရန်ပုံငွေမှ ငွေကျပ် ၅၂ သန်းဖြင့် ရေဝင်လမ်းကြောင်းများဖော်ခြင်းကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်မှစတင်ကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆီမီးခုံ (၂) လျှပ်စစ်မြစ်ရေတင်မှ ယခုနှစ်နွေသီးနှံတွင် ပဲတီစိမ်း ၃၇၃ ဧက ၊ နှမ်း၁၅ ဧက စုစုပေါင်းသီးနှံ ၃၈၈ ဧကကို စိုက်ပျိုးရေပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်မင်းနိုင် ( မြင်းခြံ )**



## လွတ်လပ်ရေးနေ့ကိုဂုဏ်ပြု နံရံကပ်စာစောင်၊ ဓာတ်ပုံနှင့်စာအုပ်ပြပွဲများပြုလုပ်

**သထုံ ဇန်နဝါရီ ၃**

မွန်ပြည်နယ် သထုံမြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးကျောင်းတွင် ဇန်နဝါရီ ၂ ရက်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် လွတ်လပ်ရေးနေ့အကြောင်း သိကောင်းစရာများကို ဆွေးနွေးဟောပြောပြီး နံရံကပ်စာစောင်၊ ဓာတ်ပုံနှင့်စာအုပ်များကို ခင်းကျင်းပြသပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် သထုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား ကျောင်းသူများ ကြည့်ရှုလေ့လာနိုင်စေရန်အတွက် စာအုပ်စာစောင်များ၊ လွတ်လပ်ရေးနှင့် ပတ်သတ်သည့်မှတ်ဖွယ်မှတ်ရာ နံရံကပ်စာစောင်များ၊ ဓာတ်ပုံများကိုဝေဆာစွာဖြင့် ခင်းကျင်းပြသထားရာ စိတ်ပါဝင်စားစွာ လေ့လာမှတ်သားခဲ့ကြကြောင်း သိရှိရသည်။

**သက်ဦး(သထုံ)**

# မိတ္ထီလာမြို့ ကမ်းပါးမြင့်ကျေးရွာအနီး၌ ဆန်အိတ်များတင်ဆောင်လာသောမော်တော်ယာဉ် တိမ်းမှောက်

**မိတ္ထီလာ ဇန်နဝါရီ ၃**

မိတ္ထီလာမြို့နယ်၌ ဆန်အိတ် ၆၀၀ ကျော် တင်ဆောင်လာသော မော်တော်ယာဉ်တစ်စီး ဇန်နဝါရီ ၃ ရက် နံနက် ၅ နာရီက မိတ္ထီလာမြို့ မြို့ရှောင်လမ်း မိုင်တိုင်အမှတ်-၉ ကမ်းပါးမြင့်ကျေးရွာအနီး၌ တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိတ္ထီလာမြို့ မြို့ရှောင်လမ်းအတိုင်း တောင်မှမြောက်ဘက်သို့ ယာဉ်မောင်း ကိုအောင်သူမိုး မောင်းနှင်ပြီး ကိုအောင်ပိုက် လိုက်ပါ၍ ဆန်အိတ် ၆၀၀ ကျော် တင်ဆောင်လာသော MDY 5B/---- ၂၂ ဘီးတွဲယာဉ်သည် ဇန်နဝါရီ ၃ ရက် နံနက် ၅ နာရီက မိတ္ထီလာမြို့ မြို့ရှောင်လမ်း မိုင်တိုင်အမှတ်-၉ ကမ်းပါးမြင့်ကျေးရွာအနီး၌ တိမ်းမှောက်ခဲ့ရာ ယာဉ်မောင်း ကိုအောင်သူမိုး ဒဏ်ရာအနည်းငယ်ရရှိခဲ့ပြီး အဆိုပါ အမှုအား သာစည်မြို့နယ် ဟံဇာ နယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေး လျက်ရှိကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



# ကျိုင်းတုံ-မိုင်းဖြတ် ပြည်ထောင်စုလမ်းမပေါ်၌ နမ့်လုံချောင်းအတွင်း ယာဉ်ထိုးကျတိမ်းမှောက်

**မိုင်းဖြတ် ဇန်နဝါရီ ၃**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ် တာကျောက်ကျေးရွာအနီး ကျိုင်းတုံ-မိုင်းဖြတ် ပြည်ထောင်စုလမ်းမ မိုင်တိုင် ၆၉၀- ၆၉၁ ကီလိုမီတာကြားတွင် ဇန်နဝါရီ ၃ ရက် မွန်းတည့် ၁၂ နာရီခန့်က ကျိုင်းတုံမှ မိုင်းဖြတ်ဘက်သို့ ယာဉ်မောင်း ဦးယောနစံ(၄၄ နှစ်) မောင်းနှင်လာသော ယာဉ်အမှတ် 3G/---- ဖော်ကြူနာယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးရှိ နမ့်လုံချောင်းထဲသို့ ထိုးကျတိမ်းမှောက်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

အဆိုပါယာဉ်တွင် လိုက်ပါလာသော ဦးအောင်စိုးမိုးတို့ မိသားစု ငါးဦးသည် ကျိုင်းတုံမှ မိုင်းဖြတ်မြို့နယ် မိုင်းဟဲကျေးရွာရှိ နေအိမ်အပြန်ခရီး၌ တိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ ယာဉ်တိမ်းမှောက်မှုကြောင့် ဦးအောင်စိုးမိုးနှင့် ဇနီး ဒေါ်မြင့်မြင့်တင်၊ သားငယ်တစ်ဦး၊ ယာဉ်မောင်း ဦးယောနစံ (စိုးရိမ်ရ)တို့ လေးဦးမှာ ဒဏ်ရာပြင်းထန်စွာ ရရှိပြီး သုံးနှစ်အရွယ် သမီးငယ်မှာ ထိခိုက်ဒဏ်ရာမရဘဲ ခြောက်နှစ်အရွယ် သမီးငယ်မှာ ပျောက်ဆုံးနေကြောင်း သိရသည်။

ယင်းဖြစ်ပွားရာသို့ မိုင်းဖြတ်မြို့မှ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ သင်္ဂဟ လူမှုကူညီရေးအသင်းများ၊ ကျေးလက်ပြည်သူတို့က ကယ်ဆယ်ရေးလုပ်ငန်းများ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပြီး ဒဏ်ရာရရှိသော မိသားစုများအား ဆေးဝါးကုသမှုခံယူနိုင်ရန်အတွက် ကျိုင်းတုံပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးပြီး ပျောက်ဆုံးနေသော ခြောက်နှစ်အရွယ် ကလေးငယ်အား ပြန်လည်တွေ့ရှိနိုင်ရေး ဆက်လက်ရှာဖွေလျက်ရှိကြောင်း သိရသည်။

**ရှောလမွန်(ပြန်/ဆက်)**



# ကော့သောင်းမြို့အနီး မြန်မာ့ပင်လယ်ပြင်အတွင်း တရားမဝင်လှေနှစ်စင်း ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၃**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့အနီး မြန်မာ့ပင်လယ်ပြင်အတွင်း တပ်မတော်(ရေ)မှ စစ်ရေယာဉ်သည် ပင်လယ်ပြင်လုံခြုံရေးဆောင်ရွက်စဉ် ဇန်နဝါရီ ၁ ရက် ည ၁၂ နာရီ ၁၅ မိနစ်ခန့်က ကော့သောင်းမြို့၏ အနောက် မြောက်ဘက် ရေမိုင် ၁၅ မိုင်ခန့်အကွာ၌ မြန်မာ့ရေပိုင်နက်အတွင်း တရားမဝင် ဝင်ရောက်လာသော အမျိုးသား ငါးဦးပါသည့် ရုပ်ဆွဲလှေတစ်စင်းနှင့် အမျိုးသားနှစ်ဦးပါသည့် ရုပ်သယ်လှေတစ်စင်းတို့အား ဖမ်းဆီးရမိခဲ့ကြောင်းနှင့် ဖမ်းဆီးရမိသူ ခုနစ်ဦးနှင့်အတူ သိမ်းဆည်းရမိလှေများအား တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မောင်တောမြို့နယ်၌ အမျိုးသားတစ်ဦးအသတ်ခံရ

**နေပြည်တော် ဇန်နဝါရီ ၃**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် လင်ဘာကုန်းနားကျေးရွာနေ ဆွေဒူအာမီ (၃၀ နှစ်) သည် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၈ ရက် ညနေ ၆ နာရီခန့်တွင် ငါးစားကြူးချောင်းဘက်သို့ ငါးရှာသွားရာမှ ပြန်လည်ရောက်ရှိလာခြင်းမရှိ၍ မိသားစုများက လိုက်လံရှာဖွေရာ ဇန်နဝါရီ ၂ ရက် ညနေ ၃ နာရီခွဲခန့်တွင် ကျေးရွာ တောင်ဘက် ကိုက် ၄၀၀ ခန့်အကွာ ငါးစားကြူးချောင်းရေစပ် ရွှံ့ဗွက်ထဲတွင် လည်ပင်းလှီးဖြတ်ဒဏ်ရာဖြင့် သေဆုံးနေကြောင်း သိရှိရသဖြင့် ဖြစ်စဉ်မှန် ပေါ်ပေါက်စေရေးအတွက် ရဲတပ်ဖွဲ့က လုပ်ထုံးလုပ်နည်း အတိုင်း ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# လှိုင်ကော်မြို့ နာရီစင်အနီး ရှင်းရှင်းမားကတ်၌ မီးလောင်

**လှိုင်ကော် ဇန်နဝါရီ ၃**

ကယားပြည်နယ် လွိုင်ကော်မြို့ မင်းစုရပ်ကွက် ကန္တာရဝတီကားလမ်းမကြီးဘေး နာရီစင်အနီး ရှင်းရှင်းမားကတ်၌ ဇန်နဝါရီ ၃ ရက် နံနက် ၂ နာရီက မီးလောင်မှုဖြစ်ပွားခဲ့ပြီး နံနက် ၂ နာရီ မိနစ် ၂၀ တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်စဉ်မှာ ဒေါ်ရီရီဆွေပိုင်ဆိုင်သည့် ပေ(၅၀ × ၂၅)သွပ်မိုး၊ အုတ်ညှပ်၊ ကွန်ကရစ်ခင်း နှစ်ထပ် ရှင်းရှင်းမားကတ်၏ ဆိုင်ခန်းအောက်ထပ် မျက်နှာကြက်တွင် တပ်ဆင်ထားသော လေးပေမီးချောင်း ချုပ်ပေါက်ကွဲပြီး အောက်ရှိ အလှကုန်ပစ္စည်းများသို့ ကူးစက်လောင်ခဲ့သည်။

မီးလောင်မှုကြောင့် ဒေါ်ရီရီဆွေကို လွိုင်ကော်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုစိုင်း(လွိုင်ကော်)**

# ဗိုလ်တထောင်မြို့နယ်၌ သက်တမ်းကြာနေအိမ်အဆောက်အအုံ နောက်ခြမ်းပြိုကျ၊ ထိခိုက်ဒဏ်ရာရသူ မရှိ

**ရန်ကုန် ဇန်နဝါရီ ၃**

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ် (၇)ရပ်ကွက် ကမ်းနားလမ်းနှင့် ကုန်သည်လမ်းကြား ၄၁ လမ်း(အောက်ဘလောက်)တွင် ယနေ့ ညနေ ၅ နာရီ ၁၀ မိနစ်ခန့်က သက်တမ်းကြာနေအိမ်အဆောက်အအုံတစ်လုံး၏ နောက်ဘက်ခြမ်း ပြိုကျမှုဖြစ်ပွားခဲ့ပြီး ထိခိုက်ဒဏ်ရာမရှိကြောင်း သိရသည်။

အဆိုပါ အဆောက်အအုံသည် အပေါ်အောက် အခန်း စုစုပေါင်း ၄၀ ပါရှိသော နှစ်ထပ် လေးခန်းတွဲ အဆောက်အအုံဖြစ်ပြီး သက်တမ်းတစ်ရာကျော်ရှိသည့်အတွက် အန္တရာယ်ရှိအဆောက်အအုံအဖြစ် လူနေထိုင်ရန်မသင့်ကြောင်း သက်ဆိုင်ရာက ကြေညာချက်ထုတ်ပြန်ထားသော တိုက်ခန်းတွဲဖြစ်သည်။ ယခုပြိုကျမှုသည် နောက်ဘက် အိမ်သာခေါင်မိုးအထက်မှ ပြိုကျခြင်းဖြစ်ပြီး အပေါ်ထပ်တွင်လည်း လူနေထိုင်မှုမရှိသောကြောင့် ထိခိုက်မှုတစ်စုံတစ်ရာမရှိကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ဗိုလ်တထောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးခင်မင်းက "အခုဖြစ်စဉ်မှာ ထိခိုက်ဒဏ်ရာရရှိသူ မရှိပါဘူး။ သက်ကြီးပိုင်းတစ်ဦး ထိတ်လန့်ပြီး သတိလစ်သွားတာပဲ ရှိပါတယ်။ လောလောဆယ် အန္တရာယ်ရှိတဲ့အတွက် ဒီတိုက်မှာနေတဲ့သူတွေကို ပြောင်းရွှေ့နေထိုင်ဖို့ ညွှန်ကြားထားပါတယ်။ ကျန်တာကတော့ စည်ပင်မြေယာအဆောက်အအုံဌာနက လာကြည့်ပြီးမှ ဆက်လုပ်သွားပါမယ်"ဟု ဆိုသည်။ အဆိုပါအဆောက်အအုံမှာ အသစ်ပြန်လည်တည်ဆောက်ရန်အတွက် City Shine ကုမ္ပဏီနှင့် ဆွေးနွေးမှုများပြုလုပ်ထားပြီး ယင်းကုမ္ပဏီက အကြောင်းပြန်ကြားခြင်းမရှိသေးသောကြောင့် စောင့်မျှော်နေရကြောင်း အဆိုပါတိုက်၏ ပထမထပ်တွင် နေထိုင်သူ မသန်းသန်းမြင့်က ဆိုသည်။

**ဇော်ကြီး(ပဏ္ဍိတ)**




# မြန်မာ-ဂျပန် လူငယ်ချစ်ကြည်ရေး ဂေါက်သီးရိုက်ပြိုင်ပွဲ အိမ်ရှင်အဖြစ် ကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၃**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန၏ ဦးဆောင်ညွှန်ကြားမှုဖြင့် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် Junior Golf Myanmar(JGM)တို့ ကြီးမှူးကျင်းပသော Myanmar & Japan Youth Exchange Friendly Match 2017 လူငယ်ချစ်ကြည်ရေး ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ပန်းလှိုင်ဂေါက်ကွင်း၌ကျင်းပသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်၊ Junior Golf Myanmar(JGM)၊ ပန်းလှိုင်ဂေါက်ကွင်းတို့မှ တာဝန်ရှိသူများ၊ နိုင်ငံကိုယ်စားပြုလူငယ်ဂေါက်သီးအားကစားသမားများ၊ ၎င်းတို့၏မိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ယင်းပြိုင်ပွဲကို မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်အနေဖြင့် ဂေါက်သီးအားကစား ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်သည့် မျိုးဆက်သစ်လူငယ်များ စဉ်ဆက်မပြတ် ပေါ်ထွက်လာစေရေး၊ နိုင်ငံတကာပြိုင်ပွဲများတွင် မြန်မာနိုင်ငံအလံလွှင့်ထူနိုင်ရေး၊ ပြိုင်ပွဲများ စဉ်ဆက်မပြတ်ကျင်းပနိုင်ရေးနှင့် လူငယ်များအကြားချစ်ကြည်ရင်းနှီးမှု တိုးတက်စေရေးတို့အတွက် ရည်မှန်းကာ အိမ်ရှင်နိုင်ငံအဖြစ် ဒုတိယအကြိမ်မြောက် လက်ခံကျင်းပခြင်းဖြစ်သည်။ ပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြု လူငယ် ၁၂ ဦး နှင့် ဂျပန်နိုင်ငံကိုယ်စားပြု လူငယ် ၁၂ ဦး စုစုပေါင်း ၂၄ ဦးတို့ဖြင့် Single Match Play, Foursome Match Play, Fourball Match Play ပြိုင်ပွဲအမျိုးအစားများတွင် ပါဝင်ယှဉ်ပြိုင်ကြပြီး Single Match Play ပြိုင်ပွဲအတွက် ဆုပေးပွဲအစီအစဉ်ကို ယနေ့ ညနေပိုင်းက ပြိုင်ပွဲကျင်းပရာ ဂေါက်ကွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။ ပြိုင်ပွဲကို ဇန်နဝါရီ ၅ ရက်အထိ ကျင်းပမည်ဖြစ်သည်။

**ဖိုးသော်ဇင်**

# အောင်လအန်ဆန် ကမ္ဘာ့ချန်ပီယံလုပွဲ ထိုးသတ်ခွင့်ရရှိပြီ

**ရန်ကုန် ဇန်နဝါရီ ၃**

မြန်မာ MMA ကစားသမား အောင်လအန်ဆန်သည် ၎င်းထိုးသတ်နေသည့် မစ်ဒယ်ဝိတ်တန်းတွင် ကမ္ဘာ့ချန်ပီယံလုပွဲထိုးသတ်ခွင့် ရရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။ ဇန်နဝါရီ ၁၄ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ကျင်းပမည့် ဘက်စုံကိုယ်ခံပညာသုံး MMA ပြိုင်ပွဲတွင် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲအဖြစ် ထိုးသတ်မည့် ကစားသမားများအနက် ပိုလန်ကစားသမားမှာ ဒဏ်ရာအခြေအနေကြောင့် နုတ်ထွက်သွားခဲ့သောကြောင့် အောင်လအန်ဆန်က အစားထိုး ယှဉ်ပြိုင်ခွင့်ရခဲ့ခြင်းဖြစ်သည်။

အောင်လအန်ဆန်သည် ကမ္ဘာ့ချန်ပီယံလုပွဲအဖြစ် ရုရှားနိုင်ငံသား ဘစ်ဒက်ရှ်နှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်ပြီး ၎င်း၏ ကစားသမားဘဝ ရည်မှန်းချက်ဖြစ်သည့် ကမ္ဘာ့ချန်ပီယံဆုရရှိရန် နီးစပ်လာပြီဖြစ်သည်။ အောင်လအန်ဆန်၏ ပြိုင်ဘက် ဘစ်ဒက်ရှ်သည် MMA ပြိုင်ပွဲ ရှစ်ပွဲယှဉ်ပြိုင်ထိုးသတ်ရာတွင် ရှစ်ပွဲစလုံး အနိုင်ရထားသူဖြစ်ပြီး ၂၀၁၆ ခုနှစ်တွင် ပြိုင်ပွဲများယှဉ်ပြိုင်မှုရပ်နားခဲ့ကာ ယခုမှ ပြန်လည်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ အောင်လအန်ဆန်သည် ၂၀၁၇ ခုနှစ်အတွင်း၌ ပြိုင်ပွဲများစွာ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ပြီး ၂၀၁၆ ခုနှစ်တွင် ယှဉ်ပြိုင်ခဲ့သည့် ပြိုင်ပွဲများတွင် သုံးပွဲစလုံး အနိုင်ရခဲ့သည်။ **ရဲရင့်ရှိန်း**

# အင်ဒိုနီးရှား၌ မြန်မာ့ရိုးရာခြင်းလုံးအလှခတ်ဖြင့် ဖျော်ဖြေမည်

**ရန်ကုန် ဇန်နဝါရီ ၃**

ယနေ့ကျရောက်သော မြန်မာနိုင်ငံ၏ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် အင်ဒိုနီးရှားနိုင်ငံ သံတမန်ရုံး၌ ကျင်းပမည့်လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် မြန်မာ့ရိုးရာခြင်းလုံးအလှခတ်ဖြင့် နိုင်ငံတကာမှ သံတမန်များအား ဖျော်ဖြေမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်မှ သိရသည်။

"ကျွန်တော်တို့ အခုသွားမယ့်ခရီးစဉ်ကတော့ အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးအောင်ထူး၊ အာဆီယံနိုင်ငံများဆိုင်ရာ သံအမတ်ကြီး ဦးမင်းလွင်တို့ရဲ့ ဖိတ်ကြားချက်နဲ့ သွားမှာဖြစ်ပါတယ်။ အင်ဒိုနီးရှားနိုင်ငံဂျကာတာမြို့မှာ မြန်မာနိုင်ငံရဲ့ (၆၉)နှစ်မြောက်လွတ်လပ်ရေးနေ့အခမ်းအနားဖြစ်တဲ့ ဇန်နဝါရီ ၄ ရက် ည ၇ နာရီမှာ မြန်မာ့ရိုးရာအားကစားနဲ့ တက်ရောက်လာတဲ့ သံတမန်အားလုံးကိုဖျော်ဖြေသွားမှာဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံအသီးသီးမှာရှိနေတဲ့ အာရှ၊ အာဖရိက၊ ဥရောပ စတဲ့ နိုင်ငံတွေကလည်း စိတ်ဝင်တစားနဲ့ ဒီရိုးရာခြင်းလုံးကိုအားပေးသလို DVD တွေ၊ လေ့ကျင့်ခွေတွေ၊ နည်းပညာပိုင်းဆိုင်ရာစည်းမျဉ်းစည်းကမ်းတွေကိုလည်း တစ်ကမ္ဘာလုံးကို ဖြန့်ကြက်နိုင်ခဲ့ပါတယ်။ အဲဒီအကျိုးကျေးဇူးကြောင့်လည်း အင်ဒိုနီးရှားနိုင်ငံသံရုံးရဲ့ (၆၉)နှစ်မြောက်လွတ်လပ်ရေးနေ့အခမ်းအနားမှာ တစ်ကမ္ဘာလုံးမှာရှိနေတဲ့ သံတမန်အသီးသီးသိရှိသွားအောင် မြန်မာသံအမတ်ကြီးတွေကလည်း အခုလိုဖိတ်ကြားပြသစေခြင်းဖြစ်ပါတယ်။ အဓိကကတော့ မြန်မာ့ရိုးရာဘိုးဘွားအမွေအနှစ်အားကစားကို နိုင်ငံတကာမှာရှိနေတဲ့ သံတမန်အသိုင်းအဝိုင်းကသိရှိသွားရင် သူတို့တိုင်းပြည်အသီးသီးမှာလည်းပဲ မြန်မာ့ရိုးရာအားကစားကို ထဲထဲဝင်ဝင်သိပြီးတော့ ဖွံ့ဖြိုးတိုးတက်အောင်လုပ်နိုင်မယ်လို့ ရည်ရွယ်တဲ့အတွက် အခုလိုသွားရောက်ပြသခြင်းဖြစ်ပါတယ်။ အခုလိုသွားတဲ့နေရာမှာ မြန်မာနိုင်ငံခြင်းလုံးဥက္ကဋ္ဌ ဦးစိုးနိုင်ကလည်း အစစအရာရာ အားလုံးကူညီထောက်ပံ့ပေးသလိုတစ်ဖက်အင်ဒိုနီးရှားနိုင်ငံမှာရှိနေတဲ့ မြန်မာနိုင်ငံဆိုင်ရာသံအမတ်ကြီးဦးအောင်ထူးနဲ့ အာဆီယံဆိုင်ရာသံအမတ်ကြီး ဦးမင်းလွင်တို့ကလည်း အစစအရာရာကူညီပေးကြပါတယ်"ဟု မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ် အကြံပေးနှင့် အာရှ ခြင်းလုံးအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးပြည့်စုံမြင့်က ခရီးစဉ်နှင့်ပတ်သက်၍ ရှင်းပြသည်။

အဆိုပါ ခရီးစဉ်ကို မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့အနေဖြင့် ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်အပြည် ပြည်ဆိုင်ရာလေဆိပ်မှ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့သို့ ထွက်ခွာသွားပြီး မြန်မာ့ရိုးရာခြင်းလုံးလက်ရွေးစင်အားကစားသမား အမျိုးသား သုံးဦး၊ အမျိုးသမီးသုံးဦး၊ မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ် အကြံပေး၊ အာရှခြင်းလုံးအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးပြည့်စုံမြင့်နှင့် မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးကိုကိုအောင်တို့ လိုက်ပါသွားကြကြောင်း သိရသည်။

**မင်းခေတ်**

**မိုးဆက်လက်ရွာမည်**

**နေပြည်တော် ဇန်နဝါရီ ၃-** နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲမိုးဆက်လက်ရွာမည်။ **(မိုး/ဇလ)**


**The Republic of the Union of Myanmar**
**Yangon Region Government**
**Yangon City Development Committee**
**Invitation for Bids**

**Date 3rd January 2017**

Name of Project; Installation, Maintenance and Operation of Street Furniture Items in the City of Yangon

1. YCDC invites bids from the interested bidders for the Installation, Maintenance and Operation of Street Furniture Items and the grant of an exclusive right to advertise on the street furniture items in the City of Yangon.

2. The interested bidders may obtain further information about this invitation for bids from the following office during office hours:

Engineering Department (Road and Bridge), Yangon City Development Committee, City Hall, Yangon.

Telephone No-09-43193314

3. A complete set of bidding documents may be purchased upon submission of a written application to the above address and upon payment of a non-refundable fee of Kyat 50000(fifty thousand kyats only) to YCDC.

4. Bids documents shall be delivered in person to the above office on or before 15 hrs. on 17th february 2017. Electronic bidding will not be permitted. Any bid submitted after the designated date and time will be rejected.

5. All Bids must be accompanied by bid security (tender guarantee) in the amount of Kyat 300,000,000 or USD 250000 issued by local bank as described in the bidding documents.

6. Bids will be opened in a session to be held at the office of Yangon City Development Committee in the presence of representatives of the bidders on the date and time as may be notified to the bidders.

**Yangon City Development Committee**

**သင်္ဘောသား CDC စာအုပ် ပျောက်ဆုံးခြင်း**

ကျွန်တော်(ဦး)စိုင်းဝင်းမင်းဦး ၏ CDCစာအုပ်အမှတ် 94933 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။ ဆက်သွယ်ရန် - 09-976806060

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 2J-2687၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန**
**နေပြည်တော်**

ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံနှင့် သီးနှံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းများ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်းကြေညာခြင်း

၁။ ပြည်တွင်းထွက် ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံနှင့်သီးနှံများကို အခြေခံ၍ ကျန်းမာသန့်ရှင်းအာဟာရပြည့်ဝပြီး ဈေးနှုန်းချိုသာသည့် တန်ဖိုးမြှင့် (Value added) မုန့်ပဲသရေစာနှင့် သီးနှံအခြေခံစားသောက်ကုန်ထုတ်လုပ်မှုသင်တန်းများကို ဖေဖော်ဝါရီလမှစ၍ စဉ်ဆက်မပြတ် မခမဲ့ဖွင့်လှစ်သွားမည်ဖြစ်ပါသဖြင့် စားသောက်ကုန်ထုတ်လုပ်ငန်းစနစ်တကျဆောင်ရွက်လိုသူများအား သင်တန်းများတက်ရောက်နိုင်ရေး ဖိတ်ခေါ်အပ်ပါသည်။

၂။ သင်တန်းတွင် အောက်ဖော်ပြပါ မုန့်ပဲသရေစာနှင့်သီးနှံအခြေခံစားသောက်ကုန်ထုတ်လုပ်နည်းများပါဝင်ပါမည်-

(က) သစ်သီးယိုနှင့်သစ်သီးခြောက်အမျိုးမျိုးထုတ်လုပ်ခြင်း
(ခ) သဘာဝသီးနှံဖျော်ရည်အမျိုးမျိုးထုတ်လုပ်ခြင်း
(ဂ) သစ်သီးဆော့(စ်)နှင့်ဂျယ်လီအမျိုးမျိုးထုတ်လုပ်ခြင်း
(ဃ) ငါးမုန့်ခြောက်၊ အာလူးကြော်၊ ကြက်သွန်ပေါင်းကြော်၊ Snack အမျိုးမျိုး ထုတ်လုပ်ခြင်း
(င) ဆန်ဖြင့်ပြုလုပ်သော ကိတ်မုန့်အမျိုးမျိုးထုတ်လုပ်ခြင်း
(စ) ဒေသထွက်စားသောက်ကုန်အမျိုးမျိုးထုတ်လုပ်ခြင်း

၃။ စိတ်ပါဝင်စားသူများ အောက်ဖော်ပြပါ နေရာဌာနများသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

(က) အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၁၆)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၄၇၇
(ခ) ပြည်နယ်နှင့်တိုင်းဒေသကြီး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံးများ၊
(ဂ) ရက်ကန်းနှင့်သက်မွေးပညာသင်တန်းကျောင်းများ (ဖလမ်း၊ မင်းတပ်၊ မြစ်ကြီးနား၊ လွိုင်ကော်၊ တောင်ကြီး၊ ကျောက်မဲ၊ မုဒုံ၊ စစ်တွေ၊ ပခုက္ကူ၊ ရွှေတောင်၊ မိတ္ထီလာ၊ မုံရွာ)

**ကန့်ကွက်နိုင်ရန်ကြေညာခြင်းအပေါ် ပြန်လည်ကန့်ကွက်ခြင်း**

၁၆-၁၂-၂၀၁၆ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၌ပါရှိသော ကွတ်ခိုင်မြို့၊ အမှတ် (၄)ရပ်ကွက်၊ ရွာလယ်လမ်း၊ အိမ်အမှတ်(ဃ/၂၆၃)၊ အကွက်အမှတ် (၁၁၇-မြို့မ)၊ ဦးပိုင်အမှတ် ၆၇၊ မြေဧရိယာ ၀ဒသမ၁၂၉ဧကရှိ မြေကွက်နှင့်ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ပါမစ်အမည်ပေါက်ပိုင်ရှင် ဦးဟွမ်ဆင်ချန်(ခ)ဦးဟွမ်ဆိန်ရှိန်(ခ)ဦးဟွမ်ဆိန်ရှန် ၁၃/ကခန(နိုင်) ၀၁၂၃၄၆ ထံမှ စာရွက်စာတမ်းစာချုပ်များဖြင့် ကျွန်တော်နှင့်အတူနေပြီး ကျွေးမွေးပြုစုစောင့်ရှောက်နေသည့် သားငယ် ဦးဟွမ်ဆွေချန် ၁၃/ကခန(နိုင်)၀၃၉၄၁၄ အား အမွေပေးကမ်းခြင်းစာချုပ်ဖြင့် ပေးကမ်းမည်ဟု ဖော်ပြထားသည့်အပေါ်တွင် ကျန်ရှိသော သား/သမီး များဖြစ်ကြသည့် ဦးဟွမ်ဆွေလင့် (KKI-၁၀၅၆၅၂)၊ ဦးဟွမ်ဆွေရန် ၁၃/ကခန(နိုင်)၀၁၂၃၄၈၊ ဦးဟွမ်ဆွေဂျူး ၁၃/ကခန(နိုင်) ၀၁၂၂၉၉၊ ဦးဟွမ်ရွှေချောက် ၁၃/ကခန(နိုင်)၀၁၂၃၄၉၊ ဒေါ်ဟွမ်ဆွေရင်း ၁၃/ကခန(နိုင်) ၀၁၂၃၄၀၊ ဒေါ်ဟွမ်ဆွေချန်း(ခ)မအေးခင် ၁၃/ကခန(နိုင်) ၀၁၂၃၄၁၊ ဒေါ်ဟွမ်ဆွေဖင်း ၁၃/ကခန(နိုင်)၀၃၉၄၁၃ တို့မှ သားငယ်တစ်ဦးတည်းအား အမွေပေးကမ်းခြင်းအပေါ် ကန့်ကွက်အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငွေငွေမြင့် B.A (Law), LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၂၃၇၀/၈၃)**
**အမှတ် ၁၅၊ ရတနာလမ်း၊ ရပ်ကွက် (၁)၊ နယ်မြေ (၄)၊ လားရှိုးမြို့**
**ဖုန်း-၀၉-၆၁၈၆၀၆၇၊ ၀၉-၄၂၁၁၄၁၅၆၉၊ ၀၉-၂၅၉၀၄၁၅၈၄**

**ရွှေကြားစည် မှ ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်)**

▲ အလောင်းတော်ကဿပ၊ မုံရွာအနီး စစ်ကိုင်း(သီးသန့်) ဆက်၍- မန္တလေး၊ ပြင်ဦးလွင်အနီး
▲ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မွေတော်ကက္ကူ၊ ထမ့်စမ်းလိုဏ်ဂူ ဆက်၍-(လွိုင်ကော်၊ ထီးဆဲခါး)(မန္တလေး၊ ပြင်ဦးလွင်)(ပုဂံ၊ ပုပ္ပါး)
▲ မန္တလေး၊ ပြင်ဦးလွင်အနီး၊ ဒီးဒုတ်ရေပြာအိုင်၊ ကျောက်စိမ်းဘုရား
▲ ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ-သီဟိုဠ်ရှင်
▲ ပုဂံ၊ ညောင်ဦး၊ စွယ်တော်လေးဆူ၊ ပုပ္ပါး၊ ပခုက္ကူ၊ မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်စိမ်းဘုရား
▲ ကျိုက္ခမီ၊ မော်လမြိုင်၊ စက်ခဲ၊ ဘားအံ -(ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်)
▲ (မြဝတီ+မဲဆောက်၊ ဘားအံ)(ဘားအံဂူဘုရားများ၊ ကျုံထော်ရေတံခွန်၊ ချစ်သူ့မြိုင်)
▲ (ပြည်၊ အကောက်တောင်) (နေပြည်တော်) (ဇလွန်) နေ့ချင်းပြန်ခရီးများ။
▲ ရွှေစက်တော် နှင့် လမ်းဘုရားစုံ (ဖွင့်ပွဲအလှူအထူးနှုန်း) Jan30,31 နှင့် (အငှါး သော်ကြာ)

အပတ်စဉ် သော်ကြာ

01-240860/01-372290 ဖေါ်န် 09-49282825,09-43202968,09-262784651

**နိုင်ငံကူးလက်မှတ်ပျောက်ဆုံးခြင်း**

ကျွန်တော် ဦးစန်းမင်းသူ ၅/မမန(နိုင်)၀၅၅၈၈၈၏ နိုင်ငံကူးလက်မှတ် (M- 118313)သည် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိက ဆက်သွယ်ပေးပါရန်။

**ဖုန်း-၀၉-၂၅၉၁၂၃၇၁၇**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် သန်းဋ္ဌေးဦး ၁၄/ကဖန(နိုင်) ၁၈၉၂၃၉ သည် သင်္ဘောသားလုပ်သက်မှတ်ပုံတင်စာအုပ်ရန်/၃၁၈/၉၇မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ကျေးဇူးဆပ်ပါမည်။**

**ပြည့်စုံအောင် ဖုန်း-၀၉-၅၀၅၆၁၇၁**

**ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း**
**ထုချေစေရန်အကြောင်းကြားစာ**
**(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**သန်လျင်မြို့နယ်တရားရုံးတော်၌**
**၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၇၀ နှင့်ဆက်နွယ်သည့်**
**၂၀၁၆ခုနှစ် တရားမဇာရီမှုအမှတ်-၄၀**

| | | |
|---|---|---|
| ဦးဆာသူး | နှင့် | ဒေါ်လှသောင်း |
| **တရားနိုင်** | | **တရားရှုံး** |

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သောက်တော်တွင်းရပ်ကွက်၊ သောက်တော်တွင်းလမ်းသွယ်(၂)၊ အမှတ် ၂၉၄နေ ဒေါ်လှသောင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၇၀တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးဆာသူးက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၇ခုနှစ် ဇန်နဝါရီ ၉ရက် (၁၃၇၈ခုနှစ် ပြာသိုလဆန်း ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၆ခုနှစ် ဒီဇင်ဘာ ၂၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ချောစုလှိုင်)**
**မြို့နယ်တရားသူကြီး**
**သန်လျင်မြို့နယ်တရားရုံး**

**မိခင်အမည်မှန်**

နည်းပညာတက္ကသိုလ်(ဘားအံ)၊ ပထမနှစ်(EP)ကျောင်းသား စောကျော်လင်းထွန်း၏ မိခင်အမည်မှန်မှာ ဒေါ်နန်းစန်းမြအေး ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

မိုးညှင်းမြို့နယ်၊ မိုင်းနောင် အထက (ခွဲ) အဌမတန်းမှ မယမင်း၏ ဖခင်အမည်မှန်မှာ ဦးတင်မောင်ဝင်း ၁/မညန(နိုင်)၁၁၆၃၉၅ ဖြစ်ပါသည်။

**ဦးတင်မောင်ဝင်း**

**ပျောက်ဆုံးကြောင်း**

စစ်တွေမြို့၊ ရွာကြီးမြောက်ရပ်ကွက်နေ (ဘ) ဦးစောထွန်းဖြူ၏ သား ဦးမောင်စောယဉ် ၁၁/စတန(နိုင်)၀၅၄၄၆၈၏ ရေယာဉ်အုပ်လက်မှတ် (Premit No-0404/11) မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဦးမောင်စောယဉ်**

**ဖုန်း-၀၉-၂၅၂၆၉၃၀၀၁**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၉ယ/၉၇၇၅၉ Honda Wave 125 ယာဉ်လက်ဝယ်ရှိသူ ဦးဒါဝတ် ၁၀/မလမ(နိုင်)၁၅၆၅၆၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၇ယ/၉၁၅၁၂ Honda Dream, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမန်းသန်းဝင်း ၁၄/ကပန(နိုင်)၀၉၈၉၁၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ကော့ကရိတ်)**

# သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

**အခန်း(၈)**

**ဝင်ငွေပုံမှန်ရရှိရေး**

၂၄။ မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာကော်မတီသည် အလုပ်လုပ်နိုင်စွမ်းရှိပြီး အလုပ်လုပ်ချင်စိတ်ရှိသော သက်ကြီးရွယ်အိုများအား သင့်လျော်သော အလုပ်အကိုင်ရှာဖွေပေးနိုင်ရန်အလို့ငှာ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ကုမ္ပဏီအဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီး -

(က) အချိန်ပိုင်း အလုပ်အကိုင်အခွင့်အလမ်းများကိုလည်းကောင်း၊ စွမ်းဆောင်နိုင်စွမ်းရှိသော အလုပ်အကိုင်များကိုလည်းကောင်း သက်ကြီးရွယ်အိုများရရှိရေးအတွက် စီစဉ်ဆောင်ရွက်ရမည်။

(ခ) အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆောင်ရွက်ရန် ချေးငွေရရှိရေးအတွက် စီစဉ်ဆောင်ရွက်ရမည်။

(ဂ) သက်ကြီးရွယ်အိုများအတွက် အသက်မွေးဝမ်းကျောင်းပညာနှင့် ကျွမ်းကျင်မှုပေးနိုင်မည့် သင်တန်းများပေးရေးအတွက် စီစဉ်ဆောင်ရွက်ရမည်။

(ဃ) သက်ကြီးရွယ်အိုများအား အလုပ်အကိုင်အခွင့်အလမ်းများပေးသည့် အလုပ်ရှင်များကို သင့်လျော်သော အခွန်အခများလျှော့ပေါ့ခွင့် သို့မဟုတ် ကင်းလွတ်ခွင့်ပြုရေး အတွက် အစီအမံများ ချမှတ်ဆောင်ရွက်ပေးရမည်။

၂၅။ နိုင်ငံတော်သည် သက်ကြီးရွယ်အိုများအတွက် အသက်အရွယ်အပိုင်းအခြားအလိုက်သက်ကြီးရွယ်အိုခံစားခွင့်ရရှိနိုင်ရေး အစီအစဉ်များ ချမှတ်ဆောင်ရွက်ရမည်။

**အခန်း(၉)**

**သက်ကြီးရွယ်အိုများအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူမှုရေးစောင့်ရှောက်မှု**

၂၆။ မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီသည် သက်ကြီးရွယ်အိုများ သက်ရှည်ကျန်းမာ၍ သင့်လျော်သောနေရာတွင် နေထိုင်နိုင်ရေးအတွက် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သောလူမှုရေးအဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူမှုရေးစောင့်ရှောက်မှုများအားလက်လှမ်းမီသမျှ ဖြည့်ဆည်းနိုင်ရေး ချိတ်ဆက်ပေးရမည်။

၂၇။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အားလုံးလွှမ်းခြုံသော ကျန်းမာရေးစောင့်ရှောက်မှုကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့်ညှိနှိုင်းပြီး ဆောင်ရွက်ပေးရမည်။ ထိုသို့ဆောင်ရွက်ရာတွင် -

(က) ဆေးဘက်ဆိုင်ရာဌာနများသည် အရည်အသွေးပြည့်ဝသော၊ သင့်လျော်သော ဆေးဝါးကုသမှုများအား သက်ကြီးရွယ်အိုများ အလွယ်တကူ လက်လှမ်းမီနိုင်ရေးအတွက် အခမဲ့သော်လည်းကောင်း၊ သက်သာသည့် နှုန်းထားဖြင့်သော်လည်းကောင်း စီစဉ် ဆောင်ရွက်ရမည်။

(ခ) သက်ကြီးရွယ်အိုများအတွက် လိုအပ်မည့်ဆေးဝါးနှင့် အထောက်အကူပြုပစ္စည်းများကို အခမဲ့သော်လည်းကောင်း၊ သက်သာသည့် နှုန်းထားဖြင့်သော်လည်းကောင်း ဖြည့်ဆည်းပေးရမည်။

(ဂ) သက်ကြီးရွယ်အိုဆိုင်ရာ သုတေသနလုပ်ငန်းများအား တိုးမြှင့်ခြင်းနှင့် သက်ကြီးအထူးကုဘာသာရပ်အတွက် ကျွမ်းကျင်သူများအား လေ့ကျင့်သင်ကြားပေးခြင်းများ စီစဉ်ဆောင်ရွက်ပေးရမည်။

၂၈။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် သက်ကြီးရွယ်အိုနှင့် လူငယ်လူရွယ်များအား ကျန်းမာသန်စွမ်းသော သက်ကြီးဘဝနှင့်ပတ်သက်၍ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ပညာပေးလုပ်ငန်းများနှင့် ရောဂါကြိုတင်တားဆီးကာကွယ်ခြင်းများအား နည်းမျိုးစုံဖြင့်ဆောင်ရွက်ရမည်။

၂၉။ မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာကော်မတီသည် အထူးစောင့်ရှောက်ရန်လိုအပ်သော သက်ကြီးရွယ်အိုများအား မိမိကိုယ်ကိုပြုစုစောင့်ရှောက်မှု၊ မိသားစုစောင့်ရှောက်မှု၊ ရပ်ရွာမှ စောင့်ရှောက်မှုပေးနေသည့် အထူးကိစ္စရပ်များတွင် ပိုမိုပြည့်စုံလုံလောက်သော စောင့်ရှောက်မှုပေးနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ပေးရမည်။ ထိုသို့စီစဉ်ဆောင်ရွက်ပေးရာတွင် -

(က) မိသားစုဝင်ဖြစ်စေ၊ စေတနာ့ဝန်ထမ်းဖြစ်စေ ပြုစုစောင့်ရှောက်မှုပေးသူများအား သင့်လျော်သော ထောက်ပံ့မှုပေးရမည်။

(ခ) အိမ်အခြေပြု၊ ရပ်ရွာအခြေပြု စောင့်ရှောက်မှုပေးသူများအား အားပေးခြင်းနှင့် ဖြည့်စွက်ထောက်ပံ့ခြင်းများ ဆောင်ရွက်ပေးရမည်။

**အခန်း(၁၀)**

**သက်ကြီးရွယ်အိုများ အဆင်ပြေလွယ်ကူစွာ လှုပ်ရှားသွားလာနေထိုင်နိုင်သော ပတ်ဝန်းကျင်ဖြစ်ရေး**

၃၀။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီသည် သက်ကြီးရွယ်အိုများအပေါ် ခွဲခြားဆက်ဆံခြင်းမရှိစေရန် ဆောင်ရွက်ခြင်းနှင့် ရပ်ရွာအတွက် ဝန်ထုပ်ဝန်ပိုးတစ်ခုမဟုတ်ကြောင်း၊ လူ့အဖွဲ့အစည်းအပေါ် ကောင်းကျိုးဆောင်ရွက်ပေးလျက်ရှိသောသူများဖြစ်ကြောင်း အသိပညာပေးမှုမြှင့်တင်ပေးခြင်းဖြင့် သက်ကြီးရွယ်အိုများအတွက် ကောင်းမွန်သောပတ်ဝန်းကျင်တစ်ရပ်ကို ဖန်တီးပေးခြင်း၊ လက်ခံခြင်းနှင့် ကြိုဆိုခြင်းများစီစဉ်ဆောင်ရွက်ရမည်။

၃၁။ မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာကော်မတီသည် သက်ကြီးရွယ်အိုများအား သင့်တင့်လျောက်ပတ်သော နေရာထိုင်ခင်းအစီအစဉ်၊ အခြေခံအဆောက်အအုံ၊ အမှီခိုကင်းစွာ နေထိုင်နိုင်ရေးအတွက် လိုအပ်သော ဝန်ဆောင်မှုများ၊ ဆက်စပ်ပစ္စည်းများနှင့် သက်ကြီးရွယ်အိုများ အဆင်ပြေလွယ်ကူစွာ လှုပ်ရှားသွားလာနိုင်ရေးစသည့် လိုအပ်ချက်များမြှင့်တင်ပေးနိုင်ရန်သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများနှင့်ညှိနှိုင်းပြီး အောက်ပါအတိုင်းဆောင်ရွက်ပေးရမည်-

(က) မြို့ရွာများရှိ အများပြည်သူ အသုံးပြုသည့်နေရာများနှင့် အိမ်ရာများ တည်ဆောက်သောအခါ သို့မဟုတ် ပြန်လည်ပြုပြင်သောအခါ သက်ကြီးရွယ်အိုများ၏ အထူးလိုအပ်ချက်များကို ထည့်သွင်းစဉ်းစားခြင်း၊ သက်ကြီးရွယ်အိုများ၏ နေ့စဉ်လှုပ်ရှားသွားလာမှုများအတွက် သင့်လျော်မည့်အသုံးအဆောင်ပစ္စည်းများ ထည့်သွင်းတပ်ဆင်ပေးခြင်း၊

(ခ) သက်ကြီးရွယ်အိုများအတွက် ထောက်ပံ့ဖြည့်ဆည်းသင့်သည့် အသုံးအဆောင်ပစ္စည်းများ၊ ဝန်ဆောင်မှုများနှင့် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေး ယန္တရားများကို လွယ်ကူစွာအသုံးပြုနိုင်ရန် ပုဂ္ဂလိကကဏ္ဍနှင့် အရပ်ဘက်အဖွဲ့အစည်းများအား လမ်းညွှန်မှုပေးခြင်း၊ စည်းမျဉ်း စည်းကမ်းများချမှတ်ပေးခြင်း၊

(ဂ) သက်ကြီးရွယ်အိုများအတွက် အထူးဆေးကုသမှုခံယူရာ၌လည်းကောင်း၊ အများပြည်သူ သွားရောက်လည်ပတ်ရာနေရာများအား ဝင်ရောက်ကြည့်ရှုရာ၌လည်းကောင်း၊ ဝန်ဆောင်မှုများ အသုံးပြုရာ၌လည်းကောင်း၊ အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးယန္တရားများ အသုံးပြုရာ၌လည်းကောင်း ဈေးနှုန်းသက်သာခွင့် သို့မဟုတ် ကင်းလွတ်ခွင့်ပေးခြင်း။

၃၂။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီသည် သက်ကြီးရွယ်အိုများအတွက် ပြုစုစောင့်ရှောက်ရေးနှင့် ပြန်လည်ထူထောင်ရေး၊ ယဉ်ကျေးမှုနှင့်အားကစားဆိုင်ရာ လှုပ်ရှားမှုများ၊ နေ့စဉ်ဘဝလှုပ်ရှားမှုအတွက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီး ကွန်ရက်ဖွဲ့စည်းမှုနှင့် ရပ်ရွာဝန်ဆောင်မှုများအား တစ်ဆင့်ပြီးတစ်ဆင့် တည်ဆောက်သွားရမည်။

၃၃။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီသည် သက်ကြီးရွယ်အိုများ အဆင်ပြေလွယ်ကူစွာ လှုပ်ရှားသွားလာနိုင်ရေးစသည့်လိုအပ်ချက်များကို မြှင့်တင်ပေးရေးအတွက် တည်ဆဲဥပဒေများအား ပြန်လည်သုံးသပ်ပြီး လိုအပ်သလို ပြင်ဆင်နိုင်ရန် စီစဉ်ဆောင်ရွက်ရမည်။

**အခန်း(၁၁)**

**သက်ကြီးရွယ်အိုများ လူ့ဘောင်အဖွဲ့အစည်းအတွင်း ပါဝင်ဆောင်ရွက်မှု**

၃၄။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီသည် သက်ကြီးရွယ်အိုများ လူ့ဘောင်အဖွဲ့အစည်းအတွင်း ပါဝင်ပေါင်းစည်းဆောင်ရွက်နိုင်ရန် အလို့ငှာ လူမှုဝန်ထမ်းဆိုင်ရာဝန်ဆောင်မှုအဖွဲ့အစည်းများ တည်ထောင်ရေးနှင့် ပြန်လည်ထူထောင်ရေးဌာနများ ဖွင့်လှစ်ရေးတို့အတွက်သက်ဆိုင်ရာ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များကို အားပေးတိုက်တွန်းရမည်။

၃၅။ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် အစိုးရမဟုတ်သောလူမှုရေးအဖွဲ့အစည်းများသည် သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများရရှိစေရန် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေး ဒေသအစီအစဉ်များရေးဆွဲဆောင်ရွက်ခြင်းနှင့်ရပ်ရွာအတွင်း လူမှုရေးနှင့်ယဉ်ကျေးမှုအခမ်းအနားများတွင် သက်ကြီးရွယ်အိုများ၏ ပါဝင်ဆောင်ရွက်မှုမြှင့်တင်ပေးခြင်းတို့အတွက် သက်ကြီးရွယ်အိုများကိုယ်တိုင် ဦးဆောင်ပါဝင်သော အိမ်အခြေပြု၊ ရပ်ရွာအခြေပြု စောင့်ရှောက်မှုအဖွဲ့အစည်းများအား ငွေကြေးဖြင့်ဖြစ်စေ၊ အခြားပုံစံများဖြင့်ဖြစ်စေ ထောက်ပံ့မှုပြုရမည်။

**အခန်း(၁၂)**

**သက်ကြီးရွယ်အို သက်သေခံကတ်ပြားထုတ်ပေးခြင်းနှင့် ကိုင်ဆောင်အသုံးပြုခြင်း**

၃၆။ လူမှုဝန်ထမ်းဦးစီးဌာနသည် မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ -

(က) သက်ကြီးရွယ်အို သက်သေခံကတ်ပြားများ ထုတ်ပေးရေးအတွက် လိုအပ်သော အစီအစဉ်များနှင့် စီမံချက်များ ချမှတ်ဆောင်ရွက်ရမည်။

(ခ) ဤဥပဒေပါ သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများကို ခံစားခွင့်ပေးနိုင်ရန်နှင့် သက်ကြီးရွယ်အိုများ၏ စာရင်းဇယားများ တိကျမှန်ကန်စေရန်အလို့ငှာ သက်ကြီးရွယ်အိုသက်သေခံကတ်ပြားများထုတ်ပေးရန် လူမှုဝန်ထမ်းဦးစီးဌာနက ခရိုင် သို့မဟုတ် မြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန၊ လူမှုဝန်ထမ်းအရာရှိများကို တာဝန်ပေးရမည်။

၃၇။ လူမှုဝန်ထမ်းဦးစီးဌာနက တာဝန်ပေးသည့်ခရိုင် သို့မဟုတ် မြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန၊ လူမှုဝန်ထမ်းအရာရှိသည် -

(က) သက်ဆိုင်ရာမြို့နယ်အတွင်းရှိ သက်ကြီးရွယ်အိုများ၏စာရင်းကို ၎င်းတို့ဆန္ဒနှင့်အညီ ကောက်ယူပြီး သက်ကြီးရွယ်အိုသက်သေခံကတ်ပြားများကို အခမဲ့ထုတ်ပေးရမည်။

(ခ) သက်ကြီးရွယ်အို သက်သေခံကတ်ပြားများ ထုတ်ပေးရာတွင် စရိတ်ထောက်ပံ့မှုနှင့် ကြည့်ရှုစောင့်ရှောက်မှု လိုအပ်သော သက်ကြီးရွယ်အိုများနှင့် အိုမင်းမစွမ်းသူများကို အမျိုးအစားခွဲခြားဖော်ပြ၍ ထုတ်ပေးရမည်။

၃၈။ သက်ကြီးရွယ်အိုများသည် -

(က) သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် ဌာန၊ အဖွဲ့အစည်းထံသက်ကြီးရွယ်အိုသက်သေခံကတ်ပြားကိုပြသပြီး ဤဥပဒေပါ သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများကို ခံစားခွင့်ပြုရန် တောင်းဆိုခွင့်ရှိသည်။

(ခ) မိမိတို့အားထုတ်ပေးထားသော သက်ကြီးရွယ်အို သက်သေခံကတ်ပြားကို အခြား သက်ကြီးရွယ်အိုတစ်ဦးဦးအား လွှဲပြောင်းပေးခြင်းမပြုရ။

၃၉။ သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် သက်ကြီးရွယ်အိုတစ်ဦးဦးက ပုဒ်မ ၃၈၊ ပုဒ်မခွဲ(က) အရ သက်ကြီးရွယ်အို သက်သေခံကတ်ပြားကို ပြသပြီး ဤဥပဒေပါ အခွင့်အရေးများကို ခံစားခွင့်ပြုရန် တောင်းဆိုသည့်အခါ ငြင်းပယ်ခြင်း သို့မဟုတ် လျစ်လျူရှုခြင်းမပြုရ။

**အခန်း(၁၃)**

**ဘိုးဘွားရိပ်သာ တည်ထောင်ဖွင့်လှစ်ခြင်းနှင့် သက်ကြီးရွယ်အို ကြည့်ရှုစောင့်ရှောက်ရေးလုပ်ငန်းလုပ်ကိုင်ခြင်း**

၄၀။ ပြည်တွင်းပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သောလူမှုရေးအဖွဲ့အစည်းသည် ဘိုးဘွားရိပ်သာကို တည်ထောင်ဖွင့်လှစ်လိုလျှင်ဖြစ်စေ၊ သက်ကြီးရွယ်အို ကြည့်ရှုစောင့်ရှောက်ရေးလုပ်ငန်းတစ်ခုခုကို လုပ်ကိုင်လိုလျှင်ဖြစ်စေ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးများမှတစ်ဆင့် လူမှုဝန်ထမ်းဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ တည်ထောင်ခွင့်ပြုမိန့် သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ခွင့်ကို လျှောက်ထားရမည်။

၄၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူးသည် ပုဒ်မ ၄၀ အရ ဘိုးဘွားရိပ်သာတည်ထောင်ဖွင့်လှစ်ရန် ခွင့်ပြုမိန့် သို့မဟုတ် သက်ကြီးရွယ်အို ကြည့်ရှုစောင့်ရှောက်ရေး လုပ်ငန်းလုပ်ကိုင်ခွင့်ထုတ်ပေးရန် လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိမရှိစစ်ဆေးပြီး တည်ထောင်ခွင့်ပြုမိန့် သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ခွင့် ထုတ်ပေးရန်သင့်မသင့်သဘောထားမှတ်ချက်နှင့်အတူ လူမှုဝန်ထမ်းဦးစီးဌာနသို့ ဆက်လက်တင်ပြရမည်။

၄၂။ လူမှုဝန်ထမ်းဦးစီးဌာနသည် -

(က) ပုဒ်မ၄၁အရ တင်ပြချက်ကို စိစစ်ပြီး တည်ထောင်ခွင့်ပြုမိန့် သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ခွင့်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ ထုတ်ပေးရန်ခွင့်ပြုပါကစည်းကမ်းချက်များသတ်မှတ်၍ လျှောက်ထားသူအား တည်ထောင်ခွင့်ပြုမိန့် သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ခွင့်ထုတ်ပေးရမည်။

(ခ) ပုဒ်မခွဲ (က) အရ တည်ထောင်ခွင့်ပြုမိန့် သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ခွင့် ထုတ်ပေးသည့်အခါစီးပွားရေးအလို့ငှာ တည်ထောင်ဖွင့်လှစ်ခြင်း သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ခြင်းဖြစ်ပါကသတ်မှတ်ထားသော အခကြေးငွေကို ပေးသွင်းစေရမည်။ အကယ်၍ စေတနာ့ဝန်ထမ်း ပရဟိတလုပ်ငန်းဖြစ်ပါက သတ်မှတ်ထားသော အခကြေးငွေကို ကင်းလွတ်ခွင့်ပြုရမည်။

၄၃။ လူမှုဝန်ထမ်းဦးစီးဌာနသည်-

(က) ပုဒ်မ ၄၂ အရ တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးထားသော ဘိုးဘွားရိပ်သာများကိုလည်းကောင်း၊ လုပ်ငန်းလုပ်ကိုင်ခွင့် ထုတ်ပေးထားသော သက်ကြီးရွယ်အို ကြည့်ရှုစောင့်ရှောက်ရေးလုပ်ငန်းများကိုလည်းကောင်း သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်ရမည်။

(ခ) ပုဒ်မခွဲ (က) ပါကိစ္စများကို ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ လူမှုဝန်ထမ်းအရာရှိများအား တာဝန်ပေးနိုင်သည်။

၄၄။ ဘိုးဘွားရိပ်သာတာဝန်ခံပုဂ္ဂိုလ်သည် -

(က) ဘိုးဘွားရိပ်သာ ကြီးကြပ်မှုကော်မတီကို သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ ဆောင်ရွက်ရမည်။

(ခ) ဘိုးဘွားများအား စိစစ်လက်ခံခြင်း၊ ကြည့်ရှုစောင့်ရှောက်ခြင်းတို့နှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် ကြီးကြပ်ရမည်။

(ဂ) ဘိုးဘွားရိပ်သာနှင့်စပ်လျဉ်း၍ ဆောင်ရွက်ချက်များကို သတ်မှတ်ချက်များနှင့်အညီ လူမှုဝန်ထမ်းဦးစီးဌာနသို့ အစီရင်ခံရမည်။

*ဆက်လက်ဖော်ပြပါမည်*



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ ''မန္တလေးမျဉ်းဖြောင့်များ''အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ ''မန္တလေးမျဉ်းဖြောင့်များ''ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစု ကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ ''မန္တလေးမျဉ်းဖြောင့်များ'' အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာရေချမ်း(မန္တလေး)က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ စတုတ္ထတွဲအဖြစ် '' တောင်မြောက် အရှေ့အနောက် ထောင့်မတ်မန္တလေး'' အမည်နှင့် အလင်းသစ်စာအုပ်တိုက်က ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော ''မန္တလေး မျဉ်းဖြောင့်များစတုတ္ထတွဲ'' ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေ ဆင်ခြင်ရမည်နည်း၊ သခ်ၤါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော ''တောင်မြောက် အရှေ့အနောက် ထောင့်မတ်မန္တလေး'' ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# သံတဲ၊ ရေကြည်သြောင်ပင်နှင့် ရွှေတြိဂံ

**ဆူးငှက်**

'စာပုလွေ...ရင်မှာပိုက်ပါလို့
ကျောင်းတော်ကိုတဲ့ လိုက်မယ်ပြင်
ဘယ်စာကို မောင်ဘယ်နှဝါသင်မတုံး
မလေးကို သံချိုနွှောလို့
ပြောပြပါဦး...'

ရွာစားစိန်ဗေဒါကြီး၏ မင်္ဂလာဗျောသွန့်သီချင်းသည် မြန်မာ့ပညာရေးစနစ်၏ သရုပ်ဖော်ချက်ဖြစ်၏။ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းများက ပညာရေး၏ အဓိကမဏ္ဍိုင်ကြီးများဖြစ်ချေသည်။ လောကီ၊ လောကုတ္တရာစာပေများကို မခွဲခြားဘဲ ရောနှောသင်ကြားကြရသည်။ သဒ္ဒါ၊ သင်္ချိုဟ်၊ ကဗျာ၊ သင်္ချာ၊ ရာဇဝင်များကား ဘာသာရပ်များဖြစ်မည်။

မန္တလေးခေတ်ရောက်သောအခါမှ နိုင်ငံခြားတိုင်းပြည်များနှင့် ကူးလူးဆက်ဆံရမှုအခြေအနေများ ဖြစ်ပေါ်လာတော့သည်။ ရွှေတွင်း၊ ငွေတွင်း၊ ပယင်း၊ ဒုတ္တာရတနာပိုင်သသည့် ရေမြေရှင်ဟူသော ကျဉ်းမြောင်းသည့်အမြင်ဖြင့် ဇွတ်ကေရာဇ်လုပ်၍မရတော့။ ကင်းဝန်မင်းကြီး၏ သံအဖွဲ့ကဲ့သို့ တိုင်းခြားရပ်ခြားသို့ ရောက်ရှိတွေ့ကြုံရသောအခါ မြန်မာ့ပညာရေးသည် 'နောဧကနော'နှင့် မတင်းတိမ်သင့်တော့ကြောင်း သဘောပေါက်လာကြတော့သည်။ သံအဖွဲ့ဝင်များ နိုင်ငံခြားသွားကြသည့်နည်းတူ ပိုမိုအမြင်ကျယ်သော နိုင်ငံရပ်ခြားနှင့် ဆက်ဆံမှုများလည်း ရှိလာတော့သည်။

ဤကားနိုင်ငံရပ်ခြားသို့ ပညာတော်သင်စေလွှတ်ခြင်းများပင်ဖြစ်၏။ ထိုအထဲတွင် ဦးစီးဦးဆောင်ပြုခဲ့သော ကနောင်မင်းသားကြီးသည် ထင်ရှား၏။ မြန်မာလူမျိုးများထဲတွင် တသသတမ်းတရသူဖြစ်သည်။ အိမ်ရှေ့စံကနောင်ကိုယ်တော်ကြီးက ဉာဏ်ပညာထက်မြက်ပြီး မြန်မာနိုင်ငံတော် ခေတ်မီရေးအတွက် ပြုပြင်လိုသော ပုဂ္ဂိုလ်ကြီးဖြစ်သည်။ ကနောင်သည် ယောအတွင်းဝန်ဦးဖိုးလှိုင်နှင့် ပူးပေါင်းမိကြသည်။

ခေတ်မီနိုင်ငံတော် မြှင့်တင်နိုင်ရန်အတွက် နိုင်ငံခြားတိုင်းပြည်များတွင် ထွန်းကားလျက်ရှိသော စက်မှုလက်မှုသိပ္ပံပညာရပ်များကို လေ့လာတတ်ကျွမ်းမှသာလျှင် ဖြစ်နိုင်မည်ကို အိမ်ရှေ့မင်းသည် ဆင်ခြင်မိ၏။ ထို့ကြောင့် ပညာတော်သင်လူပေါင်း ၉၀ ကျော်ကို ရွေးချယ်ပြီး နိုင်ငံအသီးသီးသို့ စေလွှတ်နိုင်ခဲ့သည်။ ထိုပညာတော်သင်များတွင် ဒီပဲယင်းဝန်ထောက် ဦးမြနှင့် ညီ ဦးခဲ၊ ဖန်ချက်ဝန်ဦးဖန်၊ ကျောက်မြောင်းအတွင်းဝန် ဦးရွှေအို၊ မြင်းဝန် ဦးအောင်သူ စသည်တို့ ပါဝင်ခဲ့ကြသည်။

ကနောင်မင်းသားကား ၁၂၂၈ ခုနှစ် မြင်ကွန်းအရေးတော်ပုံတွင် ကျဆုံးသွားသောအခါ သူ၏ ရည်မှန်းချက်များ ရပ်တန့်သွားတော့သည်။ သို့သော် အိမ်ရှေ့မင်းလမ်းစဉ်အတိုင်း လိုက်ခဲ့ကြ၍ ခရီးရောက်ခဲ့သည့် အနေအထားတချို့လည်း ရှိခဲ့ပါသည်။ ထိုအချိန်က နိုင်ငံခြားရေးဝန်ကြီးဖြစ်သော ပခန်းမင်းကြီးက ဆင့်ဆိုဆောင်ရွက်ခဲ့သော နိုင်ငံခြား ပညာတော်သင်ကိစ္စများကို မှတ်တမ်းမှတ်ရာများတွင် တွေ့ရှိခဲ့ခြင်း ဖြစ်သည်။ ထိုမှတ်တမ်းများကား ၁၂၂၂ ခုနှစ်မှ ၁၂၃၄ ခုနှစ်တိုင်အောင် ရှိခဲ့သည်။

သဘော်သူကြီး ဘေဂရာဇသူကို ပညာတော်သင်များ ပြန်လာစေရမည့် ဆင့်စာ၊ ပြင်သစ်နိုင်ငံ ပညာတော်သင် ငရွှေပြုံး၏ အိမ်ရှေ့မင်းထံ သံတော်ဦးတင်စာ၊ ကြေးနန်းပညာသင်လေးဦးကိစ္စ၊ အင်္ဂလိပ်အရေးပိုင်၏ ပေးစာ၊ ပညာသင်ငကျီးညို၊ ငရွှေအုန်းကိစ္စ၊ ပခန်းမင်းကြီးပေးစာ၊ ပြင်သစ်နိုင်ငံ ပညာတော်သင်စရိတ်အတွက် ငွေလေးထောင်လွှဲပို့စာ၊ ယမ်းသေနတ်၊ တူဆန်လုပ်နည်းပညာများ တတ်မြောက်အောင် သင်ကြားရန်၊ ဖန်ချက်ဝန်ကိုလည်း စက်ကိရိယာများ အဝယ်အယူစေလွှတ်ကြောင်း၊ ဘိလပ်ရှိ ပညာတော်သင်ငမြဲ၊ ငတရုတ်ဖြူတို့ကို ဆင့်စာ၊ သောထား၊ ငလှိုင်၊ ငစီတို့ကို ဘင်္ဂလား၊ မဒရပ်၊ ဘုံဘိုင်မြို့များသို့ ပညာသင်စေလွှတ်ရာကိစ္စ အင်္ဂလိပ်အရေးပိုင်သို့ပေးစာ... စသည်တို့မှာ မြန်မာပညာတော်သင်များ၏ မှတ်တမ်းများဖြစ်၏။

ဤကဲ့သို့ ပညာရေးကိစ္စများတွင် နိုင်ငံခြားနှင့် ကူးလူးဆက်ဆံမှုများ ဖြစ်လာရခြင်းမှာ ရှေးရိုးသင်တန်း၊ လောကုတ္တရာမြန်မာစာပေမျှနှင့် မလုံလောက်တော့ဘဲ နိုင်ငံခြားဘာသာ၊ အင်္ဂလိပ်၊ ပြင်သစ်စာနှင့်အတူ လောကဓာတ်ပညာရပ်များပါ သင်ကြားတတ်မြောက်ရန် လိုအပ်လာသည်ဟု သိရှိလာခြင်းကြောင့်ဖြစ်သည်။

ထိုသို့ နားမျက်စိဖွင့်ပေးရာတွင် S.P.G ကျောင်းအုပ်ကြီး ဒေါက်တာမတ်သည်လည်း တစ်ယောက်အပါအဝင် ဖြစ်သည်။ အင်္ဂလိပ်ဘုန်းတော်ကြီး ဒေါက်တာမတ်သည်လည်းကောင်း၊ ပြင်သစ်ဘုန်းတော်ကြီး ဗီဂန်ဒက်သည်လည်းကောင်း၊ အမေရိကန်သာသနာပြုဆရာ ဒေါက်တာကင်းကိတ်သည်လည်းကောင်း မြန်မာ့ပညာရေးအတွက် ကျေးဇူးတင်ထိုက်သူများဖြစ်ခဲ့လေသည်။

ရွှေတချောင်းမြောင်းနှင့် ၂၂ စီလမ်းထောင့်က ယခုအမှတ် ၁၀ အစိုးရအထက်တန်းကျောင်း၏ ကနဦးမူလအစ S.P.G Royal School ကို ဒေါက်တာမတ်က စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ဒေါက်တာမတ်သည် အင်္ဂလန်၌ ဆောင်ရွက်လျက်ရှိသော ခရစ်တော်ဒေသနာ မြှင့်တင်ရေးအစည်းအရုံး The Society For The Promotion of The Gospel (S.P.G) ဂိုဏ်း၊ ဂိုဏ်းအုပ်ကြီးစီ၊ ပါးရစ်ရှ် (C. Parish)၏ မိန့်ဆိုချက်အရ မြန်မာနိုင်ငံသို့ သာသနာပြုရောက်လာကြသည့် ပုဂ္ဂိုလ်များအနက် တစ်ဦးဖြစ်သည်။

ဒေါက်တာမတ် မန္တလေးနေပြည်တော်သို့ ရောက်လာရခြင်းကလည်း မန္တလေးနေပြည်တော်တွင် ရုံးထိုင်သော ဗြိတိသျှနိုင်ငံရေးအရာရှိဖြစ်သူ ကာနယ်စလေဒင်၏ တိုက်တွန်းချက်အရဖြစ်သလို ကာလကတ္တား ဘီးရှော့ဂိုဏ်းချုပ်ကြီးနှင့် မြန်မာနိုင်ငံကော်မရှင်နာမင်းကြီး ကာနယ်ဖိုက်(ချ်)တို့၏ အကြံပေးချက်အရလည်း ဖြစ်ပေသည်။ တကယ်တော့ ထိုခေတ်က မန္တလေးနိုင်ငံရေးအခြေအနေများတွင် ပြင်သစ်နှင့်အမေရိကန်တို့ တွင်ကျယ်နေခြင်းကို ယှဉ်နိုင်ရန်အတွက် ကာနယ်စလေဒင်က ဒေါက်တာမတ်ကို နိုင်ငံရေးအရ ခေါ်ယူခြင်းဖြစ်သည်ဟု ယူဆနိုင်သည်။

မင်းတုန်းမင်းကြီးက ဒေါက်တာမတ်ရောက်လာခြင်းကို ဝမ်းမြောက်ဝမ်းသာလက်ခံသည်။ ခရစ်ယာန်ဘုရားရှိခိုးကျောင်းတစ်ဆောင်နှင့် စာသင်ကျောင်းတစ်ဆောင်ကို ဆောက်လုပ်ပေးသည်။ လစာရိက္ခာများ ထောက်ပံ့သည်။ ထို့ထက် ပိုမိုအလေးဂရုပြုသည်မှာ မိမိသားတော်များကို ဒေါက်တာမတ်ထံ အပ်နှံပညာသင်ကြားစေခြင်းဖြစ်သည်။

ထို့ကြောင့် ရွှေတချောင်းအနောက်ကမ်းရှိ ဗြိတိသျှသံတဲအတွင်းတွင် ၁၈၆၉ (၁၂၃၁)ခုနှစ်လောက်က S.P.G Royal School ခေါ် သာသနာပြု အင်္ဂလိပ်စာသင်ကျောင်းတစ်ကျောင်း ပေါ်ပေါက်လာတော့သည်။ ဗြိတိသျှသံတဲဝင်းအတွင်းတွင် တည်ရှိသောကြောင့် သံတဲကျောင်းတော်ဟုလည်း ခေါ်တွင်သည်။

သံတဲကျောင်းတော်တွင် ပညာသင်ကြားရန် မင်းတုန်းမင်းက သားတော်ကိုးပါး အပ်နှံသည်။ သီပေါမင်းသားလည်းပါ၏။ တခြား မင်း၊ မှူးမတ်၊ သူဌေးသူကြွယ်တို့၏ သားမြေးများလည်း အပ်နှံကြ၏။

မင်းသားများ ကျောင်းတက်လာကြသောကြောင့် နောက်ပါအခြွေအရံ ၄၀ လောက်နှင့် ဆင်စီး၊ ရွှေထီးဆောင်းကာ တခမ်းတနားလာကြသည်။ နောက်တော်ပါး လူပျိုတော်သား၊ လက်ဖက်ရည်တော်သားများကလည်း အခြွေအရံ ၁၀ ယောက် ၁၂ ယောက်စီလောက် ပါသေး၏။ သူတို့ကလည်း ထီးဝါတစ်လက်စီ ဆောင်းထားကြသေးသည်။ မင်းသားတစ်ပါးတစ်ပါးလျှင် ဤမျှသော လူသူအခြွေအရံများနှင့် ကျောင်းတက်ကြသောအခါ ဆရာမတ်၏ကျောင်းတွင် ကျောင်းသားထက် အခြွေအရံကပင် များပြားနေသည်မှာ ထူးဆန်းဖွယ်ဖြစ်ပေသည်။ အခြွေအရံတို့က လူလေးရာလောက်ရှိမှာပေ့ါ။

ဤမျှ ကိန်းခန်းကြီးသော မင်းသားများနှင့် စာသင်ကျောင်းတစ်ကျောင်းတည်း အတူတက်ရသော တခြားအရပ်သားကျောင်းသားများမှာလည်း အတော်အနေအထိုင်ကျပ်တည်းလှသည်။ အဘယ်မှာလျှင် မင်းသားများနှင့်အတူတူထိုင်ဝံ့ကြမည်နည်း။ အောက်ဆင်းထိုင်ကာ လက်ယှက်ဟန်ဖြင့် မျက်နှာကို လက်နှစ်ဖက်ဖြင့် ဖုံးကွယ်နေကြရှာသည်။ ဆရာမတ်၏ ကျောင်းသားများထဲတွင် ဟံသာဝတီပိဋကတ်တိုက်ကြီးကို တည်ထောင်သူ မစ္စတာဖီးလစ်၊ အိတ်ချ်၊ ရစ်ပလီလည်း တစ်ဦးအပါအဝင်ဖြစ်သည်။ သူက မင်းတုန်းမင်း၏ မွေးစားသားလည်းဖြစ်သည်။ တောင်သမန်လယ်စား မောင်ဖေငယ်လည်း ဆရာမတ်ကျောင်းသားဖြစ်လေသည်။ သူက သီပေါမင်းနှင့်အတူ ကျောင်းတက်၏။ လျှာထူ၍ အင်္ဂလိပ်စကားမပီသူဟူ၍ မောင်ဖေငယ်ကို မှတ်မိနေကြသည်။

ဆရာမတ်ကျောင်းမှ တစ်နှစ်တစ်နှစ်လျှင် ကျောင်းသားပေါင်း သုံးရာထက်မနည်း မွေးထုတ်နိုင်သည်။ ထို့အတူ ပြင်သစ်ဘုန်းတော်ကြီး ဘီဂန္ဒက်ကလည်း ပြင်သစ်စာပေများကို သင်ကြားပို့ချလျက်ရှိရာ ထိုသည်များကို ထောက်၍ မန္တလေးတွင် ထိုခေတ်က အင်္ဂလိပ်စာတတ်၊ ပြင်သစ်စာတတ်ပုဂ္ဂိုလ်များ မနည်းလှဟု မှတ်ယူရပေမည်။ လွှတ်တော်ဝန်ကြီးတစ်ပါးဖြစ်သော ခန်းပတ်မင်းကြီးမှာ အင်္ဂလိပ်စာတတ်၊ ပြင်သစ်စာတတ်ဖြစ်ပြီး အင်္ဂလိပ်စကား အပြောကောင်းလှသူဟု သိရသည်။ ပြင်သစ်ဆိုင်ရာ မြန်မာ သံအမတ်ကြီးဖြစ်သော သံချက်ဝန်မင်းကြီးမင်းလှ မဟာစည်သူမှာလည်း အင်္ဂလိပ်၊ ပြင်သစ် နှစ်ဘာသာတတ်ကျွမ်းသူဟု ဆိုသည်။ သံချက်ဝန်သည် ပြင်သစ်ကိုဗဟိုပြု၍ ဂျာမနီ၊ အီတလီပြည်များအတွက်ပါ သံတမန်ရေးရာ ဆောင်ရွက်ရလေသည်။

ဒေါက်တာမတ်၏ S.P.G ကျောင်းသည် အမိုးသုံးထပ်နှင့် ဆောက်လုပ်ထားသည်ဟုဆို၏။ ထိုသို့ပြုလုပ်ပုံမှာ မင်းသားများအိမ်တော်နှင့် ဘုန်းကြီးကျောင်းများ၌သာ ပြုလုပ်၏။



ရတနာပုံခေတ် ဒေါက်တာမတ်ကျောင်း

***(''တောင်မြောက် အရှေ့အနောက်ထောင့်မတ်မန္တလေး'' ဆောင်းပါးကို အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)***

# ကုန်အမှတ်တံဆိပ်အတုနှင့်အစစ် ပညာပေးအစီအစဉ် ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၃**

မြန်မာနိုင်ငံတွင် ပထမအကြိမ်အဖြစ် ကုန်အမှတ်တံဆိပ်အစစ်နှင့် ပတ်သက်သော ပညာပေးအစီအစဉ် (UNREAL CAMPAIGN) ကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဥပဒေတွဲ့ရှသူများအသင်း ဥက္ကဋ္ဌ ဦးဘတင့်ဆွေက ဒီဇင်ဘာလနောက်ဆုံးပတ်က ပြောသည်။

အဆိုပါ ပညာပေးအစီအစဉ်ကို မြန်မာနိုင်ငံဥပဒေတွဲ့ရှသူများအသင်း [Law Graduate Association of Myanmar-LGAM] နှင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအမှတ်တံဆိပ် မူပိုင်ခွင့်အသင်းကြီး [International Trademark Association-INTA] တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး အစီအစဉ်တွင် ဥပဒေပညာရှင်များက ဆွေးနွေးဟောပြောမည်ဖြစ်ကြောင်း အသင်းအထွေထွေအတွင်းရေးမှူး ဦးအောင်ဌေးဦးက ရှင်းလင်းပြောကြားသည်။

ပညာပေးအစီအစဉ်ကို ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း UMFCCI ၌ ဇန်နဝါရီ ၂၀ ရက် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကျင်းပမည်ဖြစ်ရာ ဥပဒေကျောင်းသား ကျောင်းသူများ၊ ဥပဒေတွဲ့ရှများ၊ လုပ်ငန်းရှင်များ၊ ကုန်ထုတ်လုပ်သူများ၊ ကုန်အမှတ်တံဆိပ်ပိုင်ရှင်များ၊ ကုန်ပစ္စည်းဖြန့်ချိသူများ၊ လက်လီရောင်းချသူများနှင့် အခြားစိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်းနှင့် လူဦးရေကန့်သတ်ထားသည့်အတွက် ဒေါ်နီနီဦး ဖုန်း-၀၉-၂၅၀၃၇၁၄၈၂ နှင့် ဒေါ်ခင်မာဌေး ဖုန်း-၀၉-၅၄၁၁၄၄၀ မြန်မာနိုင်ငံ ဥပဒေတွဲ့ရှသူများအသင်းသို့ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

ထို့အပြင် မြန်မာနိုင်ငံ ဥပဒေတွဲ့ရှသူများအသင်းသည် ကမာရွတ်မြို့နယ် ရန်ကုန်တက္ကသိုလ်များ ဓမ္မာရုံညှော့ခန်းဆောင်၌ ဇန်နဝါရီ ၈ ရက် တနင်္ဂနွေနေ့ နံနက် ၈ နာရီတွင် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံ ဥပဒေတွဲ့ရှသူ အသင်းဝင်များအပြင် အသင်းမဝင်ရသေးသော ဥပဒေတွဲ့ရှသူများနှင့် အဆိုပါ ပညာပေးအစီအစဉ် ဆွေးနွေးဟောပြောပွဲတက်ရောက်ရန် စိတ်ဝင်စားသူများလည်း တက်ရောက်ဆွေးနွေးနိုင်ကြောင်း သိရသည်။

**ခင်မောင်သော်(ကမာရွတ်)**

# ကိုယ့်အားကိုယ်ကိုး မီးလင်းရေးအောင်ပွဲကျင်းပ

**စဉ့်ကိုင် ဇန်နဝါရီ ၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ညောင်ပင်ကြီးကျေးရွာအုပ်စု ထန်းသုံးပင်ရွာ ကိုယ့်အားကိုယ်ကိုး ကျေးရွာမီးလင်းရေး မီးလွှတ်အောင်ပွဲကို ဒီဇင်ဘာလနောက်ဆုံးပတ်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာမှာ ထန်းသုံးပင်ကျေးရွာ ဆရာတော်ဦးလာဘ၏ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ထရန်စဖော်မာမှ ဓာတ်အားရယူသုံးစွဲနေသော်လည်း ကျေးရွာလူဦးရေ တိုးတက်ဖွံ့ဖြိုးလာသည်နှင့်အမျှ ၂၀၁၆ စက်တင်ဘာလ လက်ရှိဆရာတော် ဘဒ္ဒန္တဇဋိလ ဦးစီး၍ ကျေးရွာမီးလင်းရေးကော်မတီ ဖွဲ့စည်းခဲ့ကာ ထရန်စဖော်မာတိုးချဲ့နိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယခုအခါ ၁၁ /၀ ဒသမ ၄ ကေဗွီ-၂၀၀ ကေဗွီအေ အသစ်တစ်လုံး ထပ်မံတပ်ဆင်နိုင်ခဲ့သဖြင့် ထန်းသုံးပင်ကျေးရွာရှိ မီးသုံးစွဲသူ ၁၀၀ ဓာတ်အားလုံလောက်စွာ သုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး သင်တန်းဖွင့်

**လက်ပံတန်း ဇန်နဝါရီ ၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းရုံးတွင် ဒီဇင်ဘာလနောက်ဆုံးပတ်က လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် လုပ်ငန်းခွင်စွမ်းဆောင်ရည်မြှင့်တင်ရေး(ရက်တို)သင်တန်းဖွင့်လှစ်ရာ ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးဘုန်းကျော်ဦးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးရဲထွန်းတို့က သင်ကြားပို့ချကြကြောင်း သိရသည်။

**အောင်ဆင့်**

# အောင်လံမြို့၌ သီတဂူဇောတိကစက္ခုဒါနဆေးရုံတည်ဆောက်ပြီးစီး



**အောင်လံ ဇန်နဝါရီ ၃**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့ ရွာထောင်ရပ်ကွက် ရခိုင်ပရိယတ္တိစာသင်တိုက်အတွင်း၌ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ သီတဂူဆရာတော် တည်ထောင်တော်မူသော သီတဂူဇောတိက စက္ခုဒါနဆေးရုံတော်ကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလကစတင်ပန္နက်ချပြီး ဧပြီလမှစ၍ ရခိုင်ပရိယတ္တိစာသင်တိုက် အရှင်ဇောတိကက အကျိုးဆောင်၍ အလှူရှင်များ၏ လှူဒါန်းမှုဖြင့် ဆေးရုံကြီးကို တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ယခုအခါ ဆေးရုံတော်ကြီး တည်ဆောက်ပြီးစီးသွားပြီဖြစ်၍ ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ဘောလုံးပြိုင်ပွဲ၊ ဂေါက်သီးရိုက်ပြိုင်ပွဲ၊ နိုင်ငံတော်အဆင့်ခြင်းလုံး အမျိုးသား၊ အမျိုးသမီးအလှပြခတ်ကစားခြင်း၊ တရားပွဲများ ကျင်းပမည်ဖြစ်ပြီး မျက်စိဝေဒနာရှင်များအား ဖေဖော်ဝါရီ ၂ ရက်မှစ၍ အခမဲ့စမ်းသပ်စစ်ဆေး ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ သီတဂူဇောတိက စက္ခုဒါနဆေးရုံတော်ကြီး တည်ဆောက်ပြီးစီးသွားပြီဖြစ်၍ အောင်လံမြို့နယ်နေပြည်သူများ၊ အောင်လံမြို့နှင့်ဆက်စပ်သည့် အခြားမြို့နယ်များမှ မျက်စိဝေဒနာရှင်ပြည်သူများ ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

**မိုးကိုကို(အောင်လံ)**

# အင်းဝမြို့ဟောင်းရှိ သစ်သားကျောင်းတော်ကြီးကို ဘုရားဖူးပြည်သူများ အထူးစိတ်ဝင်တစားလေ့လာ

**တံတားဦး ဇန်နဝါရီ ၃**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် အင်းဝမြို့ဟောင်းရှိ ဘကြီးတော်မင်းလက်ထက်၌ တည်ဆောက်ခဲ့သော သစ်သားကျောင်းတော်ကြီးကို နေ့စဉ် နိုင်ငံခြားခရီးသွားများနှင့် ဘုရားဖူးမြန်မာပြည်သူများစွာ လာရောက်လေ့လာလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့က အမေရိကန်နိုင်ငံက ခရီးသွားကုမ္ပဏီအစီအစဉ်နဲ့ မြန်မာပြည်က ရှေးဟောင်းဒေသတွေကို သွားရောက်လေ့လာကြမှာပါ။ မြန်မာပြည်ကိုစရောက်တာ ဒီနေ့ဆိုရင် ငါးရက်ရှိသွားပါပြီ။ ပထမဦးဆုံးပုဂံဒေသကို သွားရောက်လေ့လာကြတာပါ။ ဒီအင်းဝမြို့ဟောင်းကို ဒုတိယအနေနဲ့ လာရောက်ကြတာပါ။ ဆက်ပြီးလည်း ရှေးဟောင်းနေရာဒေသတွေကို သွားရောက်လေ့လာကြမှာပါ"ဟု နိုင်ငံခြားသားတစ်ဦးက ပြောသည်။

အဆိုပါ ကျောင်းတော်ကြီးကို ရှေးဟောင်းသစ်သားများဖြင့် တည်ဆောက်ထားပြီး ကျွန်းတိုင်ပေါင်း ၂၆၇ လုံးရှိ၍ အကြီးဆုံးကျွန်းတိုင်၏ လုံးပတ်မှာ ကိုးပေရှိကာ အမြင့်ပေ ၆၀၊ အကျယ်အဝန်းအားဖြင့် အလျား ၁၈၈ ပေ၊ အနံ ၁၀၃ ပေရှိပြီး ယင်းကျောင်းတော်ကြီး၌ ယခုအခါ တွေ့မြင်ရန် အလွန်ရှားပါးသွားပြီဖြစ်သော ရှေးဟောင်းမြန်မာ့ဗိသုကာနှင့်ပန်းပု အနုပညာအမွေအနှစ်များကို ပေါင်းဆက်ဆောက်လုပ်ထားသည်ကို တွေ့မြင်ရကြရမည်ဖြစ်သည်။

အဆိုပါ အင်းဝမြို့ဟောင်းရှိ ဘုရားစေတီ၊ ဂူ၊ ဥမင်၊ ကျောင်းစသည်များကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ထိန်းသိမ်းထားကြောင်း သိရသည်။

**ကျော်ကျော်(မလှိုင်)**



# ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ စစ်ဘေးရှောင်အိမ်ထောင်စုဝင်များအား ထောက်ပံ့

**နောင်ချို ဇန်နဝါရီ ၃**

နောင်ချိုမြို့နယ် ဆမ္မဆယ်ကျေးရွာအုပ်စု အုံးမွှသီးကျေးရွာ ဘုန်းတော်ကြီးကျောင်းနှင့် ရေမောင်းကန်ကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိနေသည့် ခေတ္တစစ်ဘေးရှောင် ခိုလှုံလျက်ရှိသော အိမ်ထောင်စုဝင်များအား ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ လှူဒါန်းသော ဆန်၊ စောင်၊ အဝတ်အထည်များ၊ တန်ဖိုးငွေကျပ် ၁၀၁၇၀၀၀ ကို ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းထွန်းဟိန်- ဒေါက်တာ ဒေါ်စိန်စိန်သိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းမြေ့စော၊ (လားရှိုး) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုင်းမြင့်မောင်တို့က ဒီဇင်ဘာ ၃၁ ရက်က ထောက်ပံ့လှူဒါန်းခဲ့သည်။

ထို့ပြင် နောင်ချိုမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးတို့၏ စီစဉ်ဆောင်ရွက်မှုဖြင့် စစ်ဘေးရှောင်အိမ်ထောင်စုဝင်များ၏ ကျောင်းနေအရွယ်ကလေးများကို စာသင်ကြားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**



# သောက်သုံးရေရရှိရေး စက်ရေတွင်းတူးဖော်

**ပုလဲ ဇန်နဝါရီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် ကြက်ရင်းကျေးရွာအုပ်စု အောင်ငြိမ်းချမ်းကျေးရွာ၌ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေဖြင့် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတိုးတိုးဝင်းက မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးအောင်၊ မြို့နယ်ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိ ဦးဌေးညွန့်တို့နှင့်အတူ ဒီဇင်ဘာလနောက်ဆုံးပတ်က လုပ်ငန်းဆောင်ရွက်နေမှု အရည်အသွေးပြည့်မီရေးအတွက် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ပုလဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်နေပြည်သူများအတွက် သန့်ရှင်းသော သောက်သုံးရေရရှိရေး လုပ်ငန်းများကို နှစ်စဉ် ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်တွင် ခွင့်ပြုရန်ပုံငွေကျပ် ၁၄၀ ဒသမ ၆ သန်းဖြင့် တုန်းကန်၊ အောင်ငြိမ်းချမ်း၊ ကံသာ၊ အုန်းမွှန်းတောကျေးရွာနှင့် နွယ်အင်းကျေးရွာများတွင် စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းနှင့် ရေသာ၊ ဆည်ကြီးကျေးရွာနှင့် စစ်ရင်ကျေးရွာများတွင် စိမ့်စမ်းရေ သွယ်တန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းခန့်စိုး(ဧယျာမြေ)**

# အဖိုးတန်သော လူ့အသက်ကို အချိန်မီ ကယ်တင်ပေးမည့် အရေးပေါ်ဖုန်း ၁၉၂

## ဒေါက်တာညွန့်ရွှေအောင်(အရေးပေါ်ကုသမှုဌာန၊ နေပြည်တော်ခုတင်-၁၀၀၀)

ယနေ့အချိန်အခါတွင် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်တွင် နေ့စဉ်ခရီးသွားလာနေသော ခရီးသွားပြည်သူများနှင့် မော်တော်ယာဉ်အရေအတွက်သည် များပြားလျက်ရှိပါသည်။ ခရီးသွားလာရာတွင် ဘေးအန္တရာယ်ကင်းရှင်းမှုရှိရန် လိုအပ်ပါသည်။ သို့သော်တစ်ခါတစ်ရံတွင် ယာဉ်ကြောင့်သော်လည်းကောင်း၊ လူကြောင့်သော်လည်းကောင်း၊ လမ်းကြောင့်သော်လည်းကောင်း၊ တစ်စုံတစ်ခုသောအကြောင်းကြောင့် သော်လည်းကောင်း ဘေးအန္တရာယ်ဖြစ်တတ်ပါသည်။

ခရီးသွားလာရာတွင် ဘေးအန္တရာယ်ဖြစ်လာပါက အရေးပေါ်အကူအညီရရှိရန်လိုအပ်ပါသည်။ အရေးပေါ်အကူအညီဟုဆိုရာတွင် လူအတွက်ဖြစ်နိုင်သလို မော်တော်ယာဉ်အတွက်လည်းဖြစ်နိုင်ပါသည်။ ဤဆောင်းပါးတွင် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၌ ထိခိုက်ဒဏ်ရာရသောသူအတွက် အရေးပေါ် အကူအညီပေးမည့် "ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အမြန်လမ်းအရေးပေါ်လူနာတင်ယာဉ်ဖြင့် လူနာသယ်ယူမှုအစီအစဉ်"အကြောင်း ရေးသားတင်ပြပါမည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အမြန်လမ်းတွင် ယာဉ်မတော်တဆမှုများကြောင့် အသက်ဆုံးရှုံးခြင်း၊ ထိခိုက်ဒဏ်ရာရရှိခြင်းများကို ထိရောက်စွာကယ်ဆယ်ကုသပြီး နီးစပ်ရာဆေးရုံများသို့ အချိန်မီသယ်ယူပို့ဆောင်နိုင်ရန် ရည်ရွယ်၍ "အမြန်လမ်းအရေးပေါ် လူနာတင်ယာဉ်ဖြင့် လူနာသယ်ယူမှုအစီအစဉ်" အား ၂၀၁၆ ခုနှစ် ဩဂုတ်လ ၁ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပါသည်။

**အမြန်လမ်းတွင် ယာဉ်မတော်တဆဖြစ်လျှင် အရေးပေါ် ဖုန်းနံပါတ် ၁၉၂ သို့ ဖုန်းဖြင့် ခေါ်ဆို၍ အချိန်မရွေး အကူအညီ တောင်းခံနိုင်ပါသည်။ အရေးပေါ်ဖုန်း နံပါတ် ၁၉၂ သို့ ဖုန်းဖြင့် ခေါ်ဆိုပါက နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်- ၁၀၀၀) တွင် တည်ရှိသော အမြန်လမ်း အရေးပေါ်လူနာတင်ယာဉ် ကွပ်ကဲမှု ရုံးသို့ သတင်းဦးစွာ ရောက်ရှိပါမည် . . .**

အမြန်လမ်းတွင် ယာဉ်မတော်တဆဖြစ်လျှင် အရေးပေါ်ဖုန်းနံပါတ် ၁၉၂ သို့ ဖုန်းဖြင့် ခေါ်ဆို၍ အချိန်မရွေးအကူအညီတောင်းခံနိုင်ပါသည်။ အရေးပေါ်ဖုန်းနံပါတ် ၁၉၂ သို့ ဖုန်းဖြင့်ခေါ်ဆိုပါက နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) တွင် တည်ရှိသော အမြန်လမ်း အရေးပေါ်လူနာတင်ယာဉ် ကွပ်ကဲမှုရုံးသို့ သတင်းဦးစွာရောက်ရှိပါမည်။ သတင်းအား စိစစ်ပြီးလျှင် နီးစပ်ရာလူနာတင်ယာဉ်စခန်းများမှ ဆေးဝါးကိရိယာပြည့်စုံသော လူနာတင်ယာဉ်အား အမြန်လမ်းပေါ်ရှိ အခင်းဖြစ်ပွားရာနေရာသို့ စေလွှတ်ပေးပါမည်။ အဆိုပါ အရေးပေါ်လူနာတင်ယာဉ်ပေါ်တွင် ယာဉ်မောင်းတစ်ဦးနှင့် ရှေးဦးအသက်ကယ်ကုသမှုပေးနိုင်သော အသက်ကယ်ဝန်ထမ်းနှစ်ဦးပါရှိပါသည်။

အရေးပေါ်ဖုန်းနံပါတ် ၁၉၂ သို့ဖုန်းဖြင့်သတင်းပေးပို့ရာတွင် အခင်းဖြစ်ပွားသည့် မိုင်တိုင် အတိအကျ၊ အခင်းဖြစ်ပွားသည့် အကြောင်းရင်း (ဥပမာ-ယာဉ်တိုက်၊ တိမ်းမှောက်၊ မီးလောင်)၊ ခန့်မှန်းလူနာအရေအတွက်နှင့် လူနာအခြေအနေ(စိုးရိမ်ရ၊ မစိုးရိမ်ရ)တို့ပါဝင်ပါက အရေးပေါ်ကူညီမှုပေးရာတွင် ပိုမိုလျင်မြန်နိုင်ပါသည်။ လက်ရှိအခြေအနေတွင် အမြန်လမ်း၌ ဖြစ်ပွားသည့် ယာဉ်မတော်တဆမှုများမှ လူနာများကိုသာ ပြုစုသယ်ပို့နိုင်ပါသည်။ အရေးပေါ်ဖုန်းနံပါတ် ၁၉၂ သို့ မလိုအပ်ဘဲ ဖုန်းခေါ်ဆိုခြင်း၊ နှောင့်ယှက်ခေါ်ဆိုခြင်းများ မပြုလုပ်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်ဟူ၍ လက်ကမ်းစာစောင်တွင် ဖော်ပြထားပါသည်။

အမြန်လမ်းအရေးပေါ်လူနာတင်ယာဉ် အရေအတွက်သည် ၁၀ စီးရှိပါသည်။ အရေးပေါ် လူနာတင်ယာဉ်စခန်းအမည်၊ ထားရှိသောနေရာနှင့်မိုင်တိုင် အမှတ်တို့ကို ဇယားဖြင့် ဖော်ပြအပ်ပါသည်။

| စဉ် | | လူနာတင်ယာဉ် ထားရှိနေသာနေရာ | မိုင်တိုင်အမှတ် |
|---|---|---|---|
| ၁။ | လှည်းကူး | လှည်းကူးဆေးရုံ | ၀ မိုင် |
| ၂။ | ဘုရားကြီး | | ၃၉ မိုင် ၀ဖာလုံ |
| ၃။ | မြို့ချောင်း | မြို့ချောင်းဆေးရုံ | ၈၃ မိုင် ၂ ဖာလုံ |
| ၄။ | ဖြူး | ဖြူးအမြန်လမ်းမကြီးရဲစခန်း | ၁၁၅ မိုင် ၀ ဖာလုံ |
| ၅။ | တောင်ငူ | ဇောဒိကုန်းအမြန်လမ်းမကြီးရဲစခန်း | ၁၃၇ မိုင် ၆ ဖာလုံ |
| ၆။ | လယ်ဝေး | ပလွေးအမြန်လမ်းမကြီးရဲစခန်း | ၂၀၁ မိုင် ၅ ဖာလုံ |
| ၇။ | အလယ်ရွာ | အလယ်ရွာတိုက်နယ်ဆေးရုံ | ၂၈၁ မိုင် ၃ ဖာလုံ |
| ၈။ | မိတ္ထီလာ | သီးကုန်းအမြန်လမ်းမကြီးရဲစခန်း | ၂၈၄ မိုင် ၄ ဖာလုံ |
| ၉။ | ပြင်စည် | ပြင်စည်ကျေးရွာ | ၃၂၅ မိုင်နှင့် ၃၂၆ မိုင်ကြား |
| ၁၀ | တံတားဦး | စကားအင်းအမြန်လမ်းမကြီးရဲစခန်း | ၃၅၂ မိုင် ၂ ဖာလုံ |




အမြန်လမ်း အရေးပေါ်လူနာတင်ယာဉ်ဖြင့် သယ်ယူပို့ဆောင်ပေးနိုင်သော လူနာအရေအတွက်တို့ကို ဇယားဖြင့် ဖော်ပြအပ်ပါသည်။

| ခုနှစ် | လအမည် | သယ်ယူပို့ဆောင်ပေးနိုင်သောလူနာဦးရေ | စုစုပေါင်း (ဦးရေ) | |
|---|---|---|---|---|
| ၂၀၁၆ ခုနှစ် | ဩဂုတ်လ | ၆ ဦး | | ၇၅ ဦး |
| | စက်တင်ဘာလ | ၁ ဦး | | |
| | အောက်တိုဘာလ | ၈ ဦး | | |
| | နိုဝင်ဘာလ | ၆၀ ဦး | | |

အရေးပေါ်ဖုန်းနံပါတ် ၁၉၂ သို့ခေါ်ဆိုသောစုစုပေါင်းဖုန်းခေါ်ဆိုမှု၊ တုံ့ပြန်ဆောင်ရွက်မှုလိုအပ်သော ဖုန်းခေါ်ဆိုမှုနှင့်အမှန်တကယ်တုံ့ပြန်ဆောင်ရွက်ရသော ဖုန်းခေါ်ဆိုမှုတို့ကို ဇယားဖြင့်ဖော်ပြအပ်ပါသည်။

| ခုနှစ် | လအမည် | စုစုပေါင်း ဖုန်းခေါ်ဆိုမှု (Total call) | တုံ့ပြန်ဆောင်ရွက်မှုလို အပ်သောဖုန်းခေါ်ဆိုမှု (Response call) | အမှန်တကယ်တုံ့ပြန် ဆောင်ရွက်ရသောဖုန်း ခေါ်ဆိုမှု (Real Response) |
|---|---|---|---|---|
| ၂၀၁၆ ခုနှစ် | ဩဂုတ်လ | ၂၃၄၈၇၀ | ၁၀ | ၅ |
| | စက်တင်ဘာလ | ၂၈၆၉၅၂ | ၇ | ၅ |
| | အောက်တိုဘာလ | ၃၁၅၈၂၉ | ၆ | ၅ |
| | နိုဝင်ဘာလ | ၃၁၂၅၀၃ | ၄၄ | ၃၉ |
| စုစုပေါင်း | | ၁၁၅၀၁၅၄ | ၆၇ | ၅၄ |

အထက်ပါဇယားတွင် တုံ့ပြန်ဆောင်ရွက်မှုလိုအပ်သော ဖုန်းခေါ်ဆိုမှု (Response call) ၆၇ ခုရှိသော်လည်း အမှန်တကယ်တုံ့ပြန်ဆောင်ရွက်ရသော ဖုန်းခေါ်ဆိုမှု (Real Response) သည် ၅၄ ခုရှိနေသည်ကိုတွေ့ရပါမည်။ ဤသို့ဖြစ်ရခြင်းမှာ အချို့သောဖုန်းခေါ်ဆိုမှုများသည် အမှန်တကယ် တုံ့ပြန်ဆောင်ရွက်ရန် လိုအပ်သည်ဟု လိမ်ညာပြီးအကြောင်းကြားသောကြောင့် (Response call) အရေအတွက်နှင့် (Real Response) အရေအတွက်တို့သည်ကွာခြားနေရခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ အရေးပေါ်ဖုန်းနံပါတ် ၁၉၂ သို့နှောင့်ယှက်သော ခေါ်ဆိုမှုများမပြုလုပ်ရန် မေတ္တာရပ်ခံရခြင်းဖြစ်ပါသည်။ မိဘပြည်သူများအနေဖြင့် ဤအသိပညာပေးဆောင်းပါးအားဖတ်ရှုပြီးနောက် အမြန်လမ်းတွင် ယာဉ်မတော်တဆမှုဖြစ်ပွားပါက အရေးပေါ် ဖုန်းနံပါတ် ၁၉၂ သို့ ဖုန်းဖြင့်ခေါ်ဆို၍ အကူအညီတောင်းခံကာ အဖိုးတန်သောလူ့အသက်တို့ကို အချိန်မီကယ်တင်နိုင်မည်ဖြစ်ပါသည်။ အမြန်လမ်းတွင် နေ့စဉ်နှင့်အမျှ ခရီးသွားလာနေသောမိဘပြည်သူများနှင့် မော်တော်ယာဉ်များလည်း ဘေးအန္တရာယ်ကင်းရှင်းကြပါစေဟူ၍ ဆုတောင်း လိုက်ရပါတော့သည်။ ။

# လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲကျင်းပ

**မြစ်သား ဇန်နဝါရီ ၃**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်တွင် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းကာ မြို့နယ်အတွင်းရှိ တစ်နှစ်ခွဲအောက် ကလေးငယ်များပြိုင်ပွဲ (Baby Show)ကို မြို့နယ်ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၂ ရက်က ကျင်းပသည်။



"ကလေးပြိုင်ပွဲကို မြို့နယ်အတွင်းမှာရှိတဲ့ကလေးတွေ ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်ခန္ဓာဖွံ့ဖြိုးပြီး အသိဉာဏ်ဖွံ့ဖြိုးတဲ့ ကလေးငယ်များဖြစ်စေဖို့ ရည်ရွယ်ကျင်းပပြီး မွေးစမှ ခြောက်လအရွယ်၊ ခြောက်လ တစ်ရက်မှ ၁၂ လအရွယ်၊ ၁၂ လတစ်ရက်မှ ၁၈ လအရွယ် သုံးမျိုးခွဲပြိုင်ပါတယ်။ ကလေးတွေရဲ့ကိုယ်အလေးချိန်၊အရပ်အမြင့်၊ ကျန်းမာရေးဆေးစစ်ချက်၊ ကိုယ်ခန္ဓာဖွံ့ဖြိုးမှု၊ အသိဉာဏ်ဖွံ့ဖြိုးမှု၊ တစ်ကိုယ်ရေသန့်ရှင်းမှု၊ ကာကွယ်ဆေးထိုးနှံမှုနဲ့ ကိုယ်အလေးချိန်ကတ်ပြားထားရှိမှုတွေကို အမှတ်ပေးယှဉ်ပြိုင်မှာဖြစ်ပါတယ်"ဟု မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်စန်းမြင့်က ပြောသည်။

**ရဲဝင်းထွန်း(မြစ်သား)**

## လွတ်လပ်ရေးနေ့အထိမ်းအမှတ်ပြခန်းဖွင့်

**မော်လမြိုင် ဇန်နဝါရီ ၃**

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ပြခန်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂ ရက်က မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းနိုင်ဦးနှင့် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးရွှေမြင့်တို့က အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများက ပြခန်းအား လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

## နောင်ချိုမြို့နယ်အုပ်ချုပ်ရေးမှူးဖလား ကလပ်အသင်းပေါင်းစုံ ဘောလုံးဖွင့်ပွဲကျင်းပ

**နောင်ချို ဇန်နဝါရီ ၃**

နောင်ချိုမြို့နယ်အုပ်ချုပ်ရေးမှူးဖလား ကလပ်အသင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၁ ရက်က မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းမြေ့စောက အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ကွင်းဖွင့်ပွဲအဖြစ် တောင်ပေါ်သား ဘောလုံး အသင်းနှင့် ကရောင်းဘိလပ်မြေစက်ရုံအသင်းတို့စတင်ယှဉ်ပြိုင်ကစားကြသည်။ အဆိုပါ ဘောလုံးပြိုင်ပွဲသို့ ကလပ်အသင်းပေါင်း ၁၈ သင်း ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

# သွေးတိုးရောဂါရှိသူများ ဆောင်းကာလမှာ သတိထား

**ကြည်လွင်မြင့်(မုံရွာ)**

သွေးတိုးရောဂါသည် ပူလွန်းသောရာသီနှင့်လည်း မသင့်၊ အေးလွန်းသောရာသီနှင့်လည်း မသင့်သော ရောဂါမျိုးဖြစ်သည်။ ပူလွန်းလျှင် အပူဒဏ်ကြောင့် သွေးကြောများကျယ်ပြန့်ကာ သွေးလျှံပွလာပြီး ဦးနှောက်သို့ သွေးတိုးဆောင့်၍တိုးကာ မူးလဲတတ်သည်။ အေးလွန်းလျှင်လည်း သွေးကြောများကျုံ့ပြီး မာကျစ်ကာ သွေးဖိအားတက်လာသည်။ သွေးမရောက်သော အစွန်အဖျားနေရာများသို့ သွေးရောက်စေရန် နှလုံးမှပို၍ ညှစ်ရာမှ သွေးဖိအားတက်လာခြင်းဖြစ်သည်။ ထို့ကြောင့် လူကြီးများဆောင်းရာသီတွင် သွေးပေါင်ချိန်အနည်းငယ် ပိုတက်လေ့ရှိသည်မှာ ရောဂါမဟုတ်ပေ။

ဆောင်းတွင်း နံနက်စောစော ကျုံးနံဘေးတွင် လမ်းလျှောက်နေကျလူကြီးတစ်ဦးသည် ခေါင်းမူးလာသဖြင့် အိမ်ပြန်လာပြီးနောက် သမီးဖြစ်သူဆရာဝန်မက သွေးချိန်ကြည့်သောအခါ သွေးပေါင်ချိန်တက်နေကြောင်း တွေ့ရသည်။ အအေးပတ်ပြီး သွေးတိုးလာခြင်းဖြစ်သည်။ ထိုသူသည် အင်္ကျီလက်ရှည်ဝတ်ထားပြီး အပေါ်မှ ကုတ်အင်္ကျီထပ်ဝတ်ထားသေးသည်။ သူ၏ အဓိကချို့ယွင်းချက်မှာ အင်္ကျီလည်ပင်းကြယ်သီး ဖွင့်ထားခြင်းကြောင့်ဖြစ်သည်။

သတိမမူ ဂူမမြင် ဆိုသော စကားအတိုင်း အနွေးထည်ဝတ်ထားသဖြင့် လုံခြုံပြီဟု ထင်ကြသော်လည်း လည်ပင်းဖွင့်ထားသောအခါ လည်ပင်းဘေးနှစ်ဖက်ရှိ ဦးနှောက်အထိသွေးပို့သော သွေးကြောကြီးနှစ်ချောင်းမှာ အအေးပတ်ပြီး ကျုံ့သွားသည်။ ထိုအခါ ဦးနှောက်သို့ သွေးအရောက် နည်းသွားသည်။ နှလုံးက သွေးပိုရောက်စေရန် ပို၍ညှစ်ပေးသည်။ ထို့ကြောင့် သွေးပေါင်ခေါ် သွေးဖိအား တက်လာရခြင်းဖြစ်သည်။

ရှေးခေတ်က လူကြီးများ လမ်းလျှောက်ထွက်ကြသောအခါ အပေါ်က ကုတ်အင်္ကျီနှင့် အောက်ပိုင်းက ပုဆိုးနှင့်၊ ရှူးဖိနပ်နှင့်၊ လက်တွင် တုတ်ကောက်ကိုင်ထားကာ၊ ထူးခြားချက်မှာ လည်ပင်းတွင် မာဖလာပတ်ထားကြသည်။ ဦးခေါင်းတွင် နှင်းမကျစေရန် ဦးထုပ်တစ်လုံးကို ဆောင်းထားသည်။ ဤသည်ကို ရှေးက 'ပိုလ်အောင်ဒင်စတိုင်လ်'ဟု ခေါ်ကြသည်။ ဤဝတ်စားဆင်ယင်မှုမှာ ကျန်းမာရေးရှုထောင့်မှကြည့်လျှင် အမှန်ကန်ဆုံးဖြစ်သည်။ တုတ်ကောက်ပါသဖြင့် ရုတ်တရက် လဲကျမှာလည်းမပူရ။ လည်ပင်းတွင် မာဖလာပတ်ထားသဖြင့် လည်ပင်းသွေးကြောများ အအေးပတ်ပြီး သွေးတိုးမှာလည်း မပူရသော စတိုင်လ်ဖြစ်ပေသည်။

အဝတ်ပြီးလျှင် အစားဘက်သို့ သတိပြုရမည်။ ဆောင်းရာသီမှာ ကိုယ်တွင်းအပူ ငုပ်သောရာသီ၊ ချွေးမထွက်သောရာသီဖြစ်သဖြင့် ဝမ်းတွင်းပူပြီး ဆာလောင်တတ်သည်။ အစားများလျှင် အစာမကြေဖြစ်တတ်သည်။ အစာကို နည်းနည်းနှင့် အကြိမ်များများ စားရမည်။ ၂ နာရီ၊ ၃ နာရီ တစ်ကြိမ်ခန့် အစားစားပေးလျှင် သင့်သည်။ ကောက်ညှင်းပေါင်း၊ ကောက်ညှင်းထုပ်၊ ဆန်စေး၊ ရှမ်းဆန်များကို သင့်ရုံသာစားသင့်သည်။ အစားများသွားသည်ဟုထင်လျှင် စားပြီးလျှင် ရေနွေးကြမ်းတွင် ဆားလှော်အနည်းငယ်မျှထည့်၍သောက်လျှင် အစာကြေပြီး လေလည်း ကြေစေနိုင်သည်။ နေ့လယ်စာစားပြီးလျှင် ထန်းလျက်ခဲစားခြင်းဖြင့်လည်း အစာကြေစေနိုင်ပါသည်။



'ဝမ်းတစ်လုံးကောင်းလျှင် ခေါင်းတစ်လုံးမခဲ' ဟူသော စကားသည် ရိုးနေပြီဟုထင်ရသော်လည်း အလွန်မှန်ကန်သော စကားဖြစ်သည်။ ဆောင်းဥတုတွင် ဝမ်းချုပ်လျှင် အပူအထက်ပြန်ပြီး နှုတ်ခမ်းကွဲ၊ အာခေါင်ခြောက်ပြီး သွားနာ၊ သွားဖုံးနာ၊ အာသီးရောင်နာရောဂါများ ဖြစ်တတ်သည်။ ဝမ်းမချုပ်စေရန် သုံးရက်လျှင် တစ်ကြိမ်ခန့် မန်ကျည်းမှည့်နှင့် ဆားခါးကို တေဆေးပြုလုပ်၍ စားခြင်း၊ သို့မဟုတ် မန်ကျည်းမှည့်အနှစ်ကို ထန်းလျက်နှင့်ဆား အနည်းငယ်ထည့်စိမ်ပြီး ညအိပ်ရာဝင်ခါနီးအချိန်တွင် သောက်ပေးခြင်းဖြင့် ဝမ်းမှန်ကာ ကျန်းမာစေနိုင်သည်။

ဝမ်းချုပ်ခြင်းသည် သွေးတိုးတက်စေခြင်း၏ အကြောင်းရင်းခံဖြစ်သည်ကို ဆေးပညာရှင်များစွာက သတိပြုမိလာကြသဖြင့် မိမိ၏လူနာများကို ဝမ်းမှန်စေသည့်ဆေးကိုပါ တွဲဖက်၍ ပေးလေ့ရှိသည်။ မာသောအစာ၊ ကောက်ညှင်းကဲ့သို့ အစာကြေခဲသောအစာများကြောင့် အူမကြီး၏အဆုံးတွင် ပိတ်မိကာ စမြင်းခံပြီး မအီမလည်ဖြစ်သလို ခံစားနေရသူများကို သွေးပေါင်ချိန်ကြည့်သောအခါ သွေးတက်နေသည်ကို တွေ့ရသည်။ ထိုသွေးတိုးသည် ရောဂါကြီးရှိ၍မဟုတ်။ လတ်တလော ဝမ်းချုပ်ခြင်းကြောင့်ဖြစ်ရသော ယာယီသွေးတိုးမျှသာ ဖြစ်သည်။ ဝမ်းသွားအောင် ဝမ်းနုတ်ဆေးပေးခြင်း၊ လိုအပ်လျှင် ဝမ်းချုပေးခြင်းဖြင့် သွေးတိုးကျသွားအောင် ဆောင်ရွက်ပေးနိုင်ပေသည်။

ဆောင်းဥတုတွင် ဝမ်းတွင်းတွင် အပူငုပ်ပြီး အပြင်သို့ကန်ထွက်စရာ ချွေးထွက်ခြင်းမရှိသဖြင့် ဆီးသွားခြင်းဖြင့် အပူကို ထုတ်ရသည်။ ဆောင်းတွင် ဆီးမကြာခဏသွားရခြင်းသည် အပြစ်မရှိပေ။ ရောဂါလည်းမဟုတ်ပေ။ သဘာဝက ဤသို့သွားအောင် ပြုခြင်းဖြစ်သည်။ ဝမ်းတွင်းအပူများသဖြင့် ရေများများ သောက်သင့်သည်။ အထူးသဖြင့် နံနက်အိပ်ရာထချိန်နှင့် ညအိပ်ရာဝင်ချိန်များတွင် ရေများများသောက်သင့်သည်။ ရေသောက်နည်းလျှင် ဆီးသွားနည်းမည်။ ဆီးသွားနည်းလျှင် ကျောက်ကပ်တွင် အပူအောင်းပြီး သွေးတိုးတက်လာလေ့ရှိသည်။ အချို့သွေးတိုးတတ်သော သက်ကြီးရွယ်အိုများကို ဆရာဝန်များက သွေးတိုးကျဆေးအပြင် ဆီးဆေးကိုပါ ထည့်ပေးလေ့ရှိသည်ကို တွေ့ရသည်။

**ဆောင်းဥတုတွင် ဝမ်းတွင်းတွင် အပူငုပ်ပြီး အပြင်သို့ကန်ထွက်စရာ ချွေးထွက်ခြင်းမရှိသဖြင့် ဆီးသွားခြင်းဖြင့် အပူကိုထုတ်ရသည်။ ဆောင်းတွင် ဆီးမကြာခဏသွားရခြင်းသည် အပြစ်မရှိပေ။ ရောဂါလည်းမဟုတ်ပေ။ သဘာဝက ဤသို့သွားအောင် ပြုခြင်းဖြစ်သည်။ ဝမ်းတွင်းအပူများသဖြင့် ရေများများသောက်သင့်သည်။ အထူးသဖြင့် နံနက်အိပ်ရာထချိန်နှင့် ညအိပ်ရာဝင်ချိန်များတွင် ရေများများသောက်သင့်သည်။ ရေသောက်နည်းလျှင် ဆီးသွားနည်းမည်။ ဆီးသွားနည်းလျှင် ကျောက်ကပ်တွင် အပူအောင်းပြီး သွေးတိုးတက်လာလေ့ရှိသည်။**

လေချုပ်ခြင်းကြောင့်လည်း သွေးတိုးတတ်သည်။ အနောက်တိုင်းဆေးပညာနှင့် ဆရာဝန်များသည် လေလည်သည်/မလည်သည်ကို မေးလေ့မရှိသော်လည်း ရှေးမြန်မာသမားတော်ကြီးများသည် လေလည်/မလည်ကို လူနာကို စစ်မေးလေ့ရှိသည်။ လေချုပ်ခြင်းကြောင့် နေထိုင်မကောင်းဖြစ်နိုင်သည်ဟု အာယုဗေဒဆေးကျမ်းများတွင်လည်း တွေ့ရသည်။ အာယုဗေဒဆေးပညာတွင် လေငါးမျိုးရှိရာ 'အပါနလေ'သည် အစာဟောင်းအိမ်၌တည်ရှိပြီး ခါး၊ ပေါင်မှ အောက်ပိုင်းသို့ သွေးစီးဆင်းမှုကို တွန်းအားပေးတတ်သောလေ ဖြစ်သည်။ ဝမ်းချုပ်၍ ထိုလေပျက်သောအခါ အောက်ပိုင်းသို့ သွေးအသွားအလာမကောင်းတော့သဖြင့် သွေးသည် အထက်သို့ဆန်တက်ကာ သွေးတိုးရောဂါကို ဖြစ်စေနိုင်ပေသည်။ သွေးတိုးရောဂါကို ကာကွယ်ရန်အတွက် လေချုပ်မည့်အစာများကို အထူးသတိပြုရှောင်ကြဉ်သင့်သည်။ တညင်းသီး၊ ဖန်ခါးသီး၊ မာလကာသီး၊ သဖန်းသီး၊ သစ်ဆိမ့်သီး၊ အာလူး၊ လက်ဖက်၊ ကောက်ညှင်းဆန်၊ ဘဲသား၊ ပုစွန်၊ ကဏန်း စသည်တို့သည် လေချုပ်စာများဖြစ်သည်။

ဆီး၊ ဝမ်း၊ သွေး၊ လေ ဓာတ်လေးပါးညီညွတ်နေလျှင် လူတိုင်း ကျန်းမာနေမည်သာဖြစ်သည်။ ထိုဓာတ်လေးပါးကိုလည်း အရမ်းမဲ့ညှို၍မရ။ ရိုးရာဆေးပညာက ဓာတ်လေးပါးမသိ ဥတုနှင့်ညှိဟုဆိုသဖြင့် ဆောင်းတွင် ဆောင်းဥတုနှင့်ညှိပြီး လေမချုပ်၊ သွေးမချုပ်၊ ဆီးမချုပ်၊ ဝမ်းမချုပ်သော ဓာတ်စာ၊ ဆေးဝါးကို ပေးမှသာ ကျန်းမာရေးနှင့်ညီညွတ်မည် ဖြစ်သည်။

သွေးတိုးရောဂါသည် မြန်မာဆေးပညာအလိုအရ လေတိုးရောဂါပင်ဖြစ်သည်။ ထိုလေသည် အပူငုပ်သော ဆောင်းရာသီတွင် ကိုယ်တွင်း၌လှည့်လည်နေရာမှ အောက်သို့မစုန်မသက်ဘဲ အထက်သို့ဆန်တက်လျှင် သွေးတက်လာသည်ကို သတိပြုဆင်ခြင်နိုင်စရာ ရေးသားတင်ပြရခြင်းဖြစ်သည်။ အအေးပတ်ခြင်းကြောင့်လည်း လေသည် ကိုယ်တွင်းမှ အပြင်သို့မထွက်နိုင်ဘဲအတွင်းမှာလှည့်မွှေကာ ဒုက္ခပေးတတ်သည်။ လေအေးမှ လေပူဖြစ်ကာ အထက်သို့ကန်တက်တတ်သဖြင့် သွေးတိုးရောဂါရှိသူများ ဦးနှောက်သွေးကြောပြတ်ကာ လဲကျတတ်သည်ကို တွေ့ရသည်။ သက်ကြီးရွယ်အိုများတွင် သွေးကြောပိုက်လိုင်းများ ဆွေးမြည့်ပြီဖြစ်သဖြင့် လူငယ်များနှင့်မတူ၊ အအေးမပတ်အောင် ပိုပြီးသတိရှိဖို့လိုသည်။

အချုပ်အားဖြင့် သွေးတိုးရောဂါရှိသူများသည် ဆောင်းရာသီတွင် ဆင်ခြင်စရာများမှာ-

၁။ အပြင်ထွက်လျှင် အဝတ်ထူထူဝတ်ဆင်ပါ၊ အင်္ကျီ လည်ပင်းကို ဖွင့်မထားပါနှင့်၊ ဖြစ်နိုင်လျှင် မာဖလာ ပတ်ထားပါ။
၂။ ဝမ်းမချုပ်ပါစေနှင့်။ နေ့စဉ်ဝမ်းမှန်အောင် အသီးအနှံစားပါ။ ရေများများသောက်ပါ။ လမ်းလျှောက်ပေးပါ။
၃။ မာကြောသောအစာ၊ အစာကြေခဲသော အစာများကို မစားပါနှင့်။ အစာကို နည်းနည်းနှင့် အကြိမ်များများ စားသင့်ပါသည်။
၄။ လေချုပ်စေသောအစာ၊ ဆားအငန်များသောအစာ၊ အပုပ်ခံထားသောအစာ၊ အချဉ်ဖောက်ထားသောအစာများကို ရှောင်ကြဉ်ပါ။
၅။ နံနက်စောစောရေချိုးခြင်း၊ ညနေနှင့် ညပိုင်းတွင် ရေချိုးခြင်းကို လုံးဝရှောင်ကြဉ်ပါ။ နေ့လယ် နေအလင်းရောင်ရှိသော အချိန်တွင်သာ ရေချိုးပါ။
၆။ နေရောင်ခြည်ရအောင် နေ့စဉ် နေထိုင်ပါ။ နေရောင်ခြည်မဝင်သောအခန်းတွင် အိပ်စက်ခြင်းကို ရှောင်ကြဉ်ပါ။ အိပ်ရာ၊ စောင်များကို တစ်ပတ်လျှင် တစ်ကြိမ်ခန့် နေလှန်းပေးပါ။

သွေးတိုးရောဂါသည် သတိပြုနေထိုင်လျှင် သက်တမ်းစေ့နေနိုင်ပါသည်။ သတိမပြုဘဲ အနေအထိုင် အစားအသောက်မှားလျှင် လေဖြတ်ခြင်း၊ ဦးနှောက်သွေးကြောပေါက်ခြင်းတို့ကြောင့် မစွမ်းမသန်ဘဝရောက်ခြင်း၊ အသက်ဆုံးရှုံးခြင်းတို့ ဖြစ်နိုင်သဖြင့် အထူးသတိပြုစေလိုသည်။ ။

## မတ္တရာမြို့နယ်တွင် ဒီဃာယု ကုသိုလ်ပြု ဆေးခန်းပြန်လည်ဖွင့်လှစ်

**မတ္တရာ ဇန်နဝါရီ ၃**

ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်ရှိ ဒီဃာယု ကုသိုလ်ပြုဆေးခန်းကို သစ္စာရွှေပြည်မဟာစည်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇိနောရသ(မဟာစည်ကြယ်တစ်ပွင့်)က ဦးဆောင်၍ ဇန်နဝါရီ ၁ ရက်တွင် ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ဆေးခန်းဖွင့်ပွဲတွင် နိုင်ငံတော်ဗဟိုဝန်ဆောင် ရွှေသိမ်တော်(မြောက်)ကျောင်း ဆရာတော်ကြီးထံမှ သီလခံယူဆောက်တည်ကြပြီး ကုသိုလ်ပြုဆေးခန်းကြီး ရေရှည်တည်တံ့စေရေးအတွက် ကားနှင့် အလှူငွေများ လှူဒါန်းကြသော ကုသိုလ်ရှင် ဆရာတော်ကြီးများနှင့် လူပုဂ္ဂိုလ်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ဦးဆောင်ဆရာတော်ကြီးက ပေးအပ်ချီးမြှင့်ခဲ့သည်။ ထို့နောက် ဩဝါဒါစရိယဆရာတော် သာသနဇောတာရုံ ရွှေအုန်းပင်ကျောင်းတိုက်ဆရာတော်ဘုရားကြီးထံမှ ဩဝါဒခံယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် အလှူရှင်များက ရေစက်ချအမျှပေးဝေခဲ့သည်။



အဆိုပါကုသိုလ်ပြုဆေးခန်းကို ၁၀ လကျော် ပိတ်ထားခဲ့ရသည့်အတွက် ဆေးခန်းအတွင်းရှိ ဆေးပစ္စည်းများ ရက်လွန်ပျက်စီးခြင်းများရှိခဲ့ကြောင်း၊ မြို့နယ်အတွင်းမှ နွမ်းပါးသူများက ဆေးခန်းကြီး အမြန်ပြန်လည်ဖွင့်လှစ်စေလိုခြင်းကြောင့် သစ္စာရွှေပြည်ကျောင်းဆရာတော်က ဦးဆောင်၍ ကုသိုလ်ပြုကုသပေးမည့် ဆရာဝန် ၁၃ ဦး၊ တိုင်းရင်းဆေး(တာဝန်ခံ) မြို့နယ်တိုင်းရင်းဆေးမှူးတို့နှင့် ပြန်လည်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဇန်နဝါရီ ၇ ရက်မှ စတင်၍ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် မွန်းလွဲ ၁ နာရီမှစတင်၍ ဆေးကုသမှုများ ပြန်လည်စတင်မည်ဖြစ်ကြောင်း သိရသည်။

ဆေးခန်းပြန်လည်ဖွင့်လှစ်သည့်အတွက် ဆေးခန်းတွင်အသုံးပြုရန် ကားတစ်စီးကို ဆရာမကြီးဒေါ်ခင်မေသိန်း မိသားစုက လှူဒါန်းခဲ့ပြီး အခြားကုသိုလ်ရှင်များကလည်း ဆေးပဒေသာပင်များလှူဒါန်းခဲ့ကြကာ ဆေးခန်း ရေရှည်တည်တံ့ တိုးတက်ရေးအတွက် စေတနာရှင်များအနေဖြင့် အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**



**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ရခိုင်ပြည်နယ် တိုင်းရင်းဆေးပညာဦးစီးဌာန ခုတင်(၅၀)ဆံ့ စစ်တွေတိုင်းရင်းဆေးရုံ၌ တိုးချဲ့အဆောင်သစ်ဖွင့်ပွဲကို ဇန်နဝါရီ ၁ ရက်က ကျင်းပရာ ပြည်နယ် တိုင်းရင်းဆေးပညာဦးစီးဌာနမှူး ဦးအောင်ကျော်ဦး နှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသောင်းလှိုင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်**
(ပြည်နယ် ပြန်/ဆက်)

# ဒေသဆိုင်ရာညှော်လမ်းညွှန်(အခြေခံ)သင်တန်း မုံရွာမြို့၌ ဖွင့်လှစ်

**မုံရွာ ဇန်နဝါရီ ၃**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ လူငယ်လူရွယ်များ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် ရည်ရွယ်၍ ဒေသဆိုင်ရာညှော်လမ်းညွှန်(အခြေခံ)သင်တန်း အမှတ်စဉ်(၂၉)ကို ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ၏ ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာနက ကြီးမှူး၍ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့မြို့တော်ခန်းမ၌ ဇန်နဝါရီ ၂ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။



သင်တန်းဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ တိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သူဦးက "ဒီသင်တန်းကို တိုင်းဒေသကြီးအတွင်းရှိ လူငယ်လူရွယ်တွေ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရန်အတွက် အဓိကဦးတည်ပြီး ဖွင့်လှစ်ခြင်းဖြစ်ပါတယ်။ ဒီသင်တန်းကို တက်ရောက်ခြင်းအားဖြင့် တိုင်းဒေသကြီးအတွင်း ရောက်ရှိလာမယ့် ပြည်ပခရီးသွားဧည့်သည်တွေကို တိုင်းဒေသကြီးအတွင်းက ရှေးဟောင်းအမွေအနှစ်တွေ၊ ခရီးစဉ်နှင့် ဒေသဆိုင်ရာ အချက်အလက်တွေကို အသေးစိတ် ပြန်လည်ရှင်းလင်းနိုင်မှာ ဖြစ်ပါတယ်"ဟု ပြောကြားသည်။

သင်တန်းသားများအနေဖြင့် သင်တန်းမှ ရရှိနိုင်မည့် အခွင့်အရေးများနှင့်ပတ်သက်၍လည်း "သင်တန်းကာလပြီးဆုံးရင်သင်တန်းဆင်းလက်မှတ်ပေးအပ်မယ်။ သုံးနှစ်သက်တမ်းရှိ ဒေသဆိုင်ရာ ဧည့်လမ်းညွှန်လိုင်စင်ပါ ဆောင်ရွက်ပေးမယ်။ သုံးနှစ်လိုင်စင်သက်တမ်း ပြည့်မြောက်တာနဲ့ မြန်မာတစ်နိုင်ငံလုံး သွားလာနိုင်တဲ့ အဆင့်မြင့်ဧည့်လမ်းညွှန်ပါ ရရှိအောင် အဆင့်မြင့်ဖြေဆိုရမှာဖြစ်ပါတယ်။ အဲဒီအဆင့်မြင့် အောင်မြင်တာနဲ့ တစ်နိုင်ငံလုံးသွားလာနိုင်တဲ့ တိုးရစ်ဂိုက်အဖြစ် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်"ဟု ဒုတိယညွှန်ကြားရေးမှူးက ဆက်လက်ပြောကြားသည်။

အဆိုပါ သင်တန်းတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ လူငယ်လူရွယ် ၁၁၁ ဦးတက်ရောက်ပြီး သင်တန်းသား သင်တန်းသူများအား မြန်မာနိုင်ငံ ဧည့်လမ်းညွှန်အသင်းမှ ဝါရင့် ဆရာ ဆရာမကြီးများ၊ ဟိုတယ်ခရီးမှ တာဝန်ရှိသူများ၊ မုံရွာတက္ကသိုလ်မှ ဆရာ ဆရာမများက ဧည့်လမ်းညွှန်ဆိုင်ရာ ဘာသာရပ်ခေါင်းစဉ် ၂၆ ခုကို သင်ကြားပို့ချသွားမည်ဖြစ်ကာ သင်တန်းကာလမှာ ဇန်နဝါရီ ၂ ရက်မှ ၂၇ ရက်အထိဖြစ်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မုံရွာတက္ကသိုလ်မှ ဌာနမှူးများနှင့် ပါမောက္ခများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။ **ဖိုးချမ်း(မုံရွာ)**

# ကျေးရွာမီးလင်းရေးလုပ်ငန်းဖွင့်ပွဲကျင်းပ

**မလှိုင် ဇန်နဝါရီ ၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ဆုံတွင်းကျေးရွာအုပ်စု၌ ကျေးရွာမီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသဖြင့် ဖွင့်ပွဲကို ဇန်နဝါရီ ၁ ရက်က ကျင်းပခဲ့သည်။

မီးလင်းရေးလုပ်ငန်းဖွင့်ပွဲတွင် တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူ၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်(ခ)ဦးပါလေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ကျေးရွာအုပ်စုမီးလင်းရေးဆိုင်းဘုတ်ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟို(အလုပ်အမှုဆောင်) ဦးဝင်းထိန်က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့သည်။

မီးလင်းရေးလုပ်ငန်းများ ပြီးစီးသဖြင့် ဆုံတွင်းကျေးရွာအုပ်စုအတွင်းမှ ကျေးရွာခုနစ်ရွာနှင့် မကျီးပင်ပုကျေးရွာ စုစုပေါင်းရှစ်ရွာတွင် မီးလင်းမည်ဖြစ်ကြောင်း၊ ကျေးရွာရှစ်ရွာအတွက် လျှပ်စစ်မီတာအလုံးပေါင်း ၇၇၈ လုံးလျှောက်ထားခဲ့ပြီးဖြစ်ကြောင်း၊ ဆုံတွင်းကျေးရွာအုပ်စု လျှပ်စစ်မီးလင်းရေးလုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရ၏ ခွင့်ပြုငွေကျပ်သန်း ၁၂၀ မတည်မှုဖြင့် ဆောင်ရွက်ခဲ့ကာ မီတာတပ်ဆင်လိုသည့် အိမ်ထောင်စုတစ်စုလျှင် ကျပ်တစ်သိန်းနှုန်းဖြင့် ထည့်ဝင်၍ ဆုံတွင်းကျေးရွာအုပ်စုမှ ထည့်ဝင်ငွေ ကျပ်သိန်း ၅၀၀ နှင့် မကျီးပင်ပုကျေးရွာမှ ထည့်ဝင်ငွေ ကျပ်သိန်း ၃၀၀ ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကျော်ကျော်(မလှိုင်)**

**(၆၉) နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက်လုံးဆိုင်ရာ အလွတ်တန်းဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို မေတ္တာညွန့်ရပ်ကွက် အဝေရာလမ်း၌ ဇန်နဝါရီ ၁ ရက်က ကျင်းပရာ ပြိုင်ပွဲဝင်အသင်းများ ပါဝင်ယှဉ်ပြိုင်စဉ်။** (ဘောလုံးပြိုင်ပွဲကို တာမွေမြို့နယ် အေးချမ်းအောင်မြင်အုတ်ခွက်ဘုရားငွေကျောင်းဆရာတော် ဦးဇောတိကက ဦးစီးကျင်းပပြီး ဆုရရှိသည့်အသင်းများကို လွတ်လပ်ရေးနေ့တွင် ဆုချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။)
**လှလှ**



# ပြန်လည်ထူထောင်ရေးကျေးရွာနေပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**မြစ်ကြီးနား ဇန်နဝါရီ ၃**

ကချင်ပြည်နယ်အစိုးရအစီအစဉ်ဖြင့် ပြောင်းရွှေ့နေရာချထားပေးသဖြင့် စစ်ဘေးရှောင်စခန်းများမှ ပြည်သူများ ပြောင်းရွှေ့နေထိုင်လျက်ရှိသော ငွေပျော်စံပြကျေးရွာပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲကို အဆိုပါကျေးရွာ သစ်တောမြေနေရာ၌ ဇန်နဝါရီ ၁ ရက်က ကျင်းပခဲ့သည်။



"ကျွန်တော်တို့ ငွေပျော်စံပြကျေးရွာမှာက စစ်ဘေးရှောင် စခန်းကနေ ပြောင်းရွှေ့ပြီးနေထိုင်လာကြတဲ့ ပြည်သူတွေ ပဲရှိတာ။ အရင်က ဝိုင်းမော်မြို့နယ် ခက်ချိုစစ်ဘေးရှောင်စခန်းမှာ ၂၀၁၁ ကနေ ၂၀၁၅ အထိ နေလာတာ။ ခုဒီရွာ ရောက်တာ တစ်နှစ်ပြည့်တော့မယ်။ ကိုယ့်ရွာမဟုတ်တဲ့အတွက် စားဝတ်နေရေး အခက်အခဲဖြစ်တယ်။ တောင်ယာ လယ်ယာမရှိဘူး။ နေ့စားလိုက်လုပ်နေရတယ်။ အလုပ်မရှိတဲ့နေ့က ခက်ခဲတဲ့နေ့ပဲ။ ဘယ်လိုပဲဖြစ်ဖြစ် ခုလိုလာပြီး ထောက်ပံ့ပေးတော့ မိသားစုအတွက် အဆင်ပြေတာပေါ့"ဟု ငွေပျော်စံပြကျေးရွာနေ ပြည်သူတစ်ဦးက ပြောသည်။

ထောက်ပံ့ပစ္စည်းပေးအပ်ပွဲတွင် ဒေါ်ခင်ပြုံးရီက ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကျေးရွာရှိ အိမ်ထောင်စု ၉၆ စုမှ လူဦးရေ ၄၄၄ ဦး အတွက် ကာလတန်ဖိုး ကျပ် ၃၅ သိန်းရှိ ဆန်၊ ဆပ်ပြာ၊ ဆား၊ အိမ်သုံးပစ္စည်းများ၊ အစားသောက်များ၊ အဝတ်အထည်များနှင့် ဖိနပ်များကို ကျေးရွာနေပြည်သူများထံ ထောက်ပံ့ပေးအပ်ခဲ့သည်။ အဆိုပါ ထောက်ပံ့ပစ္စည်းများကို ရင်ရင်မိသားစုနှင့် မနောသုခဖောင်ဒေးရှင်းတို့မှ စေတနာရှင်များ စုပေါင်းလှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။
**မင်းရာဇာ(မြစ်ကြီးနား)**

# ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်ဖွင့်လှစ်

**ပျော်ဘွယ် ဇန်နဝါရီ ၃**

(၆၉)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ပျော်ဘွယ်မြို့နယ်ကင်းတားကျေးရွာ ရွာဦးကျောင်းဝင်းအတွင်း၌ တည်ဆောက်ထားသည့် ဉာဏတန်ဆောင်အလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဇန်နဝါရီ ၁ ရက်က ကျင်းပခဲ့သည်။

စာကြည့်တိုက်ဖွင့်ပွဲတွင် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးက နှုတ်ခွန်းဆက်စကားပြောကြားကာ စာကြည့်တိုက် မတည်အလှူရှင် ဗိုလ်ကြီးစိုးနိုင်(ငြိမ်း) က စာကြည့်တိုက်ဆောက်လှူဒါန်းခြင်း ရည်ရွယ်ချက်ကိုလည်းကောင်း၊ ပျော်ဘွယ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးဖုန်းနိုင်က စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးဆိုင်ရာများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အလှူရှင်များက စာကြည့်တိုက်အတွက် အလှူငွေနှင့် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းခဲ့ပြီး စာကြည့်တိုက်ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ အလှူရှင်နှင့် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်စမ်းစမ်းအေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။
**(ခရိုင် ပြန်/ဆက်)**

## သတင်းတို

### ကျောင်းဆောင်ဟောင်းကို စုပေါင်းဖြိုဖျက်ရှင်းလင်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယုမြို့ အခြေခံပညာအထက်တန်းကျောင်း၌ နှစ်ထပ်ကျောင်းဆောင်သစ်ဆောက်လုပ်ရန်အတွက် ကျောင်းဆောင်ဟောင်းကို ဖြိုဖျက်ခြင်းနှင့် မြေနေရာ ရှင်းလင်းခြင်းလုပ်ငန်းများကို မြို့မရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးတင်အောင် ဦးဆောင်သည့် မိုင်းယုဒေသခံပြည်သူ စုစုပေါင်းအင်အား ၁၅၀ ခန့်က လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် ဇန်နဝါရီ ၁ ရက်က စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။
**(မြို့နယ် ပြန်/ဆက်)**

# လွတ်လပ်ရေးနေ့အထိမ်းအမှတ် မြန်မာ့ရိုးရာလှေပြိုင်ပွဲကျင်းပ

**ရေး ဇန်နဝါရီ ၃**

မွန်ပြည်နယ် ရေးမြို့မြကန်သာကျုံးအတွင်း၌ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မြန်မာ့ရိုးရာ လှေလှော်ပြိုင်ပွဲကို ဇန်နဝါရီ ၂ ရက်က စတင်ကျင်းပခဲ့ပြီး ဇန်နဝါရီ ၄ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

လှေပြိုင်ပွဲကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်ထွန်းခိုင်၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဝင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ညွန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကာ အဖွင့်ပွဲစဉ်အဖြစ် မြို့ပေါ်ရပ်ကွက်အုပ်ချုပ်ရေးမှူးအသင်းနှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအသင်းတို့ ယှဉ်ပြိုင်လှော်ခတ်ခဲ့ကြသည်။

ပြိုင်ပွဲတွင် အသင်းတစ်သင်းလျှင် အမျိုးသားခုနစ်ဦးဖြင့် စုစုပေါင်း ၁၀ သင်း ပါဝင်ယှဉ်ပြိုင်ကြကာ အုပ်စုပတ်လည်ပွဲတွင် ပထမပွဲစဉ်အဖြစ် ကလော့လေးကျေးရွာအသင်းနှင့် ချောင်းတောင်ကျေးရွာအသင်းတို့ ယှဉ်ပြိုင်လှော်ခတ်ခဲ့ကြကြောင်း သိရသည်။ ပြီးခဲ့သည့်နှစ်က ဒိုင်းဆုရရန်အတွက် အသင်းသားများ စည်းလုံးညီညွတ်စွာ တက်ညီလက်ညီ ကြိုးစားအားထုတ်ခဲ့ကြောင်း၊ ယခုနှစ်မှာလည်း ဒိုင်းဆုကို ဆက်လက်ထိန်းသိမ်းသွားရန် အကောင်းဆုံးပြင်ဆင်ထားကြောင်း လက်ရှိချန်ပီယံ ချောင်းတောင်ကျေးရွာလှေအသင်း၏ အုပ်ချုပ်သူ ဦးတင်ထွေးက ပြောသည်။ လှေပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုပေးပွဲကို လွတ်လပ်ရေးနေ့တွင် စည်ကားစွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။
**နေမျိုးထွန်း(ရေး)**



## မှုခင်းသတင်းတိုများ

### စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့၌ စိတ်ကြွရူးသွပ်ဆေးပြား လက်ဝယ်ထားရှိ ရောင်းချသူနှစ်ဦးအား ဇန်နဝါရီ ၁ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ မူးယစ်ဆေးဝါး သတင်းအရ ကျောက်ပန်းတောင်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဦးနှင့် မြို့မရဲစခန်းမှူး ဒုတိယရဲမှူးထွန်းတင်တို့ ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ ကျောက်ပန်းတောင်းမြို့သာယာအေးရပ်ကွက်ရှိ ဦးရဲချို(ခ)ဦးရဲထွဋ်၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၆၀၊ အစိမ်းရောင်စိတ်ကြွရူးသွပ်ဆေးပြားသုံးပြား စုစုပေါင်း ၆၃ ပြားကို တွေ့ရှိရပြီး ဦးရဲချိုထံမှ ဆေးပြားရောင်းချရာမှရရှိသည်ဟု ယူဆရသည့် မြန်မာငွေစက္ကူရောရာ ၃၂၈၀၀၀ ကျပ်နှင့် ၎င်း၏သားဖြစ်သူ အေးမင်းထိုက်(ခ)အေးမင်းချိုထံမှ ဆေးပြားရောင်းချရာမှရရှိသည်ဟု ယူဆရသည့် မြန်မာငွေရောရာ ၂၇၀၀၀၀ ကျပ်တို့ကို တွေ့ရှိရသဖြင့် ၎င်းတို့နှစ်ဦးအား မြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။
**နေအောင်(ပြန်/ဆက်)**

### မသင်္ကာသူအား စစ်ဆေးရာမှ ခိုးမှုများပေါ်ပေါက်

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာအုပ်စုအတွင်း မှုခင်းကျဆင်းရေးအတွက် ရဲတပ်ဖွဲ့ဝင်များက လှည့်ကင်းဆောင်ရွက်စဉ် မသင်္ကာသူများအား စစ်ဆေးရာမှ ခိုးမှုများပေါ်ပေါက်ခဲ့ကြောင်း သိရသည်။ ဖဒိုနယ်မြေရဲစခန်းမှူး ရဲအုပ်ရဲထွဋ်ကို ဦးဆောင်သော တပ်ဖွဲ့ဝင်များက မြို့ချောင်းကျေးရွာအုပ်စုအတွင်း ဒီဇင်ဘာ ၃၁ ရက်က လှည့်ကင်းဆောင်ရွက်စဉ် မြို့ချောင်းကျေးရွာ ဈေးတန်း(၁)လမ်းထိပ်၌ လိမ္မော်ရောင်ချိန်းဆော(လှသွားမပါ)တစ်ခုကို ကိုင်ဆောင်လာသောလူငယ်နှစ်ဦးအား မသင်္ကာ၍ ခေါ်ယူစစ်ဆေးရာ ဘူကြီး(ခ)သော်ဇင်(၁၇ နှစ်)နှင့် နေသူရလင်း(ခ)ရခိုင်(ခ)တုံတုံ(၁၈ နှစ်)တို့ဖြစ်ပြီး ကိုင်ဆောင်လာသောချိန်းဆောကို ပိုင်ဆိုင်ကြောင်း အထောက်အထား မပြနိုင်သဖြင့် ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့ပြီး ၎င်းတို့အား ဆက်လက်စစ်ဆေးရာ မြို့ချောင်းကျေးရွာရှိ နေအိမ်တစ်အိမ်တွင် ခိုးယူခြင်းခံရ၍ လာရောက် အမှုဖွင့်တိုင်တန်းထားသော အခြားအမှုတစ်ခုကိုပါ စစ်ဆေးဖော်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။ ၎င်းတို့ထွက်ဆိုချက်အရ ယခင်ခိုးမှုမှ သက်သေခံပစ္စည်းများကို လိုက်လံသိမ်းဆည်းနိုင်ခဲ့ပြီး ဆက်လက်၍ အခြားပြစ်မှုများ ကျူးလွန်ထားခြင်းရှိမရှိကို ဒုရဲအုပ်ဝင်းမင်းသန့်က စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။
**ခင်ကို(ကျောက်တံခါး)**

### ကျွန်းသစ်များ တရားမဝင်သယ်ဆောင်လာသူအား အရေးယူထား

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့၌ တရားမဝင်ကျွန်းသစ်များ သယ်ဆောင်လာသော ယာဉ်တစ်စီးကို ဒီဇင်ဘာ ၃၁ ရက်က ဖမ်းဆီးရမိသဖြင့် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့အား အရေးယူထားကြောင်း သိရသည်။ သစ်များ တရားမဝင်သယ်ဆောင်လာကြောင်း သတင်းအရ ရွှေဘိုခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ သစ်တောရဲတပ်ဖွဲ့ဝင်များ၊ ရွှေဘိုမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့က ရွှေဘိုမြို့ အမှတ်(၇)ရပ်ကွက် တိုင်းရင်းဆေးရုံလမ်း၌ စောင့်ဆိုင်းနေစဉ် ယာဉ်မောင်း မောင်ဦး(၃၇ နှစ်)မောင်းနှင်ပြီး ယာဉ်နောက်လိုက် အောင်ရဲ(၂၀ နှစ်)တို့ လိုက်ပါလာသည့် 8X/---- ထော်လာဂျီယာဉ်ပေါ်မှ တရားမဝင်ကျွန်းသစ်ခွဲသား ၇၀၆ ချောင်း(အလေးချိန် ၁ ဒသမ ၁၇၉ တန်)ကို သိမ်းဆည်းရမိခဲ့သဖြင့် မောင်ဦးနှင့် အောင်ရဲတို့အား ရွှေဘိုမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

### ဧရာဝတီမြစ်အတွင်း ရေဆင်းချိုးစဉ် ရေနစ်သေဆုံး

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့အမှတ်(၁)ရပ်ကွက်၌ ကလေးတစ်ဦး ဧရာဝတီမြစ်အတွင်း ရေဆင်းချိုးစဉ် ရေနစ်သေဆုံးမှု ဒီဇင်ဘာ ၃၁ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ကသာမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ကသာမြို့ အမှတ်(၉)ရပ်ကွက်နေ မောင်မင်းခန့်ဝင်း(၁၂)နှစ်ဖြစ်ပြီး ၎င်းသည် မိသားစုနှင့်အတူ သဲသောင်ပြင်သို့ ပျော်ပွဲစားထွက်လာစဉ် ဧရာဝတီမြစ်အတွင်း ဘောကွင်းဖြင့် ရေဆင်းချိုးရာမှ ရေနစ်သေဆုံးခြင်းဖြစ်ကြောင်း သိရသဖြင့် ကသာမြို့မရဲစခန်းက သေမှုသေခင်းဖွင့်၍ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုရဲ**

### ဖဲရိုက်ကစားနေသူများအား ဖမ်းဆီးအရေးယူ

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့၌ ဖဲဝိုင်းသတင်းအရ ရဲတပ်ဖွဲ့ဝင်များက သွားရောက်ဖမ်းဆီးရာ ဖဲရိုက်ကစားနေသူ ကိုးဦးကို ဖမ်းဆီးရမိပြီး အရေးယူထားကြောင်း သိရသည်။ ဒီဇင်ဘာ ၃၁ ရက်က ပွင့်ဖြူမြို့အနောက်ပိုင်းရပ်ကွက်နေ မမေစန်းဦး(၄၄)နှစ်၏ နေအိမ်တွင် ဖဲရိုက်လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ ပွင့်ဖြူမြို့ရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်ဖမ်းဆီးခဲ့ရာ အိမ်ရှင် မမေစန်းဦးနှင့်အတူ ဖဲကစားနေသူ ရှစ်ဦးကို လောင်းကြေးငွေ ၄၅၀၀၀ ကျပ်နှင့်တကွ ဖမ်းဆီးရမိခဲ့သဖြင့် ပွင့်ဖြူမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

### ပင်လည်ဘူးမြို့နယ်၌ ဘိန်းမည်းများ ဖမ်းဆီးရမိ

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့နယ် သစ်ဖြူကျင်းကျေးရွာအနီး၌ ဘိန်းမည်းများ သယ်ဆောင်လာသူနှစ်ဦးအား ဇန်နဝါရီ ၁ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ ပင်လည်ဘူးမြို့မရဲစခန်းမှ ဒုရဲအုပ် လှိုင်ပေါ်နှင့်အဖွဲ့က သက်သေများနှင့်အတူ မူးယစ်ဆေးဝါးသတင်းအရ သစ်ဖြူကျင်းကျေးရွာ အနောက်တောင်ဘက် တစ်မိုင်ခန့်အကွာ တောလမ်းတွင် ဝင်ရောက်ရှာဖွေခဲ့ရာ ကျော်သူရနှင့် မြင့်စိုးတို့နှစ်ဦးအား တွေ့ရှိရပြီး ၎င်းတို့အနီးတွင် ရပ်ထားသော ဆိုင်ကယ်ပေါ်ရှိ လွယ်အိတ်ထဲမှ ဘိန်းမည်းဟုယူဆရသော အမည်းရောင်အစေး အလေးချိန် ၁၉၅ ဒသမ ၉၆ ဂရမ် ကို သိမ်းဆည်းရမိခဲ့သဖြင့် ကျော်သူရ(၃၈ နှစ်)နှင့် မြင့်စိုး(၄၉ နှစ်)တို့အား ပင်လည်ဘူးမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ဦးရဲ(ကသာ)**

## သက်ကြီးရွယ်အိုများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိ



**မိုင်းပန် ဇန်နဝါရီ ၃**
ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် မိုင်းပန်မြို့၌ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် နမ့်ခုံးရှမ်းများ ပရဟိတအသင်းတို့ ပူးပေါင်း၍ ဒေသခံသက်ကြီးရွယ်အိုများအား ကျန်းမာရေး(အခမဲ့)စစ်ဆေးခြင်းနှင့် ဆေးဝါးကုသပေးခြင်းကို မိုင်းပန်မြို့ရှိ မွေတော်ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံဆောင်၌ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

"အခုလို မိုင်းပန်မြို့နေ သက်ကြီးရွယ်အိုများအား အခမဲ့ဆေးကုသပေးခြင်းလုပ်ငန်းကို ၈ အောက်တိုဘာ ၁၈ ရက်က စတင်ဆောင်ရွက်ခဲ့ကြပါတယ်။ ဒီလိုဆောင်ရွက်ပေးတဲ့နေရာမှာ လိုအပ်တဲ့ဆေးဝါးပစ္စည်းတွေကို နမ့်ခုံးရှမ်းများပရဟိတအသင်း(တောင်ကြီး)က အမြဲတမ်းကူညီပံ့ပိုးပေးထားပါတယ်။ အဲဒါအပြင် မိုင်းပန်တပ်နယ်က ဆေးပဒေသာပင်နဲ့ အခြားစေတနာရှင်ပြည်သူများက အလှူငွေ(သို့မဟုတ်)ဆေးဝါးများ လာရောက်ကူညီ လှူဒါန်းပေးကြပါတယ်။ ဒီလုပ်ငန်းကိုစတင်ချိန် အစောပိုင်းမှာ လာရောက်ကုသသူ နည်းပါးခဲ့ပေမယ့် လက်ရှိအခြေအနေမှာ အပတ်စဉ် လူနာဦးရေစုစုပေါင်း ၈၀ ကနေ ၁၀၀ အထိ ရှိပါတယ်" ဟု မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သူနာပြုဆရာမ ဒေါ်နန်းဆီနွန်းက ပြောကြားသည်။

သက်ကြီးရွယ်အိုများအား ဆေးဝါးကုသပေးမှုများ မပြုလုပ်မီတွင် ဆေးကုသမှုခံယူရန် လာရောက်ကြသူများအား ကိုယ်ကာယကျန်းမာရေးလေ့ကျင့်ခန်းများ ပြုလုပ်စေခြင်း၊ တစ်ကိုယ်ရေကျန်းမာရေးအကြောင်း သိကောင်းစရာများ အသိပညာပေး ဟောပြောဆွေးနွေးခြင်းတို့ကို သူနာပြုဆရာမ ဒေါ်နန်းဆီနွန်းက ဦးစွာပြုလုပ်ပေးကြောင်း၊ ထို့နောက် မိုင်းပန်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန် ဆရာမများ၊ မိုင်းပန်တပ်နယ်အတွင်းရှိတပ်ရင်းအသီးသီးမှ တပ်မတော်ဆေးဘက်ဆိုင်ရာ ဆရာဝန်များနှင့် သူနာပြုများ၊ မိုင်းပန်မြို့နယ် နမ့်ခုံးရှမ်းများ ပရဟိတအသင်းမှ ဆရာဝန်၊ သူနာပြုဆရာဆရာမများ ပူးပေါင်း၍ သက်ကြီးရွယ်အိုများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးကြောင်း သိရသည်။

သက်ကြီးရွယ်အိုများအား ကျန်းမာရေးစောင့်ရှောက်မှုများ ပူးပေါင်းဆောင်ရွက်ပေးခြင်းလုပ်ငန်းကို မြို့နယ်အတွင်းရှိ မမာမကျန်း သက်ကြီးရွယ်အိုများနှင့် ဒေသနေပြည်သူများ၏ ကျန်းမာရေးတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုပေးရန် ရည်ရွယ်ချက်ဖြင့် အပတ်စဉ် ကွင်းဆင်းဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း နမ့်ခုံးရှမ်းများ ပရဟိတအသင်းမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။**စိုင်းဇော်လတ်(လင်းခေး)**

## လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရပ်ကွက်ပေါင်းစုံ ခြင်းခတ်ပြိုင်ပွဲကျင်းပ

**လပွတ္တာ ဇန်နဝါရီ ၃**
(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့၌ မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ရပ်ကွက်ပေါင်းစုံ ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲကို ဒီဇင်ဘာ ၃၁ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ရပ်ကွက်ပေါင်းစုံ ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စန်းကျော်က အမှာစကားပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီးတွင် ဆုရရှိခဲ့သော လပွတ္တာခရိုင် အေရိုးဘစ်အဖွဲ့က သရုပ်ပြဖျော်ဖြေကာ ဆီးဂိမ်းပြိုင်ပွဲဆုရ မြန်မာရိုးရာခြင်းလုံးခတ် အားကစားသမားများက ခြင်းခတ်စွမ်းရည်များနှင့် မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်မှ အဖွဲ့ဝင်တို့က မြန်မာ့သိုင်းစွမ်းရည်များ ပြသခဲ့ကြသည်။ ထို့နောက် ခြင်းလုံးခတ်ပြိုင်ပွဲကို ဆက်လက်ကျင်းပခဲ့ပြီး ပြိုင်ပွဲတွင် လပွတ္တာမြို့ပေါ်ရှိ ရပ်ကွက်(၁၀)ခုမှ ရိုးရာခြင်းလုံးခတ်အဖွဲ့များ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ **(ခရိုင် ပြန်/ဆက်)**





## လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲကျင်းပ

**လှိုင်းဘွဲ့ ဇန်နဝါရီ ၃**
ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်၌ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ပြိုင်ပွဲကျင်းပရေးကော်မတီက ကြီးမှူးပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ ကလေးပြိုင်ပွဲကို မြို့နယ်ပြည်သူ့ဆေးရုံ၌ ဇန်နဝါရီ ၂ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲသို့ လှိုင်းဘွဲ့မြို့ပေါ် ရပ်ကွက်များမှ ကလေးငယ်ပေါင်း ၆၂ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ယှဉ်ပြိုင်သောကလေးများ၏ ကျန်းမာရေးအခြေအနေ၊ အာဟာရဖြည့်စွက်စားသုံးမှုအခြေအနေ၊ ကာကွယ်ဆေး အချိန်မှန်မှန်ထိုးခြင်း၊ ကလေးများ၏ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ကလေးများ၏ ခန္ဓာကိုယ် ကျန်းမာကြံ့ခိုင်မှုအခြေအနေများ စသည်တို့ကို စစ်ဆေး၍ အမှတ်များပေးကာ ဆုရရှိသည့် ကလေးငယ်များအား လွတ်လပ်ရေးနေ့ အခမ်းအနားတွင် ဆုများချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။**(မြို့နယ် ပြန်/ဆက်)**

# ကျေးရွာနေပြည်သူများ ဝင်ငွေတိုးလာစေရန် မျိုးကောင်းမျိုးသန့်ဥစားဘဲများ ဖြန့်ဖြူး

**အိမ်မဲ ဇန်နဝါရီ ၃**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်အတွင်း အသားကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်၊ တိရစ္ဆာန်မွေးမြူသူဦးရေနှင့် တိရစ္ဆာန်ကောင်ရေ တိုးပွားလာစေရန်နှင့် ကျေးလက်နေပြည်သူများ ဝင်ငွေမြင့်မားတိုးတက်လာစေရန် ရည်ရွယ်ချက်များဖြင့် မျိုးကောင်းမျိုးသန့်ဥစားဘဲများကို အိမ်မဲမြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ဇန်နဝါရီ ၁ ရက်က ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အိမ်မဲမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့သည့် မျိုးကောင်းမျိုးသန့် ဥစားဘဲများ ဖြန့်ဖြူးပေးအပ်ပွဲတွင် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်ကျော်က ကျေးရွာများရှိ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် ပြည်သူများအား မွေးမြူရေးလုပ်ငန်းများတွင် ရာသီအလိုက်ဖြစ်ပွားတတ်သော ရောဂါများအကြောင်းနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အိမ်မဲမြို့နယ်အတွင်းရှိ ရေသိုးဘောင်ဝိုင်းကျေးရွာ၊ ညောင်ကုန်းချောင်းဖျားကျေးရွာ၊ ကန်ကြီးထောင့်ကျေးရွာနှင့် မဲဇလီစာဖြူစုကျေးရွာများမှ ဘဲမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် ပြည်သူများအတွက် မျိုးကောင်းမျိုးသန့်ဥစားဘဲ ကောင်ရေ ၂၀၀၀ ကို ကျေးရွာကြီးကြပ်ရေးကော်မတီများမှတစ်ဆင့် ခွဲဝေဖြန့်ဖြူးပေးအပ်ခဲ့သည်။ ဥစားဘဲများ ဖြန့်ဖြူးပေးအပ်ပွဲသို့ မြို့နယ်တိရစ္ဆာန်ဝယ်ယူဖြန့်ဖြူးရေးဆိုင်ရာ ကြီးကြပ်ရေးကော်မတီနှင့် ကျေးရွာကြီးကြပ်ရေးကော်မတီဝင်များ၊ ဘဲမွေးမြူရေးလုပ်ငန်း လုပ်ကိုင်ကြမည့်ပြည်သူများ တက်ရောက်ခဲ့ကြသည်။

**(မြို့နယ် ပြန် /ဆက်)**



# လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲနှင့်စံပြမိခင်ပြိုင်ပွဲ ကျင်းပ



**စစ်တွေ ဇန်နဝါရီ ၃**
(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲနှင့် စံပြမိခင်ပြိုင်ပွဲကို ရခိုင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ကြီးမှူး၍ စစ်တွေမြို့ဦးဥတ္တမခန်းမ၌ ဇန်နဝါရီ ၁ ရက်က ကျင်းပခဲ့သည်။

အဆိုပါ ကလေးပြိုင်ပွဲသို့ ကလေးငယ် ၆၁ ဦးနှင့် အမြွှာကလေး ၁၂ ဦး လာရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း၊ ကလေးငယ်များအား ခန္ဓာကိုယ်ဖွံ့ဖြိုးမှု၊ အသိဉာဏ်ဖွံ့ဖြိုးမှု၊ ကလေးငယ်၏ ဆေးစစ်ချက်၊ တစ်ကိုယ်ရေသန့်ရှင်းမှု၊ ကာကွယ်ဆေးထိုးမှု၊ ကိုယ်အလေးချိန်ကတ်ပြားရရှိမှုနှင့် မွေးစာရင်းတိုင်ကြားမှု စသည်တို့ကို အခြေခံပြီး အမှတ်များပေးကြောင်းနှင့် ပြိုင်ပွဲတွင် ဆုရရှိကြသော ကလေးငယ်များကိုဇန်နဝါရီ ၄ရက် လွတ်လပ်ရေးနေ့ အခမ်းအနားတွင် ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချောစုဝင်းက ပြောကြားသည်။

ပြိုင်ပွဲသို့ ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ဝင်းကြည်၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသောင်းလှိုင်၊ ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ဓမ္မစကူးလ်ကျောင်းတော်များ စုံညီပွဲကျင်းပ

**မိုးကောင်း ဇန်နဝါရီ ၃**
ကချင်ပြည်နယ် မိုးကောင်းမြို့လုံးဆိုင်ရာ ဓမ္မစကူးလ်ကျောင်းတော်များ စုံညီပွဲကို ဇန်နဝါရီ ၁ ရက်က မိုးကောင်းမြို့ ပြည်လုံးချမ်းသာ ရွှေသာလျောင်းဘုရားကြီးဝင်း၌ ကျင်းပခဲ့သည်။

စုံညီပွဲတွင် မြို့နယ်လုံးရှိ ဓမ္မစကူးလ်ကျောင်းများမှ ကျောင်းသား ကျောင်းသူများက တောင်ကျောင်းဆရာတော်ထံမှ သီလခံယူကြပြီး ပစ္ဆိမာရုံကျောင်းတိုက်ဆရာတော်က ဓမ္မစကူးလ်ဆိုင်ရာ ဆောင်ရွက်ချက်များကို ရှင်းလင်းမိန့်ကြားကာ ဓမ္မစကူးလ်ကျောင်းများမှ ကျောင်းသား ကျောင်းသူလေးများက ဇာတ်တော်များ ကပြခြင်း၊ ဓမ္မစကူးလ်တေးသီချင်းများ သီဆိုခြင်းဖြင့် ဖျော်ဖြေခဲ့ကြသည်။ မိုးကောင်းမြို့နယ်အတွင်း ဓမ္မစကူးလ်ကျောင်းများ ဖွင့်လှစ်ထားသော်လည်း ကျောင်းသား ကျောင်းသူများမှာ စာသင်ကျောင်းများလောက် မလာကြသဖြင့် ဓမ္မစကူးလ်ကျောင်းသို့ ရောက်ရှိစေလို၍ စုံညီပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



# လွတ်လပ်ရေးနေ့အထိမ်းအမှတ် စစ်တုရင်ပြိုင်ပွဲကျင်းပ

**သံဖြူဇရပ် ဇန်နဝါရီ ၃**
(၆၉)နှစ်မြောက် မြန်မာ့လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် စစ်တုရင်ပြိုင်ပွဲကို မွန်ပြည်နယ် သံဖြူဇရပ်မြို့လယ်ရှိ ပန်းခြံဝင်းအတွင်း၌ ဇန်နဝါရီ ၁ ရက်က ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် မွန်ပြည်နယ် စိုက်ပျိုးမွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးထွန်းဌေးက စစ်တုရင်ပြိုင်ပွဲ ကျင်းပခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားပြီး ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုကိုက စစ်တုရင်အားကစားနည်းကို လူငယ်မျိုးဆက်သစ်များ ပိုမိုစိတ်ဝင်စားမှုရှိလာစေရေးအတွက် သင်ကြားလေ့ကျင့်ပေးနေပုံများကိုလည်းကောင်း၊ ပြည်နယ်စစ်တုရင်ဆပ်ကော်မတီ အတွင်းရေးမှူး ဦးမင်းလွင်ဦးက ပြိုင်ပွဲစည်းကမ်းချက်များကိုလည်းကောင်း ရှင်းလင်းပြောကြားကာ ဝန်ကြီးက စစ်တုရင်ပြိုင်ပွဲကို ကစားကွက်ရွှေ့၍ ဖွင့်လှစ်ပေးခဲ့သည်။

စစ်တုရင်ပြိုင်ပွဲသို့ ပြိုင်ပွဲဝင် ၂၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဇန်နဝါရီ ၄ ရက်အထိ ကျင်းပကာ လွတ်လပ်ရေးနေ့တွင် ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။
**ကျော်ဝင်း(ပြန်/ဆက်)**



# သဘာဝမြေဩဇာထုတ်လုပ်မှု နည်းပညာပေးသင်တန်းဖွင့်

**ကျောက်ပန်းတောင်း ဇန်နဝါရီ ၃**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် တံငါ့ကန်ကျေးရွာမှ တောင်သူများ၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် သဘာဝမြေဩဇာထုတ်လုပ်မှု နည်းပညာပေးသင်တန်းကို ညောင်ဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူများက ဇန်နဝါရီ ၁ ရက်တွင် မင်းကျောင်းဘုန်းတော်ကြီးကျောင်း၌ ကွင်းဆင်း၍ ဖွင့်လှစ်ပို့ချသင်ကြားပေးခဲ့ကြောင်း သိရသည်။

ညောင်ဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်မြေအသုံးချရေးတာဝန်ခံ ဒေါ်စန်းစန်းဝေ ဦးဆောင်ပြီး ကျောက်ပန်းတောင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်(မြေ၊ မျိုး၊ ပိုး)တာဝန်ခံများက တောင်သူများ သီးနှံစိုက်ပျိုးရာတွင် မဖြစ်မနေလိုအပ်သော အာဟာရဓာတ်များအကြောင်း၊ သဘာဝမြေဩဇာထုတ်လုပ်မှုနည်းပညာများ၊ သီးနှံများတွင် ဝင်ရောက်တတ်သည့် မှိုရောဂါနှင့် ကြိုတင်ကာကွယ်ဆောင်ရွက်ရမည့် နည်းလမ်းများ၊ ပိုးသတ်ဆေးသုံးစွဲမှုနည်းစနစ်များစသည့် အကြောင်းအရာများကို သင်ကြားပို့ချပေးခဲ့သည်။ သင်တန်းသို့ ဒေသခံတောင်သူ ၆၅ ဦးခန့် တက်ရောက်ခဲ့ကြပြီး သင်တန်းအပြီးတွင် ကျောက်ပန်းတောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးတာဝန်ခံ ဒေါ်မြမြမိုးနှင့် ကွင်းဝန်ထမ်းများက တံငါ့ကန်ကျေးရွာမှ တောင်သူများအား အီးအမ်ဘိုကာရှီ သဘာဝမြေဩဇာပြုလုပ်နည်းအဆင့်ဆင့်ကို လက်တွေ့သရုပ်ပြခဲ့ကြသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# မဟာရန်ကုန်တပို့တွဲခြင်းလုံးကော်မတီ၏ (၁၃)ကြိမ်မြောက် ခြင်းအလှခတ်ပွဲတော် ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၃**
ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပြည်ကြီးချမ်းသာ မဟာစေတီဘုရားပွဲတော်၌ မဟာရန်ကုန် တပို့တွဲခြင်းလုံးကော်မတီ၏ (၁၃)ကြိမ်မြောက် ခြင်းအလှခတ်ပွဲတော်ကို ထည့်သွင်းကျင်းပခဲ့ပြီး ခြင်းအလှခတ်ပွဲ ဖွင့်ပွဲကို ဇန်နဝါရီ ၁ ရက်က စေတီတော်ပရိဝုဏ်အတွင်း၌ ကျင်းပသည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုး၊ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် အမှုဆောင် ဦးအေးသောင်၊ မဟာရန်ကုန် တပို့တွဲခြင်းလုံးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးမောင်တင့် (ငြိမ်း) နှင့် တာဝန်ရှိသူများ တက်ရောက်ကာ ခြင်းလုံးကော်မတီဥက္ကဋ္ဌက မဟာရန်ကုန် တပို့တွဲခြင်းလုံးကော်မတီအနေဖြင့် ဘုရားပွဲတော်၊ ကဆုန်ညောင်ရေသွန်းပွဲတော်နှင့် ဝါဆိုသင်္ကန်း ကပ်လှူသည့်အချိန်များတွင် ခြင်းအလှခတ်ပွဲတော်များ ကျင်းပကြောင်း၊ ကော်မတီအနေဖြင့် ခြင်းအလှခတ်ခြင်းမှာ စီးပွားရေးလုပ်ခြင်းမဟုတ်ဘဲ အလှူလုပ်ခြင်းသာဖြစ်ပြီး ခြင်းခတ်၍ရသည့် အလှူငွေများကို ဘုရားတွင် ပြန်လည်လှူဒါန်းခဲ့ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ခြင်းအလှခတ်ပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးနောက် ခြင်းခတ်ကစားသမားများက ခြင်းအလှခတ် သရုပ်ပြခဲ့ကြောင်း သိရသည်။
**(မြို့နယ် ပြန်/ဆက်)**



# နှစ်ပေါင်း ၂၃၀ ကျော်သက်တမ်းရှိသည့် ရှေးဟောင်းမင်္ဂလာကန်တော်ကြီး

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်တွင် မြန်မာ့ယဉ်ကျေးမှုအနုပညာလုပ်ငန်းများ ထွန်းကားရာ တမ္ပဝတီရပ်ကွက် တည်ရှိနေပြီး အဆိုပါရပ်ကွက်တွင် နှစ်ပေါင်း ၂၃၀ ကျော်သက်တမ်းရှိ ရှေးဟောင်းရေကန်ကြီးတစ်ခုလည်း ဝင့်ကြွားစွာ တည်ရှိနေသည်။ ဘိုးတော်မင်းတရား (ခ) ကုန်းဘောင်မင်းဆက် ဗဒုံမင်းတရားကြီး၏ ကုသိုလ်တော်ဖြစ်သည့် ယင်းရေကန်ကြီးအား အုတ်ချပ်ရေပေါင်း ဆယ်ကုဋေကိုးသန်းရှစ်သိန်းခုနစ်သောင်းငါးဆယ့်ငါးချပ်ဖြင့် တည်ဆောက်ခဲ့ကာ အလျား ၁၂၄ ပေရှိ အပြင်တံတိုင်း၊ အလျား ၇၇ ပေရှိ အတွင်းတံတိုင်းတို့ဖြင့် တံတိုင်းနှစ်ထပ်ကာရံထားသည်။ ထို့ပြင် အတွင်းတံတိုင်း၏ ထောင့်လေးထောင့်တွင် စေတီတစ်ဆူစီ တည်ထားပြီး အပြင်တံတိုင်းမှ အတွင်းတံတိုင်းအထိ လှေကားထစ် ၁၉ ထစ်ရှိကာ လှေကားအောက်ဆုံးထစ်နှင့် အတွင်းတံတိုင်းတို့အကြား ငါးပေခန့်အကျယ်အဝန်းရှိ စင်္ကြံပတ်လမ်းကိုလည်း ဖောက်လုပ်ထားရှိသည်။ စင်္ကြံပတ်လမ်းမှ အောက်ရေပြင်အထိ ၃၅ ပေ အနက်ရှိပြီး အထက်တံတိုင်းမှ ရေပြင်အထိ ၅၅ ပေ အနက်ရှိသည်။



တမ္ပဝတီရပ် စန္ဒာမုနိမြတ်စွာဘုရားဝင်း တနင်္ဂနွေထောင့်တွင် တည်ရှိသည့် အဆိုပါ မင်္ဂလာကန်တော်ကြီးသည် နှစ်ပေါင်း ၂၀၀ ကျော် ကြံ့ကြံ့ခံ ရပ်တည်လာခဲ့သော်လည်း ရာသီဥတုဒဏ်ကြောင့် ချွတ်ယွင်းပျက်စီးလာခဲ့ရာ စန္ဒမုနိကျောင်းတိုက် ဦးစီးပဓာနဆရာတော် ဘဒ္ဒန္တနိန္ဒိယ၏ဦးဆောင်မှုဖြင့် မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ် (၂၀၀၇) ခုနှစ်တွင် တပည့်ဒါယိကာ ရဟန်းရှင်လူအများ၏ စုပေါင်းအားဖြင့် ငွေကျပ် ၁၃၅ သိန်းကျော် အကုန်အကျခံကာ ရက်ပေါင်း ၁၆၂ ရက်ကြာ ပြုပြင်မွမ်းမံခဲ့သဖြင့် ယခုအခါ မင်္ဂလာကန်တော်ကြီးမှာ ရှေးမူမပျက်ခံ့ညားစွာဖြင့် ရပ်တည်လျက်ရှိနေသည်။ ၁၂ ရာသီကာလပတ်လုံး ရေမခန်းသည့် ထူးခြားလှစွာသော မင်္ဂလာကန်တော်ကြီးကို တစ်ခါတစ်ခေါက်လာ ရောက်လေ့လာကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

**မောင်ယဉ်ကျေး**

# ငှက်ဖျားဖြစ်နိုင်ခြေရှိသော နေရာများ၌ ဆေးစိမ်ခြင်ထောင်များပေးအပ်

**နတ်တလင်း ဇန်နဝါရီ ၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်နတ်တလင်းမြို့နယ် အရှေ့ခြမ်းဒမငယ်ကျေးရွာအုပ်စု ကျေးလက်ကျန်းမာရေးဌာနခွဲ၌ ဇန်နဝါရီ ၁ ရက် နံနက် ၈ နာရီတွင် ငှက်ဖျားဖြစ်နိုင်ခြေရှိသောနေရာများအား ကြိုတင်ကာကွယ်ရေးနှင့် ရောဂါမဖြစ်ပေါ်စေရေးတို့အတွက် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ဒမငယ်ကျေးရွာနေပြည်သူများကို မြို့နယ်ကျန်းမာရေးဦးစီးဌာနရုံးကျန်းမာရေးအဆင့် ၁ ဦးသိန်းလွင်၊ ကျန်းမာရေးမှူး ဦးကျော်ဆန်းလှိုင်တို့ ဦးဆောင်သောအဖွဲ့မှ ကျေးလက်နေပြည်သူ ၁၉၇၀ အိမ်ထောင်စု ၅၇၆ စုတို့အား ဆေးစိမ်ခြင်ထောင် ၁၁၂၉ လုံးအားလည်းကောင်း၊ ကျန်းမာရေးကြီးကြပ် ၂ ဦးမျိုးဦးတို့အဖွဲ့က ဖလံပင်ရွာရှိ လူဦးရေ ၄၇၆ ဦး အိမ်ထောင်စု ၁၃၅ စုဆေးစိမ်ခြင်ထောင် ၂၆၂ လုံးအားလည်းကောင်း၊ ဖလံပင်အနောက်စုရွာရှိ လူဦးရေ ၅၁၆ ဦးအိမ်ထောင်စု ၁၅၇ စုကို ခြင်ထောင် ၂၈၈ လုံးကိုလည်းကောင်း၊ ဖလံပင်ရွာသစ်တွင်လူဦးရေ ၅၆၁ ဦးအိမ်ထောင်စု ၁၆၇ စုအား ဆေးစိမ်ခြင်ထောင် ၃၀၈ လုံးအားလည်းကောင်း၊ ကျန်းမာရေးကြီးကြပ် ၂ ဒေါ်အေးပြည့်မွန်နှင့်အဖွဲ့သည် ဆီဆုံကုန်းအုပ်စုကံစုရွာနေ ပြည်သူ ၈၂၉ ဦးအိမ်ထောင်စု ၂၃၈ စုကို ဆေးစိမ်ခြင်ထောင် ၄၅၂ လုံးအားလည်းကောင်းပေးအပ်ခဲ့သည်။

ထို့နောက် ကျန်းမာရေး ကြီးကြပ် ၂ ဦးစန်းကို အဖွဲ့သည်အုန်းနဲ့ကန်ရွာရှိ လူဦးရေ ၅၉၀ ဦးအိမ်ထောင်စု ၁၈၂ စုကိုဆေးစိမ်ခြင်ထောင် ၃၂၈လုံးအားလည်းကောင်း၊ စမ်းချောင်းကျေးရွာရှိ ဒေခံသခံလူဦးရေ ၂၃၈ ဦး အိမ်ထောင်စု ၆၇ စုကို ဆေးစိမ်ခြင်ထောင် ၁၂၇ လုံးအားလည်းကောင်း၊ ကျေးရွာအုပ်စုသုံးအုပ်စု ကျေးရွာပေါင်းခုနစ်ရွာအား ငှက်ဖျားရောဂါမဖြစ်ပေါ်စေရန် ကြိုတင်ကာကွယ်ရေး အတွက် ဆေးစိမ်ခြင်ထောင်များကို ဖြန့်ဝေပေးခဲ့သည်။ နတ်တလင်း မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၁၅ ရွာအား ဆေးစိမ်ခြင်ထောင်အလုံးပေါင်း ၂၀၀၀၀ ကျော်ကို ဆက်လက်ပေးသွားမည်ဖြစ်ကြောင်းနှင့် အဆိုပါဆေးစိမ်ခြင်ထောင်များကို Global Fund (ကမ္ဘာ့ရန်ပုံငွေအဖွဲ့)မှ အခမဲ့ပေးအပ်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**တင်မြင့် (နတ်တလင်း)**

# ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးသို့ ဆက်သွယ်ပေးမည့် တံတား တည်ဆောက်ပြီးစီးပါက ကုန်စည်စီးဆင်းမှုမြန်ဆန်လာမည်



**သံတွဲ ဇန်နဝါရီ ၃**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဒီဇင်ဘာ ၂၉ ရက်က ဂွမြို့နယ် တောင်ပေါက်ကျေးရွာအုပ်စု ကျောက်ချွန်ကျေးရွာသို့ သွားရောက်ပြီး ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးသို့ ဆက်သွယ်ပေးမည့် တံတားဆောက်လုပ်ရန်နေရာသို့ သွားရောက်ကြည့်ရှု ခဲ့ပြီးနောက် အမက (မူလွန်)ကျောင်း၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ တံတားတည်ဆောက်ပြီးစီးပါက ကုန်စည် စီးဆင်းမှုမြန်ဆန်ပြီး ကျေးလက်လူမှု စီးပွားဘဝများသည် ဖွံ့ဖြိုးတိုးတက်လာတော့မည် ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် ဒေသခံပြည်သူများက ဒေသ၏ အဓိက လိုအပ်ချက်များဖြစ်သည့် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အဆင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မကျည်းငူကျေးရွာသို့ ရောက်ရှိပြီး ဂွမြို့နှင့် မကျည်းငူသို့ ဆက်သွယ်မည့် ချောင်းကူးလျှပ်စစ်တာဝါတိုင် တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးခဲ့ပြီးနောက် လျှပ်စစ်တာဝါတိုင်စိုက်ထူပြီးပါက မော်တော်ရေယာဉ်များ ဝင်ထွက်သွားလာရာတွင် လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရေး မှာကြားခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဂွမြို့မြို့မရဲစခန်းသို့ ရောက်ရှိခဲ့ပြီး တပ်ဖွဲ့ဝင်များနှင့် တပ်ဖွဲ့ဝင်မိသားစုများကို တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် ရဲတပ်ဖွဲ့ဝင်များသည် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် တာဝန်ယူ ဆောင်ရွက်နေရသည့် ပြည်သူ့ဝန်ထမ်းများဖြစ်သည်နှင့်အညီ ပြည်သူကို ဝန်ဆောင်မှုပေးရာတွင် ပြည်သူကိုရှေးရှုသော ရဲလုပ်ငန်းဖြစ်ရေးနှင့် မိမိတို့၏လုပ်ငန်းတွင် ပြည်သူများ ပူးပေါင်းပါဝင်လာအောင် စည်းရုံးဆောင်ရွက်ကြရန် လိုအပ်ကြောင်း မှာကြားခဲ့သည်။

**(ခရိုင်ပြန်/ဆက်)**

# ဘေးတွဲဆိုင်ကယ်များ များပြားလာမှုကြောင့် ယာဉ်အန္တရာယ်များဖြစ်ပေါ်လျက်ရှိ

**မော်လမြိုင် ဇန်နဝါရီ ၃**

မွန်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် ဆိုင်ကယ်များကို ဘေးတွဲများတပ်ဆင်၍ ခရီးသည်များ တင်ဆောင်ခြင်း၊ ကုန်ပစ္စည်းများ သယ်ဆောင်ခြင်းကြောင့် ယာဉ်အန္တရာယ်များ မကြာခဏ ဖြစ်ပေါ်လျက်ရှိရာ ပြည်နယ်ယာဉ်လုပ်ငန်းထိန်းသိမ်းကြီးကြပ်ရေးကော်မတီက ဇန်နဝါရီ ၁ ရက်မှ ၁၄ ရက်အထိ နှစ်ပတ်ကြာကာလကို ပညာပေးကာလအဖြစ် သတ်မှတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

ပညာပေးကာလပြီးဆုံး၍ ဇန်နဝါရီ ၁၅ ရက်နေ့မှစတင်ကာ ဆိုင်ကယ်ဘေးတွဲယာဉ်များကို ပြည်ထောင်စုလမ်းမကြီးပေါ်သို့ တက်ရောက်မောင်းနှင်ခြင်း မပြုစေရန်နှင့် တက်ရောက်မောင်းနှင်ပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ကြောင်းနှင့် ဆိုင်ကယ်ဘေးတွဲထုတ်လုပ်သူများကို တည်ဆဲဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

**ဝန်းကျင်သန့်ရှင်းသာယာရေး၊ အလေ့အကျင့်ကောင်းများ မွေးမြူပေး။**

**ထင်သာမြင်သာပြုပြင်စရာ**

# မူလတန်းကျောင်းအနီးရှိ ကားဝပ်ရှော့နှင့် ကားဂိတ်များ ဖယ်ရှားပေးစေလို

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့လယ်ကောင်တွင် တည်ရှိနေသော မြို့မမူလတန်းကျောင်းအနီးရှိကားဝပ်ရှော့နှင့် ကားဂိတ်များ ရှိနေခြင်းကြောင့် မူလတန်းအရွယ်ကျောင်းသား ကျောင်းသူများအတွက် ယာဉ်အန္တရာယ်စိုးရိမ်ရကြောင်း သိရသည်။

အဆိုပါ မူလတန်းကျောင်းအနီးတွင် ကားဂိတ်တည်ရှိနေပြီး ယင်းနှင့်မျက်နှာချင်းဆိုင်နေရာတွင် ကားဝပ်ရှော့ရှိနေရာ ဝပ်ရှော့သို့လာပြင်သော ကားများနှင့် ဂိတ်၌ရပ်ထားသောကားများ ပုံမှန်သွားလာနေကျကားများဖြင့် လမ်းအနေအထား ကျဉ်းမြောင်းသွားပြီး ကျောင်းသွား ကျောင်းလာ၊ ယာဉ်သွားယာဉ်လာများ အခက်တွေ့နေကြောင်း သိရသည်။

အဆိုပါ ကျောင်းရှေ့လမ်းသည် ရွှေဘို - မြစ်ကြီးနားသွား အဝေးပြေးလမ်းဖြစ်နေသဖြင့် ခရီးသည်တင်မှန်လုံယာဉ်များ၊ ဆီသယ်ယာဉ်များနှင့် ကုန်တင်ယာဉ်များသည် ပွင့်လင်းရာသီတွင် တစ်ရက်လျှင် နေ့၊ ည ယာဉ်စီးရေ ၂၀၀ ခန့် ဖြတ်သန်းလျက်ရှိရာ ကျောင်းဆင်း ကျောင်းတက် ကလေးသူငယ်များအတွက် အန္တရာယ်ကြီးလှကြောင်း သိရသည်။



"ကျွန်တော်ရဲ့ကလေးဆို နှစ်ခါရှိပြီ ယာဉ်တိုက်မှုဖြစ်တော့မလို့"ဟု အောင်မေတ္တာရပ်ကွက်မှ ကျောင်းသားမိဘတစ်ဦးက ပြောပြသိရှိရသည်။

သို့ဖြစ်ပါ၍ အင်းတော်မြို့ရှိ မြို့မမူလတန်းကျောင်းအနီး၌ တည်ရှိနေသော ကားဂိတ်များနှင့် ကားဝပ်ရှော့များကို သက်ဆိုင်ရာတို့မှ လိုအပ်သလို ဆောင်ရွက်ပေးပါရန် ကျောင်းသား ကျောင်းသမိဘများ၏ ပြောကြားချက် အရ သိရသည်။ **လူအောင်(ကသာ)**

# မြို့ပြလမ်းမကြီးနှင့်ကျေးရွာသို့ ဆက်သွယ်သွားလာနိုင်သော ကတ္တရာလမ်းနှစ်လမ်းဖွင့်

**ဘားအံ ဇန်နဝါရီ ၃**

(၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ် ဘားအံမြို့နယ်နှင့် လှိုင်းဘွဲမြို့နယ်သွားလမ်းမကြီးမှတစ်ဆင့် မြို့ပြလမ်းမ ကြီးနှင့်ကျေးရွာသို့ ဆက်သွယ်သွားလာနိုင်သော ဘားအံစက်မှုဇုန်-စံဖရီးကျေးရွာ သွားကတ္တရာလမ်းနှင့် ထီလုံကျေးရွာ-သပုထိုကျေးရွာသွား ကတ္တရာလမ်းများပြီးစီးသွားသောကြောင့် ဇန်နဝါရီ ၂ ရက်က လမ်းဖွင့်ပွဲကျင်းပခဲ့သည်။

ရှေးဦးစွာ ဘားအံမြို့နယ်နှင့် လှိုင်းဘွဲမြို့နယ်သွားလမ်းမကြီးပေါ်ရှိ ဘားအံစက်မှုဇုန်မှ စံဖရီးကျေးရွာသွား ကတ္တရာလမ်းအား ပြည်နယ်ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု ကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူး ဆရာတော် ဦးဥတ္တမ၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးတို့က လည်းကောင်း၊ ဘားအံမြို့နယ်နှင့် လှိုင်းဘွဲမြို့နယ်သွားလမ်းမကြီးပေါ်ရှိ ထီလုံကျေးရွာမှသပုထိုကျေးရွာသွားကတ္တရာလမ်းအား ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးနှင့် ပြည်နယ်ပအိုဝ်း တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခွန်မျိုးတင့်တို့က လည်းကောင်း ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။



အဆိုပါ စက်မှုဇုန်-စံဖရီးကျေးရွာသွား ကတ္တရာလမ်းနှင့် ထီလုံကျေးရွာ-သပုထိုကျေးရွာသွားကတ္တရာလမ်း နှစ်လမ်းလုံးအနေဖြင့် ယခင်မြေသားလမ်းသာဖြစ်ပြီး မိုးရာသီတွင် ရွှံ့ဗွက်များနှင့် နွေနှင့်ဆောင်းရာသီများတွင် ဖုန်လမ်းများအဆင့်သာရှိပြီး ယခုအခါကတ္တရာလမ်းအဖြစ် ပြီးစီးသွားပြီဖြစ်သည်။ ဘားအံစက်မှုဇုန်မှတစ်ဆင့် စံဖရီးကျေးရွာသို့ သွားလာနိုင်မည့် လမ်းအရှည် တစ်မိုင်၊ အကျယ် ၁၂ ပေရှိ ကတ္တရာလမ်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးခွင့်ပြုရန်ပုံငွေ ၁၀၀ ဒသမ ၆၆ သန်းဖြင့် ဝေပုံမြဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူတည်ဆောက်ခြင်းဖြစ်ပြီး စံဖရီးကျေးရွာမှ လှိုင်းထောင်ရွာ၊ပါရာရွာ၊ တံတားဦးရွာ၊ နောင်ပလိန်ရွာ၊ နောင်ဖလဲရွာ၊ နောင်သင့်ရွာ၊ နောင်သရရွာ၊ နောင်တူးနီးရွာ၊ ဗျက္ခရွာတို့ကို ဆက်လက်သွားလာနိုင်ကြောင်း ထီလုံကျေးရွာမှ တစ်ဆင့်သပုထိုကျေးရွာသွားမည့်လမ်းအရှည် ၁ မိုင်၊ အကျယ် ၁၂ ပေရှိကတ္တရာလမ်းအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၀၀ ဒသမ ၆၆ သန်းဖြင့် မြင့်မြတ်သံလွင်ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူတည်ဆောက်ခြင်းဖြစ်ပြီး ထီလုံကျေးရွာ-သပုထိုကျေးရွာထိုမှတစ်ဆင့်ကုန်းလေး ကျေးရွာများသို့ ဆက်သွယ်သွားလာမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ဘားအံ)**

# ကွန်ကရစ်လမ်းသစ်နှင့် ရေစင်ဖွင့်ပွဲ မောင်မယ်ရှောင်ရွာ၌ ကျင်းပ

**ထားဝယ် ဇန်နဝါရီ ၃**

မြန်မာနိုင်ငံနှင့်ကိုရီးယားနိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (KOICA) ၏ ကူညီထောက်ပံ့မှုဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် မောင်မယ်ရှောင်၊ ဇဟာနှင့်ကနိုင်းဒါး ကျေးရွာအုပ်စုသုံးခု၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မောင်မယ်ရှောင်ကျေးရွာ ကျေးရွာလူနေမှု ပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းမှ ကွန်ကရစ်လမ်းဖောက်လုပ်ခြင်းနှင့် ရေစင်နှင့်အဝီစိတွင်း ဖွင့်ပွဲ အခမ်းအနားကို ထားဝယ်မြို့နယ် မောင်မယ်ရှောင်ကျေးရွာ လမ်းသစ်မုခ်ဦး၌ ဒီဇင်ဘာ ၃၁ ရက် နံနက်က ကျင်းပရာ တိုင်းဒေသကြီးစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဦးမြင့်စန်း၊ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်ငြိမ်း၊ ခရိုင်ဦးစီးမှူး ဦးကျော်လှနှင့် KOICA မှ ကိုယ်စားလှယ် YOON JUNSU တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါလမ်းသည် အလျား ၇၅ ပေ၊ အကျယ် ၁၀ ပေ၊ ထုရှစ်လက်မရှိပြီး ကုန်ကျငွေကျပ်သိန်း ၁၃၀ ခန့်ဖြစ်၍ ရေစင်နှင့် အဝီစိတွင်းမှာ (၁၅ ×၁၅×၅) ပေရှိပြီး ဂါလန် ၆၀၀၀ ဆံ့ကာ ကုန်ကျငွေကျပ် ၁၁၂ သိန်းဖြစ်ကြောင်း သိရသည်။

**ဖိုးရွှေသွန်း(ထားဝယ်)**

# ကြံအဝယ်ဒိုင်မှူးများ တစ်တန်လျှင် ကျပ် ၁၀၀၀ နှုန်းရ အုတ်တွင်းသကြားစက်သို့ ရောင်းချမှုပိုမိုများလာ

**ရေတာရှည် ဇန်နဝါရီ ၃**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း ကြံစိုက်ပျိုးသည့်တောင်သူများသည် ယခုနှစ် ကြံရာသီ၌ ပြည်ပသကြားဈေးကွက် ဝယ်လိုအားကောင်းမွန်မှုကြောင့် ကြံတစ်တန်လျှင် ငွေကျပ် ၅၅၀၀၀ အထိဝယ်ယူခဲ့ရာ ကြံတောင်သူများ အဆင်ပြေလျက်ရှိသည်ကိုတွေ့ရသည်။ ထိုသို့ ကြံရောင်းဝယ်ရာတွင် တောင်သူများအနေဖြင့် ကားခ၊ အလုပ်သမားခများအပြင် ကြံအဝယ်ဒိုင်မှူး အချို့ကို တစ်တန်လျှင် တစ်ထောင်ကျပ်နှုန်းပေးနေရမှုကြောင့် ရေတာရှည်အမှတ်(၆)သကြားစက်ရုံသို့ ရောင်းချသူနည်းပါးသွားခဲ့ပြီး အုတ်တွင်းမြို့နယ်သကြားစက်သို့သွားရောက်ရောင်းချသူ ပိုမိုများပြားလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“ကြံဈေးကောင်းလို့တောင်သူတွေ အသက်ရှူချောင် မယ်ရှိသေးတယ်။ အကျင့်ပျက်ဝန်ထမ်းတွေကြောင့် တောင်သူတွေနစ်နာသလို စက်ရုံလည်းနစ်နာတယ်။ ထိထိရောက်ရောက်ကွင်းဆင်းပြီး စစ်ဆေးအရေးယူဆောင်ရွက်သင့်ပါတယ်”ဟု ဆက်လက်ပြောပြသည်။ ရေတာရှည်မြို့အရှေ့ဘက် ဝါးရုံတောကျေးရွာအုပ်စု မျက်နှာပြင်ကျေးရွာမှ တောင်သူများနေဖြင့် ကြံရောင်းချရာတွင် တစ်တန်လျှင် တစ်ထောင်နှုန်းပေးနေရမှုကို တောင်သူအတော်များများက ကျေနပ်ခြင်းမရှိကြောင်း ဒေသခံတောင်သူများနှင့် တွေ့ဆုံစဉ်ပြောကြားသည်။

“ကြံတစ်တန်ကို ငွေကျပ် ၅၅၀၀၀ ရတယ်။ ကားခ ငွေကျပ် ၅၅၀၀၊ အတင်အချ အလုပ်သမားခက ငွေကျပ် ၂၀၀၀၊ ကြံဒိုင်မှူးကို တစ်ထောင် စုစုပေါင်းငွေကျပ် ၈၅၀၀ တောင်သူတွေက ပေးရတယ်။ ကြံကားတစ်စီးကို ၁၃ တန်ကျော်ပါတယ်။ တစ်ရက်ကို အစီး ရေ ၂၀ ကျော် ထွက်တော့ ကြံအဝယ်ဒိုင်မှူးက ငွေကျပ် နှစ်သိန်း အထက်ဝင်ငွေရနေပါတယ် ”ဟု မျက်နှာပြင်ကျေးရွာမှ ကြံစိုက်တောင်သူများက ပြောသည်။

**ကိုလွင်(ဆွာ)**



(၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ပန်းချီ၊ ပန်းပု၊ ကာတွန်းပြပွဲနှင့် ပန်းချီပြိုင်ပွဲကို တောင်ငူမြို့(မိုင်ဒါကွင်း) ခရိုင်အားကစားကွင်း မုခ်ဦးတွင် ဇန်နဝါရီ ၂ ရက် နံနက်က ကျင်းပရာ ပန်းချီပြိုင်ပွဲသို့ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းသားကျောင်းသူ စုစုပေါင်း ၂၃ ဦး ပါဝင်ယှဉ်ပြိုင်ကြစဉ် မောင်ရွှေဝင်း(ပြည်)

# နှစ်သစ်စုပေါင်းပန်းချီပြပွဲ ဖွင့်

**မန္တလေး ဇန်နဝါရီ ၃**

၂၀၁၇ ခုနှစ်နှစ်သစ်တွင် ပန်းချီဆရာ ခုနစ်ဦး၏ စုပေါင်းပန်းချီပြပွဲ (Group Show) ကို ဇန်နဝါရီ ၁ ရက်နံနက် ၉ နာရီက မန္တလေးတောင်ခြေပန်းချီပြခန်း (Mandalay Hill Art Gallery) တွင် စည်ကားစွာ ကျင်းပခဲ့သည်။

ပြပွဲတွင် ဆရာညောင် ဦးသန်းဌေး၊ ဒေါက်တာဇော်ထွန်းလင်း၊ ဦးအောင် (စစ်ငြိမ်းပန်း)၊ ခင်အောင်ဝင်း၊ ဆွေနိုင်စစ်၊ စမုံဦး (Art & Design)၊ မိုးဦး (Practice Art) တို့၏ ပန်းချီကားပေါင်း ၁၅၀၊ ရေဆေး၊ ဆီဆေး၊ ခရိုက်လစ်များ ပါဝင်ပြသရာ ကြည့်ရှုဝယ်ယူသူများနှင့် စည်ကားလျက်ရှိသည်။ စတင်ဖွင့်သည့် ဖွင့်ပွဲနေ့တွင် ပန်းချီကား ၇၄ ကား ရောင်းချရသည်ဟု ပန်းချီမိုးဦးက ပြောသည်။

ပန်းချီပြပွဲကို ဇန်နဝါရီ ၁ ရက်မှ ၅ ရက်နေ့အထိနေ့စဉ်နံနက် ၉ နာရီမှ ည ၉ နာရီအထိ ပြသထားမည်ဖြစ်ပြီး မည်သူမဆို လာရောက်ကြည့်ရှုနိုင်ရန် ဖိတ်ခေါ်ထားသည်ဟု သိရသည်။

ပြသထားသည့် ပန်းချီဆရာများထဲတွင် စာရေးဆရာ၊ ကျူရှင်ဆရာ၊ ဆရာဝန် ပန်းချီဆရာများ အလှူခံပါဝင်၍ အထူးစိတ်ဝင်စားလျက်ရှိသည်ကို သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

မြန်မာကျော်ရင်းနှီးမြှုပ်နှံမှုအဖွဲ့ကုမ္ပဏီလီမိတက် (ရုံးချုပ်)

အဆင့်မြင့်ဖွံ့ဖြိုးတိုးတက်ရေးဈေးကွက်

(Marketing Director & Consultant) များအလိုရှိသည်။

တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရ (သို့) Ph.D ဘွဲ့ရအောင်မြင်ပြီးသူဖြစ်ရမည်။ ရှေ့နေ၊ အင်ဂျင်နီယာ၊ ဆရာဝန်၊ တက္ကသိုလ်မှ ကျောင်းဆရာ၊ ဆရာမများ၊ (ဂျာနယ်၊ ဝတ္ထု၊ ဆောင်းပါး)များ၏ အယ်ဒီတာများ၊ သတင်းမီဒီယာ (သတင်းထောက်များ)၊ စီးပွားရေးပညာရှင်များကို ဦးစားပေးမည်။ လုပ်ငန်းလုပ်ရာတွင် သွက်လက်ချက်ချာမှုရှိရမည်။ ဈေးကွက်ကို ချဲ့ထွင်ထိုးဖောက်နိုင်စွမ်းရှိရမည်၊ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေစွာနေထိုင်တတ်ပြီး ဆက်ဆံရေးအထူးကောင်းမွန်သူ၊ အသိုင်းအဝိုင်းကျယ်ပြန့်စွာရှိသူ ဖြစ်ရမည်။ လက်ရှိမြန်မာနိုင်ငံမှာဖြစ်ခဲ့သော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများကို နားလည်သူဖြစ်ရမည်။ လူထုဈေးကွက်အကြောင်း သိရှိရမည်။ အဖွဲ့အစည်းများကို ကိုယ်တိုင်ဖွဲ့စည်းတည်ဆောက်တတ်ရမည်။ ဈေးကွက်စည်းရုံးရေးနှင့် ထိုးဖောက်ရေးကို အမိကအောင်မြင်စွာ စွမ်းဆောင်နိုင်စွမ်းရှိသူဖြစ်ရမည်။ ပြည်နယ်၊ တိုင်းဒေသရှိ စိတ်ပါဝင်စားသူများလည်း လျှောက်ထားနိုင်ပါသည်။ မိမိနေရာမိမိဒေသတို့တွင် တာဝန်ထမ်းဆောင်နိုင်ပါသည်။ ရန်ကုန်တွင် ရုံးတက်စရာမလိုပါ။

လစဉ်ဝင်ငွေ (အခြေခံလစာ+Bonus) (၆၀၀၀၀၀ မှ ၃၀၀၀၀၀၀) အထိ ကြိုးစားမှုအပေါ်မူတည်၍ ရရှိမည်။

စိတ်ပါဝင်စားသူများသည် CV Form (၁) စုံ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ပညာအရည်အချင်းအထောက်အထားမိတ္တူနှင့် အိမ်ထောင်စုစာရင်းမိတ္တူ၊ (၃) လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့စ်ဆိုဒ်ဓာတ်ပုံ (၂) ပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူတို့နှင့်အတူ ကြော်ငြာပါသည့်နေ့မှစ၍ အောက်ပါလိပ်စာအတိုင်း လာရောက်လျှောက်ထားနိုင်ပါသည်။

အမှတ် (၃၈)၊ အောက်ဗဟိုလမ်းနှင့် မာလာမြိုင်

(၇) လမ်းထောင့်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉-၇၃၂၃၁၀၄၃၊ ၀၉-၂၅၀၇၇၄၉၀၈၊ ၀၉-၇၉၉၉၄၁၃၂၁။



# လှိုင်မြို့နယ်ရှိအဆင့်မြင့်ကွန်ဒို

AFTER KEY
လစဉ် 11 သိန်း
လ 100
ပေးပြီး ကွန်ဒိုဝယ်နိုင်ပြီ

10 ခန်းသာ
ရောင်းမည်

APRIL-2017
အခန်းအပ်

7,8,JAN-2017
(၃)၊မဟာဆွေလမ်း၊
လှိုင်တွင်ရောင်းချပါမည်။

DEVELOPED BY
i GREEN


telenor
ပျော်ပျော်ရွှင်ရွှင်အတူဆင်နွှဲ
လွတ်လပ်ရေးအောင်ပွဲ
၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်နေ့တွင်ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏
(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို
တယ်လီနော‌မြန်မာမှ မြန်မာနိုင်ငံသူနိုင်ငံသားအားလုံးနှင့်အတူ
ဝမ်းမြောက်ကြည်နူးစွာ ဂုဏ်ပြုကြိုဆိုလိုက်ပါတယ်။

## ဝမ်းနည်းကြေကွဲခြင်း
## ဦးဝမ်ကြည် အသက်(၇၂)နှစ်
**ညွှန်ကြားရေးမှူး(ငြိမ်း)၊ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အမှတ် ၂၅၊ အာသာဝတီလမ်းနေ ဒေါ်နုနုယဉ်၏ခင်ပွန်း ဦးဝမ်ကြည် [ညွှန်ကြားရေးမှူး(ငြိမ်း)၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန]သည် ၂-၁-၂၀၁၇ရက် နံနက် ၁၀း၃၀နာရီတွင် ဗဟိုရဲစည်ဆေးရုံ၌ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးမော်သာထွေး၊ ဒုတိယဝန်ကြီး(ငြိမ်း)နှင့်ဇနီး**
**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးဝမ်ကြည် အသက်(၇၂)နှစ်
**ညွှန်ကြားရေးမှူး(ငြိမ်း)၊ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အမှတ် ၂၅၊ အာသာဝတီလမ်းနေ ဒေါ်နုနုယဉ်၏ခင်ပွန်း ဦးဝမ်ကြည် [ညွှန်ကြားရေးမှူး(ငြိမ်း)၊ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန]သည် ၂-၁-၂၀၁၇ရက် နံနက် ၁၀း၃၀နာရီတွင် ဗဟိုရဲစည်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်းအမှုထမ်းများ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်ထားမေ
**ပါမောက္ခဌာနမှူး(ငြိမ်း)၊ မြန်မာစာဌာန၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်**
**ပုသိမ်တက္ကသိုလ်ကန်တော့ခံဆရာမကြီး**
**အသက်(၇၁)နှစ်**

ပုသိမ်တက္ကသိုလ်၊ မြန်မာစာမိသားစု၏ ကန်တော့ခံဆရာမကြီး ဒေါ်ခင်ထားမေ အသက်(၇၁)နှစ်သည် ၂၉-၁၂-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၃နာရီတွင် မမျှော်လင့်ဘဲ ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာစာမိသားစု၊ ပုသိမ်တက္ကသိုလ်**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးမြထွန်း အသက်(၆၇)နှစ်
**မြို့နယ်တရားသူကြီးဥက္ကဋ္ဌ(ငြိမ်း)၊ မြို့နယ်သမဝါယမဦးစီးအရာရှိ(ငြိမ်း)**

ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်၊ ပုတီးကုန်းမြို့၊ ကြခတ္တန်းရွာနေ ဦးမောင်ပု-ဒေါ်မြရင်တို့၏သား၊ ဦးဝမ်းမောင်-ဒေါ်လုခင်တို့၏မောင်၊ ဦးစိန်သောင်း-ဒေါ်ခင်လှမြင့်တို့၏ညီ၊ ဦးစိုးမြင့်-ဒေါ်ခင်သန်းဝေတို့၏အစ်ကို၊ ပုတီးကုန်းမြို့၊ မြို့မ ၅လမ်း၊ မြောက်ပိုင်းကျောင်းစုရပ်နေ မူလတန်းပြဆရာမ [ဒေါ်သန်းသန်းဌေး(ခ)ဒေါ်မီးမီး]၏ခင်ပွန်း၊ ရွှေပြည်သာမြို့နယ်၊ ပြည်သူ့ဆေးရုံဝန်ထမ်းအိမ်ရာနေ ဦးသိုက်ထွန်းဇော်(ခ)ဗိုလ်မှူးကောင်းထက်(ငြိမ်း)-ဒေါ်ခင်ဇာနည်တင်သိန်း (အထက်တန်းသူနာပြု)တို့၏ဖခင်၊ မနေခြည်လင်းသန့်(ခ) Pinky Ko ၏အဘိုးသည် ၂-၁-၂၀၁၇ရက်(တနင်္လာနေ့)မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ကျူချောင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၈-၁-၂၀၁၇ရက်(တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သန်းသန်းလှ
**အသက်(၅၃)နှစ်**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးသိန်း၏ဇနီး ဒေါ်သန်းသန်းလှ အသက်(၅၃)နှစ်သည် ၃၀-၁၂-၂၀၁၆ရက်(သောကြာနေ့) နံနက် ၀၀း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယအမြဲတမ်းအတွင်းဝန် ဦးလှထွန်းနှင့် ဇနီး ဒေါ်နီလာညွန့်**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## ဦးတင်ထွေး (စာရေးဆရာ-မောင်တွေးထက်)
**ဦးစီးအရာရှိ၊ ပြည်သူ့လွှတ်တော်ရုံး**
**ဥက္ကဋ္ဌ၊ နေပြည်တော် မှူခင်းသတင်းထောက်များအသင်း**
**နေပြည်တော်စာပေဝိုင်းဦးဆောင်သူ**
**အသက်(၄၉)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စည်ပင်အိမ်ရာဝင်း၊ တိုက် (B)၊ အခန်း ၁၀၂နေ (ဦးချစ်-ဒေါ်သိန်းကြည်)တို့၏သား၊ ဒေါ်ခင်မိုမိုလွင်(ရန်ကုန်မြို့တော်စည်ပင်၊ စီမံဌာန)၏ချစ်လှစွာသောခင်ပွန်း၊ မယုယဟန်ထွေး(ဒုတိယနှစ်၊ နိုင်ငံတကာဆက်ဆံရေးပညာ၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ မောင်ဝေယံကောင်းထက်(စတုတ္ထတန်း-A၊ အထက-၆၊ ဗိုလ်တထောင်)တို့၏ဖခင်၊ နေပြည်တော် လွှတ်တော်အိမ်ရာဝင်း၊ တိုက် ၂၃၂၊ အခန်း ၂၅နေ ဦးတင်ထွေးသည် ၃-၁-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းလွဲ ၁း၄၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၇ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁နာရီတွင် နေပြည်တော်(ခုတင်-၁၀၀၀)ဆေးရုံကြီးမှ ကျေ့ကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးတင်ထွေး အသက်(၄၉)နှစ်
**ဦးစီးအရာရှိ၊ ပြည်သူ့လွှတ်တော်ရုံး**

လွှတ်တော်ဝင်း၊ တိုက်အမှတ် ၂၃၂နေ ဒေါ်ခင်မိုမိုလွင်(ရန်ကုန်မြို့တော်စည်ပင်၊ စီမံဌာန)၏ချစ်လှစွာသောခင်ပွန်း၊ မယုယဟန်ထွေး(ဒုတိယနှစ်၊ နိုင်ငံတကာဆက်ဆံရေးပညာ၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ မောင်ဝေယံကောင်းထက်(စတုတ္ထတန်း-A၊ အထက-၆၊ ဗိုလ်တထောင်)တို့၏ ချစ်လှစွာသောဖခင် ဦးတင်ထွေးသည် ၃-၁-၂၀၁၇ရက်(အင်္ဂါနေ့) မွန်းလွဲ ၁း၄၇နာရီတွင် နေပြည်တော်(ခုတင်-၁၀၀၀)ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **ပြည်သူ့လွှတ်တော်ရုံးဝန်ထမ်းမိသားစုများ**

## ခရစ်တော်၌အိပ်ပျော်ခြင်း
## Lia Ning Lian Dim (Pi neu) အသက်(၄၃)နှစ်
**သူနာပြု**

ချင်းပြည်နယ်၊ တီးတိန်မြို့နေ ဦးထန်ဇဆွင်း(လ/ထ မြို့နယ်ပညာရေးမှူး၊ ငြိမ်း) - (ဒေါ်ကျိုန်ခန့်ဝုန်)တို့၏သမီး၊ ဦးထန်မန်ဇကိမ်း (ဦးစီးအရာရှိ၊ မြို့ပြလမ်းအင်ဂျင်နီယာ၊ ဟားခါးမြို့)-ဒေါ်မန်းလမ်နွမ်းတို့၏ညီမ၊ မောင်ဂင်ပြန်ခိုင် (USA)၊ ဒေါ်ဇမ်းနမ်းကျိုန်-(ဦးဂင်ထွန်းမန်)၊ တွန်းဇံမြို့နေ (မောင်ပေါင်လမ်ဆွင်း)၊ ဦးထန်ခန့်မွမ်း-ဒေါ်ကျင်ပီး(USA)၊ ဒေါ်နွမ်းစင်းလွန်း-ဦးခိုင်မွမ်းလျမ်းတို့၏အစ်မ၊ မြမင်္ဂလာလမ်း၊ တိုက် ၂၁၊ အမှတ် ၀၀၂၊ မြေညီထပ်၊ ဒဂုံဆိပ်ကမ်း၊ ယုဇနဥယျာဉ်မြို့တော်နေ Lia Ning Lian Dim (Pi neu)သည် ၃-၁-၂၀၁၇ရက် နံနက် ၅နာရီတွင် မင်္ဂလာဒုံဆေးရုံကြီး၌ ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၅-၁-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် TBCY အသင်းတော်၌ဝတ်ပြုဆုတောင်းပြီး ရေဝေးကိုဏ်းပေါင်းစုံသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (ဓမ္မနွေလဘုရားကျောင်း TBCY၊ ယုဇနဥယျာဉ်မြို့တော် ပိတောက်လမ်းတို့မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြင့်မြင့်ချစ် (ဘိုကလေးမြို့)
**အသက်(၈၉)နှစ်**

ဘိုကလေးမြို့၊ ဘုရားကြီးလမ်းနေ ကဝိစက္ကူစာပုံနှိပ်တိုက် (ဦးချစ်-ဒေါ်ကြည်ကြည်)တို့၏သမီး၊ (ဦးဘထွန်း-ဒေါ်သန်းသန်း)တို့၏သမီးချွေးမ၊ အလုံမြို့နယ်၊ ၄၀လမ်း၊ အမှတ် ၅၀(မြေညီထပ်)နေ [ဦးအုန်းကြည်(BA, BCS ရုံးအဖွဲ့မှူး၊ တိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)]၏ဇနီး၊ ဦးဇော်လင်းဦး(MD, MOSL Lumber Products Co.,Ltd.)-ဒေါ်သူဇာချယ်(MD, မိုးမြချယ် Co., Ltd.)၊ ဒေါ်ခင်မူယာ(AGD Bank လမ်းမတော်ဘဏ်ခွဲ)၊ ဒေါ်ခင်သူဇာ(Super Coffeemix)၊ ဦးမောင်နု(Project Engineer, Johnson Control(s)Co., Ltd.)-ဒေါ်ခင်မီမီအေး (Xpace Pte.Ltd.-Singapore)တို့၏မိခင်၊ မောင်သီဟလင်း (Singapore Marine Academy)၏ အဘွားသည် ၃-၁-၂၀၁၇ရက် (အင်္ဂါနေ့)နံနက် ၃း၃၅နာရီတွင် ကွယ်လွန်သွားပါ၍ ၅-၁-၂၀၁၇ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သိန်းတင် (ရေလဲကလေး)
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ ပါရမီ၊ မဥ္ဇူလမ်း၊ အမှတ် (၂၀/N)နေ (ဦးမောင်-ဒေါ်ချော)တို့၏သမီး၊ (ဦးဘကွန့်-ဒေါ်သေးတင်)တို့၏သမီးချွေးမ၊ ဦးသိန်းဟန် (ဒု/ညွှန်မှူး-ငြိမ်း၊ သာသနာရေးဦးစီးဌာန)၏ဇနီး၊ ဦးမောင်ပိုက် - ဒေါ်အေးအေးမြင့် (အလက-၃၊ တာမွေ)၊ ဦးကျော်မြင့် (TEMPERANCE TRADING C O.,LTD)-ဒေါ်နှင်းနှင်းခိုင်၊ ဦးတိုးလွင် (M.T.M SHIP MANAGEMENT PTE.,LTD) ဒေါ်ကေသီခိုင်၊ ဒေါက်တာဦးမျိုးဇော်သိန်း-ဒေါ်မီမီနွယ်(USA)တို့၏မိခင်၊ မောင်လွင်ကိုဦး၊ မောင်ဟန်ထူးဇော်၊ မောင်ထက်အောင်လှိုင်၊မဂျူးစန္ဒီ၊မောင်ဟန်ဝင်း(THOMAS)တို့၏အဘွားသည် ၁-၁-၂၀၁၇ရက်(တနင်္ဂနွေနေ့) ညနေ ၅း၄၅နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၇ရက်(ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၁-၂၀၁၇ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်လွတ်လပ်ခင် (မာန်အောင်မြို့)
**အသက်(၆၈)နှစ်**

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့၊ မြို့သစ်ရပ်ကွက်နေ [ဦးလုံးဖြူ (ပါလီမန်အမတ်ဟောင်း)-ဒေါ်အေးထိန်]တို့၏သမီး၊ဦးအောင်ဒိုင်-(ဒေါ်မြင့်မေ)၊ (ဦးအောင်လှိုင်-ဒေါ်ရွှေနု)တို့၏ညီမ၊ ရန်ကုန်မြို့၊ မြောက်ဒဂုံ၊ (၅၀)ရပ်ကွက်၊ ၄၀လမ်း၊ အမှတ် ၆၉၁နေ ဦးထွန်းရင်၏ဇနီး၊ ဦးညီညီနိုင်-ဒေါ်ခင်မာလတ်၊ ဦးထွန်းမင်းလတ်(U.S.A)တို့၏မိခင်၊ မြေးခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၂-၁-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၄း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၁-၂၀၁၇ရက် နံနက် ၈နာရီမှ မွန်းတည့် ၁၂နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## မြိတ်မြို့နယ်အသင်း(ရန်ကုန်)
## ဦးရှန်ချင်
**မြိတ်အသင်းအဝေးရောက်နာယက**
**(ကော့သောင်း)**
**အသင်းဝင်အမှတ်(၂၃၃၁)**
**အသက်(၈၃)နှစ်**

ကော့သောင်းမြို့၊ အဏ္ဏဝါရပ်ကွက်၊ မင်္ဂလာလမ်းနေ ဒေါ်ရီဖန်၏ ခင်ပွန်းသည် ၃၀-၁၂-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ထိုင်းနိုင်ငံ၊ရနောင်းမြို့၊ဝပ်ဒန်းဘုန်းကြီးကျောင်း၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

## ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊စေတီ၊ ဇရပ်၊ ရေတွင်း ဒါယကာကြီး
## ဦးမောင်စောအောင်
**(အမက-အုပ်၊ ငြိမ်း)**
**(ရသေ့တောင်မြို့နယ်အသင်း နာယက၊ ရန်ကုန်)**
**အသက်(၈၀)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အင်းဝလမ်း၊ အမှတ် ၂၂၊ သုံးလွှာ-B နေ (ဦးစောလှဦး-ဒေါ်မစာမ)တို့၏သား၊ (ဦးမောင်ကျော်အေး - ဒေါ်ဦးစောမြ)တို့၏သားသမက်၊ ဒေါ်အေးကျော့ယဉ်၏ခင်ပွန်း၊ ဒေါ်ဦးစောနု၊ (ဒေါ်စောနုအေး)တို့၏မောင်၊ဒေါ်စံနု၊(ဦးကျော်ဝင်း)၊ ဦးကျော်ဇောတို့၏အစ်ကို၊ ဒေါ်သန်းသန်းဦး၊ ဦးစောအေးထွန်း-ဒေါ်ခင်သန်းနွဲ့၊ဦးစောဝင်းထွန်း-ဒေါ်ဇာခြည်လွင်၊ မစောယုမော်(ခေတ္တ-USA)တို့၏ဖခင်၊ဗိုလ်ကြီးဒေါက်တာနိုင်ဝင်း - ဒေါက်တာစိုးမိုးသူဇာ၊ မစိုးမိုးကေသီ (ခေတ္တ-USA)၊ မောင်မျိုးသီဟစိုး M.B.,B.S(3 years)၊မောင်ကောင်းခန့်ကျော်၊ မချောစုလှိုင်၊ မောင်ခိုင်စောမျိုးသွေးတို့၏ အဘိုးရင်၊ မဝင့်ဝါဖူး၏အဖီးရင်သည် ၃-၁-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၉နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၇-၁-၂၀၁၇ရက် (စနေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၉-၁-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြင့်မြင့်ဝင်း
**အသက်(၆၃)နှစ်**

ရန်ကုန်မြို့၊လှိုင်သာယာမြို့နယ်၊ FMI City၊ အေးသာယာလမ်း၊ G-15 နေ (ဦးခင်သန်း - ဒေါ်တင်မေ)တို့၏သမီး၊ (ဦးစံတင် - ဒေါ်အေးမျှင်)တို့၏ချွေးမ၊ ဒေါက်တာဦးစိုးလှိုင် (ဓာတ်မှန်ဆရာဝန်ကြီး၊ ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဒေါက်တာထင်အောင်ကျော်-ဒေါက်တာခင်ပပဝင်း၊ ဒေါ်ကျော့ဝေစိုး-ဦးဇင်အောင်မြင့်၊ ဒေါက်တာနှင်းဝေလှိုင်-ဒေါက်တာထူးအောင်ချို၊ ဒေါ်သင်းနုလှိုင်-ဦးမိုးကျော်စည်တို့၏မိခင်၊ မောင်ကျော်ဇင်လင်း၊ မမေဖြူဖြူခင်တို့၏အဘွားသည် ၂-၁-၂၀၁၇ရက် ည ၇း၃၀နာရီတွင်ရန်ကုန်ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၃-၁-၂၀၁၇ရက် နံနက် ၁၁း၃၀နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၈-၁-၂၀၁၇ရက် (တနင်္ဂနွေနေ့)နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဝင်းမောင်
**(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ငြိမ်း)**
**အသက်(၅၈)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊တကောင်း ၈လမ်း၊အမှတ် (၄၅၅/ခ)နေ (ဦးမောင်စိန်-ဒေါ်ခင်ကြည်)တို့၏သား၊ (ဦးကျော်ညွန့်)-ဒေါ်တင်အေးတို့၏သားသမက်၊(ဦးမြင့်သိန်း)၊ ဦးတင်ညွန့်-ဒေါ်မွေးမွေး၊ (ဦးကြည်မြင့်)-ဒေါ်စောမြင့်၊ ဦးရွှေစိန်-ဒေါ်ငွေငွေမြင့်၊ ဦးအေးဝင်း-ဒေါ်စန်းအေးတို့၏ညီ/မောင်၊ ဒေါ်မြင့်မြင့်စန်း၏ခင်ပွန်း၊ မောင်ရှိန်းထက်ကျော်၊ မောင်အောင်မြတ်သူ၊ မရွှန်းလဲ့ဝေတို့၏ဖခင်သည် ၂-၁-၂၀၁၇ရက် (တနင်္လာနေ့) ည ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(အထက်ပါနေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးရွှေအုပ်
**အသက်(၉၅)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သစ္စာအောက်လမ်း၊ အမှတ် ၄၆နေ (ဒေါ်ဘီ)၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးသိန်းအောင်ကျော်) - ဒေါ်လှမြင့်၊ (ဦးကျော်ထွန်း)-ဒေါ်ဝင်းကြည်၊ ဦးမြင့်ဇော်(မြို့တော်စည်ပင်ဘဏ် မန်နေဂျာ)-ဒေါ်မြမြကြည်တို့၏ဖခင်၊ကိုသူရကျော်၊ မထားထားဝင့်၊ မတင်နန္ဒာကျော်၊ ကိုနေလင်းအောင်၊ ကိုဝဏ္ဏကျော်၊ ဗိုလ်ကြီးသတိုးကျော်၊ ကိုထွန်းထွန်းဝင်း (Nice Style Travel & Tours Co.,Ltd)၊ မသစ်သစ်ဆွေ(Smart Co.,Ltd)၊မောင်ဝေဖြိုးဦးတို့၏အဘိုး၊ မအေးချမ်းမြတ်ဖြိုး၊ မမိုးမြင့်သူကျော်၊မသီရိထွန်းတို့၏အဘိုးသည် ၃-၁-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၅နာရီတွင် သစ္စာလမ်း၊ အမှတ် ၄၆) နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၇ရက် မွန်းတည့်၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအား ရည်စူး၍ ၉-၁-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးကျင်
**စစ်မှုထမ်းဟောင်း(ငြိမ်း)**
**လွတ်လပ်ရေးမော်ကွန်းဝင်**
**ဒုတိယဆင့်**
**အသက်(၉၄)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဆိတ်သာတိုက်နယ်၊ခြင်ဘို့အုပ်စု၊ ကျွန်းထိပ်ကျေးရွာနေ(ဦးဘိုးဆင်-ဒေါ်ပန်းရေ)တို့၏သား၊ (ဦးဖိုးအောင်-ဒေါ်ဝွမ်းယုံ)တို့၏သားသမက်၊ (ဒေါ်လှတင်)၏ခင်ပွန်း၊ (ဦးစံမြင့်ဦး-ဒေါ်မြင့်မြင့်ဝင်း)၊(ဦးငွေစိုး-ဒေါ်တင်ဝင်း)၊ ဒေါ်လှလှညွန့်တို့၏ဖခင်၊ ဦးကျော်ဆန်း-သီဟသုမ္မသီရိ ဒေါ်ညွန့်ညွန့်ဝင်းတို့၏ဘကြီး၊(မောင်အောင်ဆွေဦး)၊ မနှင်းငွေဦး၊ မနှင်းငွေစိုး၊ မခင်သစ္စာဦး၊ မောင်ငွေမင်းစိုး-မဇင်မာအောင်တို့၏ အဘိုး၊ မြစ်နှစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၂-၁-၂၀၁၇ရက်(တနင်္လာနေ့)မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ (၁၀)ရပ်ကွက်၊ ယုဇနလမ်း၊ အမှတ် ၂၉ နေအိမ်၌ ကွယ်လွန်သွားပါ၍ ၄-၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍၈-၁-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက်တွင် သုဝဏ္ဏနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အမာနီ
**အထပြ(ငြိမ်း)၊ အထက(၃)ပဲခူး**
**အသက်(၇၆)နှစ်**

ပဲခူးမြို့၊ ညောင်ဝိုင်းတောင်ပိုင်းရပ်ကွက်၊ ၁၄လမ်း၊ အမှတ် ၁၂၃နေ (ဦးစိန်ထွန်း-ဒေါ်ရင်)တို့၏သမီး၊ (ဒေါ်စောမြင့်)၊ (ဒေါ်အုန်းမြင့်)၊ (ဦးအောင်သိန်း-ဒေါ်လှရွှေ)တို့၏ညီမ၊ ဦးအောင်ကို၊ ဒေါ်မြင့်မြင့်စိန်တို့၏အစ်မ၊ ပဲခူးမြို့၊ ညောင်ဝိုင်း ၁၄လမ်းနေ (ဦးသင်း-ဒေါ်သိန်း)တို့၏သမီးချွေးမ၊(ဦးစိုးညွန့်-ဒေါ်တင်နွဲ့)၊ (ဦးကြီးညွန့်)-ဒေါ်နယ်လီ၊ (ဦးကြင်ငွေ-ဒေါ်ခင်မြမြ)၊ (ဒေါ်ခင်လှသင်း)တို့၏ညီမ၊ ဦးတင်ထွဋ်-(ဒေါ်လှအေး)၊ ဦးရဲညွန့်-ဒေါ်ခင်စန်းသင်း၊ ဦးနေထွန်း-ဒေါ်ခင်နှင်းနွယ်တို့၏အစ်မ၊ ဒေါ်မီမီသွယ် (မြန်မာ့စာတိုက်လုပ်ငန်း၊ တိုင်းရုံး)၊ မဇင်မျိုးသန့်(ခ)ပုံ့ပုံ့တို့၏ ချစ်လှစွာသောမိခင်၊ ဦးသိန်းသန်း(တရားလွှတ်တော်ရှေ့နေ)၏ချစ်လှစွာသောဇနီးသည် ၂-၁-၂၀၁၇ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါ၍ ၄-၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ပဲခူးမြို့ ညောင်ဝိုင်းတောင်ပိုင်းရပ်ကွက်၊ ၁၄လမ်း၊ အမှတ် ၁၂၃ နေအိမ်မှ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးတိုးစိန် အသက်(၉၃)နှစ်
**ကြီးပွားရေးစာအုပ်တိုက်၊ ထားဝယ်မြို့**

ထားဝယ်မြို့၊ ဝဲကျွန်းထိန်သစ်ရပ်၊ ရေးလမ်း၊ အမှတ် ၇၈နေ (ဦးဘလှိုင်-ဒေါ်ဆွေ)တို့၏သား၊ (ဦးကြီးလှိုင်-ဒေါ်မြတ်အေး)တို့၏သားသမက်၊ (ဒေါ်လှ)၏ခင်ပွန်း၊ ဦးကြီးဝင်း-ဒေါ်ဖြူဖြူထွန်း(ကြီးပွားရေးသံတန်ဆာတိုက်)၊ ဦးလှဖေဝင်း-(ဒေါ်လှမြင့်)(ကြီးပွားရေးစာအုပ်တိုက်)၊ ဦးကျော်ဝင်း-ဒေါ်မွေး(ရောင်ပြန်ဟိဏ်းကုန်မာတိုက်)၊ ဦးမောင်မောင်ကြီး-ဒေါ်နွဲ့နွဲ့အေး(ရန်ကုန်မြို့)၊ ဦးအောင်မြို့-ဒေါ်သီရိ(မြန်မာ့ကြီးပွားရေးကုန်မာတိုက်)နှင့်(တိုးတက်အောင်ကုန်မာတိုက်)၊ ဒေါ်နွဲ့နွဲ့စန်း၊ ဒေါ်လေးလေးနွဲ့(ကြီးပွားရေးမီနီမတ်ကက်)တို့၏ဖခင်၊ မြေး ၁၆ယောက်၊ မြစ်ခုနစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၃-၁-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁-၂၀၁၇ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ဇဟာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်တင်အုံ(ရေနံချောင်းမြို့) အသက်(၉၃)နှစ်
**ကျောင်းအုပ်ဆရာမကြီး**
**(မော်ကွန်းဝင် တတိယဆင့်)**

ရေနံချောင်းမြို့၊ မြေနီခင်မြောက်ရပ်ကွက်၊ သံကန်ကုန်းရပ်နေ (ဦးငွေဇင်-ဒေါ်သောင်)တို့၏သမီး၊ (ဦးစိန်ညွန့်၊ ကျောင်းအုပ်ဆရာကြီး)၏ဇနီး၊ (ဒေါ်လှရှင်)၏ညီမ၊ (ဦးသိန်း-ဒေါ်ခင်ဂျမ်း)၊ (ဦးကြည်)၊ (ဦးချစ်ဆွေ)-ဒေါ်လှဝင်းတို့၏အစ်မ၊ ဦးမင်းသူ-ဒေါ်မို့မို့ရှိန်၊ ဦးအေးကြိုင်-ဒေါ်ခင်နန်းဝေ၊ ဦးနန်းအောင်-ဒေါ်မြင့်မြင့်ကြည်၊ (ဦးသက်ဝေ)-ဒေါ်မြင့်မြင့်စိန်၊ ဦးထွန်းဌေး-ဒေါ်နော်လားစေး၊ ဦးဌေးနိုင်-ဒေါ်ခင်ဇော်ထွန်း၊ ဦးမင်းညွန့်ဦး-ဒေါ်မင်းသက်မွန်တို့၏မိခင်၊ မြေး ၁၂ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘွားသည် ၃-၁-၂၀၁၇ရက် မွန်းလွဲ ၂း၂၀နာရီတွင် အင်းစိန်မြို့ သီရိစန္ဒာဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၄-၁-၂၀၁၇ရက် နံနက် ၁၁နာရီတွင် သီရိစန္ဒာဆေးရုံအအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း ပစ္စည်းလေးပါးဒါယကာကြီး
## ဦးစောနွယ် အသက်(၈၈)နှစ်
**(လ/ထ ညွှန်မှူး-ငြိမ်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)**
**(မြို့နယ်တရားသူကြီး၊ ငြိမ်း)**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ မိုးဇာရပ်နေ [ဦးဘကြည် (စိန်စာရေးဆရာကြည်)-ဒေါ်ထားရင်]တို့၏သား၊ ပုသိမ်မြို့၊ (၁)ရပ်ကွက်၊ ရွှေဝါထွန်းလမ်းမကြီး၊ အမှတ် ၅နေ(ဒေါ်ခင်မြင့်ကြည်၊ လူထုပညာရေးမှူးဟောင်း)၏ခင်ပွန်း၊ ဒေါက်တာမောင်မောင်လွင်စော(ပါမောက္ခဌာနမှူး၊ မြန်မာစာဌာန၊ တောင်ကြီးတက္ကသိုလ်)-ဒေါ်တင်တင်ထွေး(ကထိက၊ ရူပဗေဒဌာန၊ တောင်ကြီးတက္ကသိုလ်)၊ ဒေါက်တာခင်မျိုးမမစော(တွဲဖက်ပါမောက္ခ၊ ရူပဗေဒဌာန၊ ပုသိမ်တက္ကသိုလ်)၊ ဒေါ်ယဉ်ဝင်းစော(ဦးစီးအရာရှိ၊ ပုသိမ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)၊ ဦးဇေမျိုးဟန်(ကုန်စည်ပို့ဆောင်ရေး)-ဒေါ်ခိုင်ကလျာစော(လ/ထ ညွှန်မှူး၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့)၊ ဒေါ်ဥမ္မာစော(မန်နေဂျာ၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန)တို့၏ဖခင်၊ ဒေါက်တာဝတ်ရည်နန္ဒာမောင်(လ/ထ ဆရာဝန်၊ ပြည်သူ့ဆေးရုံကြီး၊ ပခုက္ကူမြို့)၊ မဝေနှင်းအိန္ဒြာမောင်(BE. IST)တို့၏အဘိုးသည် ၂-၁-၂၀၁၇ရက်(တနင်္လာနေ့)နံနက် ၆း၂၅နာရီတွင် ပုသိမ်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂နာရီတွင် သရောင်းချောင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးစောနွယ် အသက်(၈၈)နှစ်
**လက်ထောက်ညွှန်မှူး (ဧရာဝတီတိုင်းဒေသကြီး**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်တရားသူကြီး၊ ငြိမ်း)**

စစ်ကိုင်းမြို့၊မိုးဇာရပ်ကွက်နေ(ဦးဘကြည်-ဒေါ်ထားရင်)တို့၏သား၊ ပုသိမ်မြို့၊(၁)ရပ်ကွက်၊ရွှေဝါထွန်းလမ်းမကြီး၊အမှတ်၅နေ(ဒေါ်ခင်မြင့်ကြည်)၏ခင်ပွန်း၊ ဒေါက်တာမောင်မောင်လွင်စော(ပါမောက္ခဌာနမှူး၊ မြန်မာစာဌာန၊ တောင်ကြီးတက္ကသိုလ်)-ဒေါ်တင်တင်ထွေး(ကထိက၊ ရူပဗေဒဌာန၊ တောင်ကြီးတက္ကသိုလ်)၊ ဒေါက်တာခင်မျိုးမမစော(တွဲဖက်ပါမောက္ခ၊ရူပဗေဒဌာန၊ပုသိမ်တက္ကသိုလ်)တို့၏ကျေးဇူးရှင်မွေးဖခင်ကြီး၊ ဒေါက်တာဝတ်ရည်နန္ဒာမောင် (လက်ထောက်ဆရာဝန်၊ ပခုက္ကူမြို့ပြည်သူ့ဆေးရုံကြီး၊ မဝေနှင်းအိန္ဒြာမောင်(BE 1st) တို့၏ အဘိုးသည် ၂-၁-၂၀၁၇ရက်(တနင်္လာနေ့)နံနက် ၆း၂၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ လွန်စွာဝမ်းနည်းကြေကွဲရပါကြောင်း။

**မြန်မာစာမိသားစု၊ ပုသိမ်တက္ကသိုလ်**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ပိဋကတ်သုံးပုံ၊ ရေတွင်း၊ ရေကန်၊ မုခ်ဦး၊ ပလ္လင်၊ နတ်လမ်း၊ ကုဋီ ဒါယကာကြီး
## ဦးထွန်းလှိုင် အသက်(၈၅)နှစ်
**လက်ထောက်ဌာနခွဲမှူး(ငြိမ်း)၊ မထသ**

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်နေ (ဦးအောင်ကြီး-ဒေါ်ကျင်ယုံ)တို့၏သား၊ (ဦးမြစ်-ဒေါ်မြ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မိကျောင်းကန်အပိုင်း(၁)ရပ်ကွက်၊ ဝေဇယန္တာလမ်း၊ အမှတ် 2/3 D နေ ဒေါ်ခင်သန်း၏ချစ်လှစွာသောခင်ပွန်း၊ ဦးဝင်းမြင့်-ဒေါ်ကြည်ကြည်ဝင်း၊ ဦးကိုကို-ဒေါ်ဝင်းဝင်းတင်၊ ဒေါ်အေးအေးမာ၊ ဦးခင်မောင်မောင်မြင့်၊ ဦးအောင်ကို-ဒေါ်အေးစန္ဒာဦးတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၂-၁-၂၀၁၇ရက် (တနင်္လာနေ့) ညနေ ၄း၁၀နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၁-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးညွန့်ရီ(ဇလွန်) အသက်(၇၈)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ သီရိမင်္ဂလာဆန်စက်ဝင်းနေ (ဦးအောင်သန်း-ဒေါ်အုံးမြ)တို့၏သား၊ ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်နေ (ဦးကျော်ဇော-ဒေါ်ကျင်မေ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၉လမ်း၊ အမှတ် ၂၁၀၊ ပ/ယာနေ ဒေါ်တင်တင်လှိုင်၏ခင်ပွန်း၊ ဇလွန်မြို့နေ ဒေါ်စန်းရီ၊ ဦးငွေညာဏ်တို့၏အစ်ကို၊ ဦးစန်းယု-ဒေါ်စောယုမေ၊ ဦးအောင်နိုင်ဦး-ဒေါ်ကျင်အေးတို့၏ဖခင်၊ တူ၊ တူမ ၁၃ယောက်တို့၏ဘကြီး၊ မြေး ၁၆ယောက်တို့၏အဘိုးသည် ၃-၁-၂၀၁၇ရက်တွင်ကွယ်လွန်သွားပါ၍ ၅-၁-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(၃၉လမ်းနေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးတင်ထွေး(စာရေးဆရာ မောင်တွေးထက်) အသက်(၄၉)နှစ်
**ဦးစီးအရာရှိ(ပြည်သူ့လွှတ်တော်ရုံး)၊ နေပြည်တော်စာပေဝိုင်းဦးဆောင်သူ**
**ဥက္ကဋ္ဌ၊ နေပြည်တော် မှုခင်းသတင်းထောက်များအသင်း**

ရန်ကုန်မြို့နေ ဒေါ်ခင်မိုမိုလွင်(ရန်ကုန်မြို့တော်စည်ပင်၊ စီမံဌာန)၏ချစ်လှစွာသောခင်ပွန်း၊ မယုယဟန်ထွေး (ဒုတိယနှစ်၊ နိုင်ငံတကာဆက်ဆံရေးပညာ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ မောင်ဝေယံကောင်းထက် (စတုတ္ထတန်း-A၊ အထက-၆၊ ဗိုလ်တထောင်)တို့၏ဖခင် ဦးတင်ထွေးသည် ၃-၁-၂၀၁၇ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**နေပြည်တော်စာပေဝိုင်းတော်သားများ**

# ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေးဗဟိုကော်မတီလုပ်ငန်းညှိနှိုင်းစည်းဝေး



ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့်ဖွံ့ဖြိုးမှုတိုးတက်ရေးအကောင်အထည်ဖော်ရေးဗဟိုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၁၇) ကျင်းပစဉ် (သတင်းစဉ်)

**နေပြည်တော် ဇန်နဝါရီ ၃**

ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့်ဖွံ့ဖြိုးမှုတိုးတက်ရေးအကောင်အထည်ဖော်ရေး ဗဟိုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၁၇)ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေးအကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အဖွင့်အမှာစကား ပြောကြားရာတွင် အစိုးရသစ်လက်ထက် မေလကုန်တွင် ဤဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အရေးကိစ္စသည် များစွာသိမ်မွေ့နက်နဲကျယ်ပြန့်ပြီး အရေးကြီးလှသည့်အတွက် ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း၊ ဒေါက်တာကိုဖီအာနန် ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ကို ယခင်ကတည်းက ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ အောက်တိုဘာ ၉ ရက်တွင် အကြမ်းဖက် တိုက်ခိုက်ခံရမှု ဖြစ်ပေါ်လာခဲ့ပြီးနောက် မောင်တောဒေသအရေးကိစ္စ ရှေ့တန်းရောက်လာခဲ့ကြောင်း၊

စာမျက်နှာ ၄ ကော်လံ ၁ ✻

## ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်း အကြမ်းဖက်တိုက်ခိုက်သူများက အပြစ်မဲ့ပြည်သူများအား ဖမ်းဆီး၊ သတ်ဖြတ်မှု ဖြစ်စဉ်များ ထုတ်ပြန်

**နေပြည်တော် ဇန်နဝါရီ ၃**

ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်း အကြမ်းဖက်တိုက်ခိုက်သူများက အပြစ်မဲ့ ပြည်သူများအား ဖမ်းဆီး၊ သတ်ဖြတ်မှုဖြစ်စဉ်များနှင့်ပတ်သက်၍ နိုင်ငံတော် အတိုင်ပင်ခံရုံးသတင်းထုတ်ပြန်ရေးကော်မတီက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ယင်းထုတ်ပြန်ချက်၌ ဖြစ်စဉ်(၁)မှာ အောက်တိုဘာ ၅ ရက် နံနက် ၁ နာရီတွင် မောင်တောမြို့နယ် ဦးရှည်ကျကျေးရွာနေ မောင်မောင်စိုး(ခ)ရှုနာများအား တစ်ရွာတည်းနေ ကဖားတူလလာ၏ နေအိမ်၌ လည်ပင်းယာဘက်၊ ဝဲ/ယာတင်ပါး၊ ကျောပြင်၊ ယာလက်ဖျံနှင့် ဝဲလက်မောင်းတို့တွင် ပြတ်ရှဒဏ်ရာ ၁၂ ချက်ဖြင့် သေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိခဲ့ရကြောင်း၊ ဖြစ်စဉ်(၂)မှာ အောက်တိုဘာ ၅ ရက်တွင် ဦးရှည်ကျ ကျေးရွာအရှေ့ဘက်ကိုက် ၅၀၀ ခန့်အကွာရှိ လယ်ကွင်းစပ်၌ မာမတ်တာလီအား လည်ပင်း၊ ရင်ဘတ်၊ ဝဲလက်မောင်း၊ ချိုင်းအောက်၊ ဝဲဝမ်းပိုက်၊ နံစောင်း၊ တင်ပါးနှင့် ကျောပြင်တို့တွင် ပြတ်ရှဒဏ်ရာ စုစုပေါင်း ၁၉ ချက်တို့ဖြင့် သေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိရကြောင်း၊ ဖြစ်စဉ်(၃)မှာ အောက်တိုဘာ ၁၄ ရက် မွန်းလွဲ ၁ နာရီခွဲတွင် မောင်တောမြို့နယ် မြို့သူကြီးကျေးရွာ၊ လမ်းဘေးရေမြောင်းအတွင်း လည်ပင်းပြတ်ရှဒဏ်ရာဖြင့် သေဆုံးပုပ်ပွနေသည့် အလောင်းတစ်လောင်း တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ဖြစ်စဉ်(၄)မှာ အောက်တိုဘာ ၁၅ ရက် နံနက် ၁၀ နာရီတွင် မောင်တောမြို့နယ် ကံသာယာ(အထက်မြို့) ရွာနေ ကျေးရွာခန့်ကျောင်းဆရာ ဦးသန်းထွန်းနှင့် တစ်ရွာတည်းနေ ခိုင်သွေးတို့ ၂ ဦးသည် ရွာအနီးတွင် နွားကျောင်းရင်းတောင်ပေါ်၌ ဝါးခုတ်နေစဉ် မလုမ်းမကမ်းရှိ ချောင်းစပ်မှ သေနတ်ဖြင့် ပစ်ခတ်သောကြောင့် ဦးသန်းထွန်း၏ ဝဲဘက်ဆီးခုံအထက် ဝမ်းဗိုက်နှင့် ဝဲဘက်ဒူးတို့တွင် သေနတ်ထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်း၊ ဖြစ်စဉ်(၅)မှာ အောက်တိုဘာ ၂၅ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် မောင်တောမြို့နယ် ခြံပြင်ကျေးရွာနေ မောင်အေးဝင်းပါ ၅ ဦးသည် ခြံပြင်ရွာနှင့် ရေတွင်းကျွန်းရွာကြားရှိ လယ်ကွင်းတွင် နွားကျောင်းနေစဉ် ရေတွင်း

စာမျက်နှာ ၇ ကော်လံ ၁ ◆


သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း စာ » ၅

ဝင့်ကြွားလှုပ်ရှား မြန်မာ့လွတ်လပ်ရေး ပထမဆုံးနေ့ အောင်ပွဲအခမ်းအနား စာ » ၆

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ စာ » ၁၀



